ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 22 May 2020 ၁၀၀၂၀


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် မေ ၂၁

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF)နှင့် ဩစတြီးယားနိုင်ငံ Unicredit Bank တို့ထံမှ ချေးငွေရယူရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။**



အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ကျင်းပခြင်းအားဖြင့် အချိန်၊ လုပ်အားနှင့် ဘဏ္ဍာငွေ ကုန်ကျမှုများ သက်သာမှုရှိနိုင်သည်ဆိုသော်လည်း သီးခြားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် လိုအပ်သည့် အထောက်အကူပစ္စည်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ်သန်းပေါင်း ၁၄၆၄၆ ဒသမ ၃၁၄ သန်း အနည်းဆုံးကုန်ကျခံသုံးစွဲရမည်ဟု တွက်ချက်ရရှိခဲ့ပါကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မဖြစ်မနေဆောင်ရွက်ရန်အတွက် လမ်းညွှန်မည်ဆိုပါက လိုအပ်မည့် ဘဏ္ဍာငွေ ငွေကျပ်သန်းပေါင်း ၁၄၆၄၆ ဒသမ ၃၁၄ သန်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

**အကြံပြု ရှင်းလင်းတင်ပြ**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းကြောင့် နိုင်ငံတော်၏အရေးအရာကိစ္စများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်များ၏ လုပ်ငန်းများအပေါ် ပြောင်းလဲအကျိုးသက်ရောက်မှု များစွာမရှိသောကြောင့်လည်းကောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကုန်ကျမှုအခြေအနေအရ လည်းကောင်း၊ နောင်တွင်ပေါ်ပေါက်လာနိုင်သည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာများနှင့်အတူ ဆန္ဒခံယူပွဲ ပြုလုပ်မည်ဆိုပါက

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ■

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။



ကြေးမုံ

**ယနေ့ ဖတ်စရာ**


အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့သို့ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံနှင့် နှာခေါင်းစည်းများ လာရောက်လှူဒါန်း စာမျက်နှာ » ၅

ကိုဗစ်နှင့် ကိုဗစ်အလွန် အဆင့်မြင့်ပညာကဏ္ဍအတွက် ဘာသာရပ်အသစ်များ (အမှတ်စဉ်-၂) စာမျက်နှာ » ၆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅





# ကြေးမုံ

## တိကျစွာလိုက်နာ ပုံမှန်အတိုင်းလုပ်ဆောင်

ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေဆဲဖြစ်သော ကိုဗစ် - ၁၉ ရောဂါကို ထိန်းချုပ်ထားနိုင်ပြီဟု မည်သည့်နိုင်ငံမျှ အခိုင်အမာအတိအလင်း ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိသေးချေ။ အချို့နိုင်ငံ၌ အချိန်အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခြင်းမှာ ချမှတ်ထားသည့်လမ်းညွှန်ချက်များကို တိတိကျကျလိုက်နာနိုင်သောကြောင့်ဖြစ်ပြီး တစ်စုံတစ်ရာချို့ဖောက်၊ လစ်ဟင်းပေါ့ဆလိုက်သည်နှင့် ကိုဗစ်-၁၉ သည် ပြန်လည်ရောက်ရှိလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

သို့ဆိုလျှင် ကိုဗစ်-၁၉ သည် ပြည်သူများကြားတွင် အတူရှိနေနိုင်သည်မှာ ထင်ရှားပေသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါခတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုများကို လေ့လာကြည့်မည်ဆိုပါက ရောဂါပိုးတွေ့ရှိသူအများစုသည် ပြည်ပမှရောက်ရှိလာသော ရောဂါပိုးရှိသူများ၊ ထိုရောဂါရှိသူလူအများနှင့် ထိတွေ့ခဲ့သူတို့မှတစ်ဆင့် ကူးစက်ခံရခြင်းဖြစ်သည်။ ရောဂါဖြစ်စဉ် ၆၂ ရာခိုင်နှုန်းခန့်သည် ရောဂါလက္ခဏာပြသခြင်းမရှိဘဲ ရောဂါပိုးရှိသည်ကိုတွေ့ရှိရသည့်အတွက် ပြည်သူလူထုအတွင်း ရောဂါပိုးကူးစက်ခံထားရသော်လည်း ရောဂါလက္ခဏာမပြသူများ သို့မဟုတ် သာမန်ရောဂါလက္ခဏာများသာရှိသူများ ရှိနေနိုင်ခြင်းဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မေလ ၁၅ ရက်နေ့က အသိပေးထားသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို လုံးဝမပေါ့ဆရန် လိုအပ်ပါသည်။ အချို့နိုင်ငံများတွင် ရောဂါကူးစက်မှုကျဆင်းလာသဖြင့် ဖြေလျှော့မှုများပြုလုပ်ပြီးနောက် တစ်ကျော့ပြန်ရောဂါကူးစက်မှုများ ပြန်လည်မြင့်မားလာသည်ကို တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ ရေရှည်တွင်မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ရမည့် ပညာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ လူမှုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောလမ်းညွှန်ချက်များကို အတိအကျဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

အဓိကအချက်များမှာ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့ကို ကာကွယ်ထားပြီး အမြဲထိတွေ့မှုရှိသည့် မိမိတို့၏လက်များကို ဆပ်ပြာဖြင့်စင်ကြယ်အောင်ဆေးကြောရမည် ဖြစ်သည်။ လူစုလူဝေးများကို ရှောင်ရှားပြီး တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်မနေထိုင်ရန် လိုအပ်ပါသည်။ မည်သူမဆို ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနိုင်ခြင်းကြောင့် မိမိကိုယ်တိုင်၊ မိမိ၏မိသားစုနှင့် မိတ်ဆွေအသိုင်းအဝိုင်းများ ရောဂါကူးစက်ဖြစ်ပွားခြင်းမရှိစေရန်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများနှင့် လမ်းညွှန်မှုများကို အလေးထား၍ တိကျစွာ ဆက်လက်လိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။

ကိုဗစ်-၁၉ သည် ဗိုင်းရပ်စ်ပိုးအသစ်ကြောင့် ဖြစ်ပွားသောရောဂါအသစ်ဖြစ်၍ ယခုအချိန်အထိ ရောဂါ၏ကူးစက်ပြန့်ပွားမှုပုံသဏ္ဌာန်၊ ပြင်းထန်မှုအတိုင်းအတာ၊ ရောဂါဖြစ်စဉ်သဘောသဘာဝနှင့် ဗိုင်းရပ်စ်ပိုး၏ အပြုအမူ၊ သဘောသဘာဝတို့ကို ရာနှုန်းပြည့်မသိရှိရသေးသည့်အပြင် ထူးခြားသောရောဂါလက္ခဏာအသစ်များကိုလည်း ထပ်မံတွေ့ရှိနေရခြင်းကြောင့် ဆေးပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များနှင့် ပြည်သူ့ကျန်းမာရေးပညာရှင်များက တစိုက်မတ်မတ်လေ့လာနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စတင်တွေ့ရှိခဲ့သည့် မတ်လ ၂၃ ရက်နေ့မှစ၍ ယနေ့အချိန်အထိ ကိုဗစ်-၁၉ လူနာများကို လေ့လာကြည့်မည်ဆိုလျှင် ဖော်ပြပါကူးစက်မှုအခြေအနေနှင့် ရက်သတ္တပတ်များအတွင်း လူနာအသစ်တွေ့ရှိမှု အနည်းငယ်တွေ့ရှိလိုက်၊ ပျောက်သွားလိုက်၊ တိုးလာလိုက်၊ လျော့လာလိုက်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်နေသော်လည်း မဖြစ်မနေဆောင်ရွက်ရမည့်အလုပ်များကို လုပ်ကိုင်ဆောင်ရွက်ရမည်ဆိုပါက ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များကို လူတိုင်းလူတိုင်းလိုက်နာနိုင်မှ ဆက်လက်ဆောင်ရွက်ရန်သင့်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် မိမိတို့နေ့စဉ်လူမှုဘဝ၌ မဖြစ်မနေဆောင်ရွက်ရမည့်အလုပ်များ ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များကို မပျက်မကွက်ဆောင်ရွက်ရမည့် အလေ့အထများအဖြစ်လုပ်ကိုင်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကချင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀ လှူဒါန်း

မြစ်ကြီးနား မေ ၂၁

ကချင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀ ကို မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရရုံး၌ မေ ၁၉ ရက်တွင် လှူဒါန်းခဲ့ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လက်ခံရယူခဲ့သည်။

ကမ္ဘောဇဘဏ်သည် ၂၀၁၆ ခုနှစ်က ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀၀ မတည်လှူဒါန်းခဲ့ပြီး လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သဖြင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၀၀၀၀ ကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် နေပြည်တော် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပြည်သူများကို ပေးဝေလှူဒါန်းရန်အတွက် ရည်ရွယ်၍ ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်များ ကို ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းပေးအပ်ထားကာ စနစ်တကျ ဖြန့်ဝေလှူဒါန်းနေခြင်းဖြစ်ကြောင်း သိရသည်။




ကမ္ဘောဇဘဏ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများအတွက် ငွေကျပ် သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို နေရာအရောက် နေ့စဉ်လှူဒါန်းခြင်းနှင့် National Health Laboratory အတွက် ငွေကျပ် သိန်း ၁၂၅၀ တန်ဖိုးရှိ အမေရိကန်နိုင်ငံထုတ် CAT အမျိုးအစား ၅၀၀ KVA မီးစက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအား လှူဒါန်းခဲ့ပြီး ကိုဗစ်- ၁၉ ကာကွယ်၊ ကုသရေးအတွက် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့် လက်တွဲ၍ ကျပ်သိန်းပေါင်း ၃၅၂၄ သိန်း လှူဒါန်းထားသည်။

ကိုကျော်

## လောက်ကိုင်မြို့ ဟိုဖျင်ကျေးရွာ စောင့်ကြည့်ရေးစခန်းသို့ ကြက်ခြေနီအဖွဲ့ချုပ်မှ လှူဒါန်းသည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

လောက်ကိုင် မေ ၂၁

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ရန်လုံကျိုင်းကျေးရွာအုပ်စု ဟိုဖျင်ကျေးရွာ စောင့်ကြည့်ရေးစခန်းရှိ နေရပ်ပြန်ပြည်သူများ အသုံးပြုနိုင်ရန်အတွက် ကြက်ခြေနီအဖွဲ့ချုပ်မှ လှူဒါန်းသည့် အသုံးအဆောင်ပစ္စည်းများအား ယမန်နေ့က လာရောက် လှူဒါန်းခဲ့ကြသည်။

ယင်းသို့ လှူဒါန်းပေးအပ်ရာတွင် ခရိုင်ကြက်ခြေနီဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ်ကြက်ခြေနီ ဥက္ကဋ္ဌ ဦးစောင်ရွှေမြင့်နှင့် အဖွဲ့ဝင် ၁၁ ဦးတို့သည် ကြက်ခြေနီအဖွဲ့ချုပ်မှ လှူဒါန်းသည့် ပလတ်စတစ်ပိုက်ဖျာ ၁၀၀၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်း ၁၀ မျိုးပါ Dignity Kit အိတ်ငယ် ၂၁ အိတ်တို့အား ဟိုဖျင်ကျေးရွာ စောင့်ကြည့်ရေးစခန်းရှိ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၅၇ ဦး အသုံးပြုရန်အတွက် လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၈၈၃ | ၉,၄၈၉,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၁,၀၇၁ | ၃,၉၅၉,၅၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၆ | ၄၉,၂၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၃ | ၇၁,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆ | ၁၃,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၁

ရန်ကုန်(ရွှေဈေး) ၁၂၁၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ် | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၃၀ ကျပ် | ၅၇၅/၆၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၈၀/၄၂၀ ကျပ် | ၄၄၀/၄၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၁၅/၅၃၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၅၅/၄၆၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၅/၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၅၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၄.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၄.၇၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၄၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက




## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ သတင်းထုတ်လွှင့်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကိုဗစ် –၁၉ ကာလအတွင်း သတင်းထုတ်လွှင့်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများအန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများအနက် အခက်အခဲများရှိပါက နည်းလမ်းရှာပြီး ဖြေရှင်းနိုင်ရေး ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ထမ်းများ နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် သုံးဆိုင်းဖြင့် အလှည့်ကျ တာဝန်ထမ်းဆောင်နေမှု၊ ခွင့်ပြန်ဝန်ထမ်းများ ပြန်လည်ရောက်ရှိပါက ညွှန်ကြားချက်နှင့်အညီ Quarantine ၂၁ ရက်ထားရှိမှု၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးခဲ့မှုနှင့် ကိုဗစ်– ၁၉ နှင့်ပတ်သက်သည့် သတင်းများထုတ်ပြန်မှု၊ ပညာပေးအစီအစဉ်များ ထုတ်လွှင့်မှုတို့ အပြင် ကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ရိုက်ကူးထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများက ဝန်ကြီးရုံးနှင့် ဌာနများအလိုက် ဆောင်ရွက်မှုအခြေအနေများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စတူဒီယိုခန်းမတွင် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများအနက် ရွေးကောက်ပွဲအကြောင်း သိကောင်းစရာအစီအစဉ်များကို ကြည့်ရှုပြီး(**အပေါ်ပုံ**) လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် သတင်းစုဆောင်းမှုအပါအဝင် ရုပ် / သံ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သတင်းထုတ်လွှင့်မှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို လည်းကောင်း၊ စတူဒီယိုခန်းမ၌ ပိုးသတ်ဆေးဖျန်းမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၁၅/၂၀၂၀**

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၀ပြည့်နှစ်၊ မေလ ၂၁ရက်)

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်**
**တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ချိုမာမြင့်ကို တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။


**မိုး/ဇလ**

## အလုံခတ်အားပေးစက်ရုံစီမံကိန်းနှင့် ကျွန်းချောင်းဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားများ စတင်ပို့လွှတ်

**နေပြည်တော် မေ ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သော ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အဓိကအချက်များအနက် ကဏ္ဍတစ်ခုဖြစ်သည့် လျှပ်စစ်မီးရရှိရေးကို ဒေသအသီးသီးသို့ ဖြန့်ကျက်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုနှစ်တွင် လျှပ်စစ်ကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်နိုင်ရန် အများဆုံးပံ့ပိုးဆောင်ရွက်ပေးမှုနှင့်အတူ နှစ်စဉ်တိုးတက်သုံးစွဲနေသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ယခုနှစ် နွေရာသီတွင် တိုးတက်သုံးစွဲလာသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Liquefied Natural Gas to Power စီမံကိန်းများအပါအဝင် လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် စီမံကိန်းသစ် ခုနစ်ခုကို ရန်ကုန်တိုင်းဒေသကြီး အလုံ၊ သန်လျင်၊ သာကေတတို့တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးနှင့် ကျွန်းချောင်းတို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသတို့တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်း ခုနစ်ခုအနက် မကွေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှစတင်၍ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ စတင်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့ပြီး ကျန်စီမံကိန်း ခြောက်ခုကိုလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ၎င်းစီမံကိန်း ခြောက်ခုအနက် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းချောင်း ဓာတ်အားပေးစက်ရုံဝင်းအတွင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှ လျှပ်စစ်ဓာတ်အားများ စတင်ထုတ်လုပ်နိုင်ပြီ ဖြစ်သည်။



ကျွန်းချောင်းဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

လက်ရှိ ဌာနပိုင်အလုံဓာတ်အားပေးစက်မှာ ယခင် တစ်ရက်လျှင် ရတနာသဘာဝဓာတ်ငွေ့ ကုဗပေ ၃၆ သန်းကို အသုံးပြု၍ ၇၀ မဂ္ဂါဝပ်ခန့်သာ ဓာတ်အားထုတ်ပေးနိုင်ခဲ့သဖြင့် စက်စွမ်းရည်ကျဆင်းနေသောကြောင့် ၎င်းဓာတ်အားပေးစက်အစား စွမ်းရည်မြင့်မားသော စက်များဖြင့် အစားထိုးရန် မြေနေရာနှင့် သဘာဝဓာတ်ငွေ့ ထောက်ပံ့ပေးနိုင်သော အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး စက်စွမ်းရည်မြင့်မားသည့် ဓာတ်အားပေးစက်များကို အသုံးပြုသည့်အတွက် လျှပ်စစ်ဓာတ်အား ၈၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ကျွန်းချောင်းဓာတ်အားပေးစက်ရုံတွင်လည်း ယခင်ဌာနပိုင် ဓာတ်အားပေးစက်မှာ တစ်ရက်လျှင် ကုန်းတွင်းဓာတ်ငွေ့ ကုဗပေ ၅ သန်းကို အသုံးပြု၍ ၅ မဂ္ဂါဝပ်ခန့်သာ ဓာတ်အား ထုတ်ပေးနိုင်ခဲ့၍ စက်စွမ်းရည်ကျဆင်းနေသောကြောင့် စွမ်းရည်မြင့်မားသော ယခုလက်ရှိ ဓာတ်အားပေးစက်များဖြင့် အသုံးပြုသည့်အတွက် ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားထုတ်ပေးနိုင်သောကြောင့် လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ခြင်း ဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန် မကွေး၊ ရွှေတောင်၊ ကျွန်းချောင်း၊ အလုံ၊ ကျောက်ဖြူ၊ သန်လျင်နှင့် သာကေတတို့တွင် ဓာတ်အားပေးစက်ရုံ စီမံကိန်းအသစ် ခုနစ်ခုမှ စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့ရာ မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံနှင့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ပြည်ထောင်စုရွေးကောက်ပွဲ
ကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ် (၁၁)မှ ဒေါ်ထုမေ


ဒဂုံမဲဆန္ဒနယ်မှ
ဒေါက်တာသက်သက်ခိုင်

■ ရှေ့ဖုံးမှ

ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းမပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်သည်ကို အကြံပြုရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နာယကအနေဖြင့်လည်း ကော်မရှင်၏ ရှင်းလင်းတင်ပြချက်သည် ကျိုးကြောင်းညီညွတ်မှုရှိသည့်အတွက် လက်ခံစဉ်းစားသင့်သည်ဟု သုံးသပ်ပါကြောင်း ပြောကြားပြီး လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ခ)တို့ကို ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်းမပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်ကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် ငွေကျပ် ၂၀၉၉ ဒသမ ၃၁ သန်း ခွဲဝေသုံးစွဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် ငွေကျပ် ၂၀၉၉ ဒသမ ၃၁ သန်း ခွဲဝေသုံးစွဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် ငွေကျပ် ၂၀၉၉ ဒသမ ၃၁ သန်း ခွဲဝေသုံးစွဲခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်း ရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID – 19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ၊ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်း တည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၆၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အဌမအကြော့ အာဆီယံ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေး အတည်ပြုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၆ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေး စီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ချေးငွေရယူရေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါတံတားမှာ အရှည် ၆၁၂၈ ပေရှိသော ကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး နောင်လာမည့် အနာဂတ်တွင် နိုင်ငံတကာမှ ဝင်ရောက်လာနိုင်မည့် ပင်လယ်ကူးသင်္ဘောကြီးများ၏ ရေလမ်းကင်းလွတ် လိုအပ်ချက်နှင့် ရေကြောင်းသွားလာပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရန် မူလရေလမ်းကင်းလွတ်အကျယ် ၂၅၁ မီတာ (ပင်မတံတားခန်းဖွင့်အကျယ် မီတာ ၃၂၀)မှ ပင်မရေလည်တိုင်များကို တစ်ဖက်လျှင် ၂၅ မီတာစီ ကမ်းဘက်သို့တိုးချဲ့၍ ရေလမ်းကင်းလွတ်အကျယ် ၃၀၁ မီတာ (ပင်မတံတားခန်းဖွင့်အကျယ် ၃၇၀ မီတာ)သို့ တိုးချဲ့တည်ဆောက်မည်ဖြစ်သဖြင့် ထပ်မံလိုအပ်သော ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၂၀ ကို ချေးယူရခြင်းဖြစ်ပါကြောင်း။

မြန်မာ–ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းတိုးချဲ့ဆောင်ရွက်ရန် ထပ်မံကုန်ကျမည့် အမေရိကန်ဒေါ်လာ သန်း ၂၀ ကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေထံမှ လက်ရှိအတိုး သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ချေးမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် သဘောတူညီချက်ရရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား၏ ရေလမ်းကင်းလွတ်အကျယ် တိုးချဲ့တည်ဆောက်ခြင်းအတွက် ထပ်မံလိုအပ်သည့် အမေရိကန်ဒေါ်လာ သန်း ၂၀ အား EDCF ထံမှ ချေးယူမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ – ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေးစီမံကိန်း၏ ရေလမ်းကင်းလွတ်အကျယ်ကို တိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် လူဦးရေထူထပ်ပြီး နေထိုင်မှုသိပ်သည်းဆများပြားသည့် ရန်ကုန်ဘက်ကမ်း၏ မြို့ပြနှင့် စီးပွားရေးဇုန်တို့ကို ဒလဘက်ကမ်းတွင် လျင်မြန်စွာ တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်ခြင်း၊ ရန်ကုန်မြို့တွင် ကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ပါးသက်သာစေနိုင်ခြင်း၊ ရန်ကုန်မြို့၏ လက်ရှိဆိပ်ကမ်းများသို့ နိုင်ငံခြားသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်မှုအပေါ်တွင် ထိခိုက်မှုလျော့နည်းစေခြင်း၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပြီး အဆင့်မြင့်နည်းပညာဖြင့် တံတားပုံစံထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းနယ်ပယ်များတွင် စွမ်းဆောင်ရည်များ တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ EDCF ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် မေ ၂၇ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၃၃ သန်း ရယူရေးနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အစိုးရအဖွဲ့အစည်းများက တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ နေရာအတည်တကျမရှိသည့် ရွှေ့ပြောင်းသွားလာသူများအတွက် လူမှုရေးအခက်အခဲများကိုလည်း ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းစနစ်သည် e – Government စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြေခံကျသည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ထို့ပြင် ယခုစနစ်သည် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူများအားလုံး ပါဝင်ရမည်ဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ဒေသတွင်ရှိသည့် အာဏာပိုင်အဖွဲ့အစည်းအသီးသီးကလည်း ပါဝင်မှ အောင်မြင်မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့၏ နယ်မြေများတွင် ကူညီဆောင်ရွက်ပေးရန်နှင့် လိုအပ်သည့်အကြံဉာဏ်များ ပေးအပ်ရန်လည်း နာယကမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါကြောင်း၊ e–ID စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် e – Government ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့် မိမိတို့ဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဤချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများ၊ နိုင်ငံတော်၏ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP တို့နှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၃၃ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် မေ ၂၇ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှု အရေးပေါ် စီမံချက်အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုး ရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေက ယခုချေးငွေကို အသုံးပြုပြီး ဆေးရုံများ၏ စွမ်းရည်နှင့် ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ရှိမည်ဆိုပါက COVID –19 ဖြစ်ပွားသူများ၏ အသက်သာမက အခြားကပ်ရောဂါ ဖြစ်ပွားပါကလည်း အကျိုးရှိလာမည်ဖြစ်ပါကြောင်း၊ COVID –19 ရောဂါကူးစက်ခံနေရသည့် ပြည်သူများကို ပြုစုစောင့်ရှောက်ရေးအတွက် ချေးငွေများကို အသုံးပြုနိုင်သကဲ့သို့ ရောဂါပြန့်ပွားထိန်းချုပ်ရေးအတွက် ကျန်းမာရေးဘတ်ဂျက်ကို တိုးမြှင့်အသုံးပြုရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် ယခုချေးငွေကိုလည်း အကျိုးရှိရှိအသုံးပြုရန် အကြံပြုတိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း၊

စာမျက်နှာ ၅ သို့ ✻

* စာမျက်နှာ ၄ မှ
ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) ဦးကျော်သောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်နှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဒေါ်ရွှေရွှေစိန်လတ်က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၄/၂၀၂၀)ကို ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄၊ နည်းဥပဒေခွဲ (ဃ)၊ (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းကိုဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၅/၂၀၂၀)ကို ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄၊ နည်းဥပဒေခွဲ (ဃ)၊ (င)တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းကိုဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်လွင်က နိုင်ငံခြားသားနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုအားနည်းသောကြောင့် ကုန်ကြမ်းတင်သွင်းလာပြီး လုပ်အား၊ နေရာနှင့် လျှပ်စစ်အသုံးပြု၍ ကုန်ချောအဖြစ်ပြန်လည်တင်ပို့နေရသည့် လုပ်ငန်းများထက် မိမိနိုင်ငံမှ ထွက်ကုန်၊ သီးနှံ၊ သား၊ ငါး၊ သယံဇာတထွက်ရှိမှုအား ကုန်ချောအဖြစ် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း၊ ကုန်ထုတ်စွမ်းအားစုများ ဖြစ်ပေါ်စေရေးအတွက် လက်ရှိရင်းနှီးမြှုပ်နှံမှုများအပေါ် နှိုင်းယှဉ်လေ့လာသုံးသပ် ရှင်းလင်းပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း နှင့် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၁**

နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ရှိ ရွှေကျောင်းတော်ကြီး၌ ယနေ့ နံနက် ၉ နာရီတွင် လယ်ဝေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် လှူဒါန်းပွဲ ကျင်းပသည်။



အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်ကြီး ငါးပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ်ကာလအတွင်း နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၁၇ ပါး၊ သီလရှင် ၂၂၆ ပါး စုစုပေါင်း ၆၄၃ ပါးတို့အတွက် ဆွမ်းဆန်တော် ၁၂၉ အိတ် လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး စေတီတော်သို့ သွားရောက်၍ ဂန္ဓကုဋ္ဌိတိုက်နှင့် ရင်ပြင်တော် စကျင်တာရာဇိုင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများနှင့် သာသနဗိမာန်တော်ကြီးအတွင်း (၄" x ၁ " x ၂') အတိုင်းအတာရှိသော လျှာထိုးကျွန်းပါကေး ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဖြည့်ဆည်းလှူဒါန်း

လစဉ် လပြည့်၊ လကွယ် အဖိတ်နေ့တိုင်း လှူဒါန်းမြဲဖြစ်သော်လည်း ကိုဗစ်ကာလအတွင်း ဆွမ်းခံမကြွနိုင်သော သီလရှင်ဆရာလေး ဆရာကြီးများအတွက် အဖိတ်နေ့ ငါးပတ်စာအတွက် ကြည့်မြင်တိုင်မြို့နယ်နေ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန် (အောင်ရတနာသက်န်းတိုက်) မိသားစုက မေ ၂၁ ရက်က ရပ်ဝေးသီလရှင်ကျောင်းပေါင်း ၄၂ ကျောင်း၊ တစ်ကျောင်းလျှင် ငွေကျပ် ၂၅၀၀၀၀ စီဖြင့် ငွေကျပ် ၁၀၅ သိန်း၊ မြို့နယ်အတွင်းရှိ ပရိယတ္တိဘုန်းတော်ကြီးကျောင်း တိုက်လေးတိုက်နှင့် မြို့တွင်းရှိ သီလရှင်စာသင်တိုက်ကြီး ၁၀ တိုက်တို့အား ငွေကျပ် သိန်း ၂၁၀ တန်ဖိုးရှိ လှူဖွယ်ဝတ္ထုငွေနှင့်ဆွမ်း၊ ဆွမ်းဟင်း (နှစ်ရက်စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁၅ သိန်း) ကို လှူဒါန်းစဉ်။

**တင်ဝင်းတင်(ကြည့်မြင်တိုင်)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

# အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့သို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ လာရောက်လှူဒါန်း



**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးသို့ ယနေ့ နံနက်ပိုင်းတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် နှာခေါင်းစည်း ၅၀၀၀ လာရောက်လှူဒါန်းသည်။

အလားတူ မွန်းလွဲပိုင်းတွင် စု အသက်မွေးဝမ်းကျောင်းသိပ္ပံကျောင်း (ရွှေပြည်သာ) နည်းပညာနှင့် ဘာသာစကားပညာဒါနသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် စေတနာ့ဝန်ထမ်းများက IDP စခန်းနှင့် တိုက်ပွဲရှောင်စခန်းများအတွက် အဝတ်ပိတ်နှာခေါင်းစည်း ၇၀၀၀ နှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ စေတနာ့ဝန်ထမ်းများအတွက် Surgical Gown အစုံ ၁၀၀ တို့ကို လည်းကောင်း၊ ယမန်နေ့ နံနက်ပိုင်းကလည်း ပုသိမ်မြို့မှ ဦးဟုတ်ဆန်း-ဒေါ်ကြင်ကြင်ရီ၊ ဦးအုန်းကျင်၊ ဦးသန်းဌေးအောင်-မချိုချိုဝင်း၊ ကိုကျော်ကျော်အောင်-မခင်မိုးမိုး၊ ဒေါက်တာမိုးမြတ်ထွန်း- ဒေါက်တာလင်းလင်းခိုင်၊ ဒေါက်တာအောင်ဇော်လင်း-ဒေါက်တာအိမွန်မွန်ကျော် (မိုးမိုးကျော်မိသားစု)က ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ နှာခေါင်းစည်းများနှင့် ဆေးတက္ကသိုလ်(မကွေး) စတုတ္ထအပတ်စဉ် ကျောင်းသားဟောင်းဆရာဝန်များအဖွဲ့က ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ နှာခေါင်းစည်းများကို လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်နှင့် ကိုဗစ်အလွန် အဆင့်မြင့်ပညာကဏ္ဍအတွက် ဘာသာရပ်အသစ်များ (အမှတ်စဉ်-၂)

## ဒေါက်တာမျိုးကြွယ် (NEPC)

အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ပညာရေးဝန်ကြီးဌာန ပါမောက္ခချုပ်များ ကော်မတီ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (Development Partners)၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့နှင့်အတူ မြန်မာနိုင်ငံတက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော ဘွဲ့ရများ အလုပ်အကိုင်ရရှိရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးတကြီးလိုအပ်နေသော ဘာသာရပ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အမှန်တကယ် လိုအပ်နေသော ပညာရပ်များကို တက္ကသိုလ်များမှ မွေးထုတ်ပေးရေးဆိုင်ရာလိုအပ်ချက် မူဝါဒဆိုင်ရာ သုတေသနများ ပြုလုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ အဆင့်မြင့်ပညာသင်ကြားပေးလျက်ရှိသော တက္ကသိုလ်၊ ကောလိပ်များမှ ဘာသာရပ်အလိုက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘွဲ့ရမွေးထုတ်ပေးနေမှုကို နမူနာအဖြစ် ဇယား(၁) တွင် ဖော်ပြထားပါသည်။ နှစ်အလိုက်ဘွဲ့ရဦးရေကို ဗဟိုစာရင်းအင်းအဖွဲ့ နှစ်ပတ်လည်စာအုပ် (CSO – Statistical Year Books) များတွင် လေ့လာနိုင်ပါသည်။ ကိုဗစ်အလွန်ကာလတွင် သမားရိုးကျဘာသာရပ်များ (Traditional Pure Subjects) ထက် နိုင်ငံအတွက် လိုအပ်လျက်ရှိသော စီးပွားရေးအထောက်အကူပြုအသုံးချ ဘာသာရပ်များကို (Applied Subjects) ဦးစားပေးသင်ရပါမည်။ သင်ကြားမှုပုံစံတွေလည်း ပြောင်းရပါမည်။ မျက်နှာချင်းဆိုင် (Face–to–Face) သင်ကြားရမည်ဖြစ်သလို အင်တာနက် (Online) မှနေ၍လည်း သင်ကြား၊ သင်ယူရပါတော့မည်။ အတွေးအခေါ်ကအစ ပြုပြင်ပြောင်းလဲရမှာဖြစ်၍ အလွတ်ကျက်၊ ကူးရေးမှုများမလုပ်အောင် ကိုဗစ်နှင့်အတူ ပြောင်းလဲရပါမည်။

**ဇယား ၁ – အဆင့်မြင့်ပညာကဏ္ဍရှိ ဘွဲ့ရဦးရေ (၂၀၁၆–၂၀၁၇)**

| စဉ် | ပညာရပ်နယ်ပယ် | ၂၀၁၆–၂၀၁၇ | |
|---|---|---|---|
| 1 | **Agriculture, Forestry, Veterinary and Animal Science** | | ၇၄၂ |
| ၁(က) | စိုက်ပျိုးရေး Agriculture | ၄၆၁ | |
| ၁(ခ) | သစ်တော Forestry | ၈၆ | |
| ၁(ဂ) | မွေးမြူရေးဆိုင်ရာဆေး Vet/A.S. | ၁၉၅ | |
| 2 | **Education** | | **၃၆၄၃** |
| ၂ | ပညာရေး Education | **၃၆၄၃** | |
| 3 | **Engineering** | | ၂၂၄၁၄ |
| ၃(က) | နည်းပညာ Technology | ၁၉၆၅၇ | |
| ၃(ခ) | ကွန်ပျူတာ Computer | ၂၃၄၉ | |
| ၃(ဂ) | လေကြောင်းနှင့်အာကာသပညာ Aero | ၁၄ | |
| ၃(ဃ) | ရေကြောင်းပညာ Maritime | ၃၉၄ | |
| 4 | **Health** | | ၃၃၄၀ |
| ၄(က) | ဆေးပညာ Medicine | ၁၈၉၄ | |
| ၄(ခ) | သွား/ဆေး Dental Med. | ၂၅၁ | |
| ၄(ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာ Med. Tech | ၂၃၁ | |
| ၄(ဃ) | သူနာပြု Nursing | ၅၃၉ | |
| ၄(င) | ဆေးဝါး Pharmacy | ၂၁၆ | |
| ၄(စ) | အခြေခံကျန်းမာရေး Public Health | ၁၀၉ | |
| ၄(ဆ) | တိုင်းရင်းဆေး Traditional Med. | ၁၀၀ | |
| 5 | **Arts and Sciences** | | **၄၁၀၅၅** |
| ၅(က) | ဝိဇ္ဇာ Arts | ၁၁၆၂၇ | |
| ၅(ခ) | သိပ္ပံ Sciences | ၂၉၄၂၈ | |
| 6 | **Business and Economics** | | **၂၇၁၆** |
| ၆ | စီးပွားရေးပညာ | ၂၇၁၆ | |
| | **Others** အခြား | | |
| ၇ | ယဉ်ကျေးမှု | ၂၇၈ | **၂၇၈** |
| ၈ | နိုင်ငံခြားဘာသာစကား | ၇၈၇ | **၇၈၇** |
| ၉ | ထေရဝါဒဗုဒ္ဓဘာသာ | ၄၀ | **၄၀** |
| | **စုစုပေါင်း** | **၇၅၀၁၅** | **၇၅၀၁၅** |

(Source – CSO Statistical Year Book, 2018 )

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖြည့်ဆည်းပေးရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လျက်ရှိသော စိုက်ပျိုးမွေးမြူရေးဘာသာရပ်ကြီးအောက် ငါးလုပ်ငန်းကဏ္ဍကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်နည်းပညာများကို နားလည်တတ်ကျွမ်းသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။

### ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်

သို့ဖြစ်ပါ၍ နိုင်ငံတော်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနလက်အောက်တွင် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို ဘာသာရပ်ခွဲအဖြစ် သီးခြားသင်ရိုးညွှန်းတမ်းများရေးဆွဲ၍ ဖွဲ့စည်းတည်ထောင်ရန် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရှင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပညာရှင်များ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများက ဆုံးဖြတ်ခဲ့ကြပါသည်။

ထိုသို့ ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ သင်ကြားမည့် ဆရာ၊ ဆရာမများအား သင်တန်းပေး (Capacity Building Training) များပြုလုပ်ခြင်း၊ သင်ကြားမည့်စာသင်ခန်း၊ လက်တွေ့ခန်းများ ပြင်ဆင်ခြင်းများကို ဒေါက်တာကေလွင်ထွန်း (ပါမောက္ခ၊ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်)က ဦးဆောင်၍ အဆင့်လိုက်ပြုလုပ်ခဲ့ကြပါသည်။ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြစ်လာစေရန် ရန်ကုန်တက္ကသိုလ်နှင့်အတူ Wageningen University (The Netherlands)၊ Otago University (New Zealand)၊ University of Arizona (United States)၊ The University of Tokyo (Japan)၊ Cantho University (Vietnam)၊ ဂျာမနီနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (GIZ)၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်း၍ သင်ရိုးညွှန်းတမ်းများကို ဘာသာရပ်တစ်ခုချင်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များ လိုအပ်ချက် (Stakeholder needs) ကို အခြေခံ၍ ရေးဆွဲခဲ့ကြပါသည်။

### စစ်ဆေးအကဲဖြတ်မှု

သင်ရိုးညွှန်းတမ်းများသာမက စစ်ဆေးအကဲဖြတ်မှုများသည် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်ဆင်ခြင်သုံးသပ်နိုင်မှု စွမ်းရည်တိုးတက်စေရန်နှင့် လက်တွေ့ပိုင်းဆိုင်ရာများ အားကောင်းစေရန်အတွက် ရည်ရွယ်ရေးဆွဲထားပါသည်။ စစ်ဆေးအကဲဖြတ်မှုများသည် သင်ခန်းစာများ သင်ကြားထားမှုမှာ စာမေးပွဲစစ်ဆေးခြင်း (၅၀ ရာခိုင်နှုန်း)၊ လက်တွေ့သင်ခန်းစာများ အပတ်စဉ်လုပ်ဆောင်ခြင်းနှင့် ကွင်းဆင်းလေ့လာခြင်း (၂၀ ရာခိုင်နှုန်း)၊ စာတမ်းတင်ဆက်မှု (Presentation) များပြုလုပ်ခြင်း (ခုနစ်ရာခိုင်နှုန်း)၊ ဘာသာရပ်ဆိုင်ရာ ပြင်ပပညာရှင်များမှ ပို့ချသော အထူးပို့ချမှု (Special Lecture) များ တက်ရောက်၍ ထိုအပေါ် သုံးသပ်ချက် တင်ပြခြင်း(ရှစ်ရာခိုင်နှုန်း)နှင့် စီမံချက်စာတမ်းတင်သွင်းခြင်း (Small Project Report) (၁၅ ရာခိုင်နှုန်း)တို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန လက်အောက်၌ ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် (Fisheries and Aquaculture ) ဘွဲ့ကြိုသင်တန်း (ပထမနှစ်xc)ကို စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၄၀ စတင်တက်ရောက်ပညာ သင်ကြားခဲ့ကြပါသည်။ ယခုနှစ် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ငါးလုပ်ငန်းဆိုင်ရာအထူးပြု ပထမနှစ် သို့ ကျောင်းသား ၁၀ ဦး၊ ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၂၀ ထပ်မံရောက်ရှိလာပြီး ယခုအခါ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀ တို့သည် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်ကို စာတွေ့၊ လက်တွေ့ပြည့်စုံစွာ သင်ကြားလျက်ရှိပြီဖြစ်ပါသည်။

ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းပညာကို ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှ စတင်၍ ဘွဲ့ကြို၊ သိပ္ပံဘွဲ့ [B.Sc. (Fisheries and Aquaculture)] ကို စတင်သင်ကြားလာခဲ့ရာ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံး ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းပညာဘွဲ့ ပေးနိုင်တော့မည်ဖြစ်ကြောင်း ပါမောက္ခ / ဌာနမှူး ဒေါက်တာကေလွင်ထွန်းက ပြောပါသည်။ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ကြည့်လျှင် အလွန်နောက်ကျနေပြီ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံမှ ငါး၊ ပုစွန်နှင့် အခြား ရေထွက်ပစ္စည်းများကို ဥရောပနိုင်ငံများအပါအဝင် နိုင်ငံခြား တိုင်းပြည်များသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ သုတေသနနှင့် အဆင့်မြင့်ပညာက ပူးတွဲတစ်ပြိုင်နက် လိုက်ပါရမည် ဖြစ်ပါသည်။

### သင်ကြားရေးနှင့် သုတေသန

ဘွဲ့ကြိုပြီး၊ ဘွဲ့လွန်သင်တန်းများရှိမှ မဟာသိပ္ပံ၊ ပါရဂူသုတေသနများမှ တစ်ဆင့် ငါး၊ ပုစွန် တိုးတက်ထုတ်လုပ်ရေး၊ လိုအပ်ပါက ကန်တွင်း၊ ရေချိုရေငန်အလိုက် မွေးမြူနိုင်ရေး၊ ဧရာဝတီတိုင်းကဲ့သို့ မြစ်ချောင်းပေါ်များလှသော ဒေသများတွင် ရေချိုငါး၊ ပုစွန်များ မွေးမြူထုတ်လုပ်ရေးနှင့် ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီတိုင်း စသည့်ဒေသများတွင် ပင်လယ်စာ (Seafood) နှင့် ရေငန် ငါး၊ ပုစွန်၊ ပုလဲမွေးမြူရေးမှစ၍ အဆင့်မြင့်ပညာ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းရပ်များ တွဲဖက်လုပ်ဆောင်ရန် အရေးတကြီးလိုအပ်လျက်ရှိပါပြီ။

ဖိလစ်ပိုင်နိုင်ငံသည် ပင်လယ်ရေ ပတ်လည်ဝန်းရံလျက်ရှိသော ကျွန်းငယ်များစွာ စုစည်းထားသည့် နိုင်ငံဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံမှထွက်သော သဘာဝပုလဲနှင့် မွေးပုလဲသည် ကမ္ဘာကျော်ပြီး နိုင်ငံ့ဝင်ငွေများစွာ ရှာပေးလျက်ရှိနေပါသည်။ ရိုးရိုးသာမန် ပိန္နဲသီးကိုပင်လျှင် တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် စိုက်ခိုင်းပြီး ပိန္နဲသီးခြောက်ပြုလုပ်ကာ တစ်ကမ္ဘာလုံးသို့တင်ပို့နေပါသည်။ အုန်းသီး၊ သရက်သီးကိုလည်း တစ်နှစ်ပတ်လုံးသီးအောင် စိုက်ပျိုးနိုင်ပြီး အုန်းရည်၊ အုန်းနို့၊ အုန်းသီးမှ မုန့်မျိုးစုံ၊ သရက်သီးခြောက်၊ သရက်သီးဖျော်ရည် ပြုလုပ်ကာ ပြည်တွင်းတွင်သာမက နိုင်ငံရပ်ခြားအထိ တင်ပို့ရောင်းချပြီး နိုင်ငံခြားငွေ ရှာဖွေနေသည်မှာ အလွန်အားရစရာကောင်းလှပါသည်။

မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်လုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ကဏ္ဍသည် ပြည်တွင်း စားသုံးရေးနှင့် နိုင်ငံခြားဈေးကွက်ဝင် စားနပ်ရိက္ခာထုတ်လုပ်ရေးကဏ္ဍကြီးတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့်အလျောက် ကျွမ်းကျင်သောလူ့စွမ်းအားအရင်းအမြစ်များ အလွန်လိုအပ်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ရေထွက်ကုန်လုပ်ငန်း၊ ရေချို ရေငန်ထုတ်လုပ်မှုအပိုင်းတွင် တစ်ကမ္ဘာလုံး၌ အဆင့် (၁၃) ဖြင့် ရပ်တည်နေပါသည်။ (ဇယား–၂)

### ငါးမွေးမြူရေးမဟာဌာန

အရှေ့တောင်အာရှတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က မြန်မာထက် ထုတ်လုပ်မှုပိုပါသည်။ ထိုင်းနိုင်ငံထက်သာသော်လည်း ထိုင်းနိုင်ငံနှင့် ပင်လယ်ပြင်ထိတွေ့ဧရိယာမှာ မြန်မာနိုင်ငံလောက် မရှည်လျားပါ။ ထိုင်းနိုင်ငံ ပြည်နယ်အသီးသီးရှိ တက္ကသိုလ်တိုင်းနီးပါးလောက်တွင် ငါးမွေးမြူရေးမဟာဌာန (Faculties of Fishery and Aqua–Sciences) များစွာရှိပါသည်။ ဗန်ကောက်မြို့ရှိ ကက်ဆက်ဆက်တက္ကသိုလ် ငါးမွေးမြူရေးမဟာဌာနမှာ အလွန်ကြီးမားပါသည်။ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများလည်း တက်ရောက်သင်ယူလျက်ရှိကြပါသည်။

**ဇယား(၂) ကမ္ဘာ့နိုင်ငံအလိုက် ရေထွက်ပစ္စည်းနှင့် ငါးပုစွန် ထုတ်လုပ်မှုနှင့် ဖမ်းဆီးရမှု (၂၀၁၉) မက်ထရစ်တန် ထောင်ပေါင်း**

| စဉ် | နိုင်ငံ | ဖမ်းဆီးရမှု | မွေးမြူရေး | စုစုပေါင်း (မက်ထရစ်တန်ပေါင်း) |
|---|---|---|---|---|
| ၁ | တရုတ် | ၁၇,၈၀၀ | ၆၃,၇၀၀ | ၈၁,၅၀၀ |
| ၂ | အင်ဒိုနီးရှား | ၆,၅၈၄ | ၁၆,၆၀၀ | ၂၃,၁၈၄ |
| ၃ | အိန္ဒိယ | ၅,၀၈၂ | ၅,၇၀၃ | ၁၀,၇၈၅ |
| ၄ | ဗီယက်နမ် | ၂,၇၈၅ | ၃,၆၃၄ | ၆,၄၁၉ |
| ၅ | အမေရိက | ၄,၉၃၁ | ၄၄၄ | ၅,၃၇၅ |
| ၆ | ရုရှား | ၄,၇၇၃ | ၁၇၃ | ၄,၉၄၆ |
| ၇ | ဂျပန် | ၃,၂၇၅ | ၁,၀၆၇ | ၄,၃၄၂ |
| ၈ | ဖိလစ်ပိုင် | ၂,၀၂၈ | ၂,၂၀၀ | ၄,၂၂၈ |
| ၉ | ပီရူး | ၃,၈၁၁ | ၁၀၀ | ၃,၉၁၁ |
| ၁၀ | ဘင်္ဂလားဒေ့ရှ် | ၁,၆၇၄ | ၂,၂၀၃ | ၃,၈၇၇ |
| ၁၁ | နော်ဝေး | ၂,၂၀၃ | ၁,၃၂၆ | ၃,၅၂၉ |
| ၁၂ | တောင်ကိုရီးယား | ၁,၃၉၆ | ၁,၈၅၉ | ၃,၂၅၅ |
| ၁၃ | မြန်မာ | ၂,၀၇၂ | ၁,၀၁၉ | ၃,၀၉၀ |
| ၁၄ | ထိုင်း | ၁,၅၃၀ | ၉၆၂ | ၂,၄၉၂ |

Source: FAO/World Bank, 2019

ငါးလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရှာပေးသည့် ခုနစ်ခုမြောက် အရေးပါသည့်ကဏ္ဍဖြစ်ပါသည် (ဇယား ၃)။

**ဇယား(၃) မြန်မာ့နိုင်ငံခြား ထုတ်ကုန်တန်ဖိုးနှင့် ရာခိုင်နှုန်း (၂၀၁၈)**

| စဉ် | အမျိုးအမည် | တန်ဖိုး (US$ Billion) | ပို့ကုန် စုစုပေါင်း၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အဝတ်အထည်များ(အကြမ်း၊ ချုပ်ပြီး) | ၅.၅၀၀ | ၂၉.၆ |
| ၂ | ရေနံနှင့် စွမ်းအင် | ၃.၅၀၀ | ၂၃.၀ |
| ၃ | ကျောက်မီးသွေး၊ ကော့ပါး | ၁.၈၀၀ | ၁၁.၈ |
| ၄ | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ | ၀.၄၇၀ | ၃.၁ |
| ၅ | ဖိနပ်လုပ်ငန်း (Foot Ware) | ၀.၄၄၇ | ၂.၉ |
| ၆ | ကျောက်မျက်ရတနာ | ၀.၄၄၁ | ၂.၈ |
| ၇ | ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်း | ၀.၃၇၅ | ၂.၄ |
| ၈ | လယ်ယာသီးနှံများ (ဆန်၊ စပါး၊ ပြောင်း) | ၀.၃၇၄ | ၂.၃ |

Source: CSO (2018)

ရေချို ငါး၊ ပုစွန် မွေးမြူရေးသည် တရုတ်နိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရေချိုဒေသ မြစ်ချောင်း၊ အင်းအိုင် ဧရိယာအကျယ်အဝန်း ကီလိုမီတာ လေးသိန်းကျော်ရှိပြီး ကမ်းရိုးတန်းဒေသမှာ ကီလိုမီတာ နှစ်သောင်းကျော်၊ အင်းအိုင်၊ မြစ်ချောင်းများတွင် ကီလိုမီတာ ဧရိယာ သုံးသောင်းနီးပါးခန့်ရှိပါသည်။ ကမ္ဘာ့ထုတ်လုပ်မှုအဆင့် (၁၃) ရှိသော်လည်း အဆင့်မြင့်နည်းပညာဖြင့် လုပ်ကိုင်နေခြင်း မဟုတ်ဘဲ ဖမ်းဆီးရရှိမှုအနေဖြင့်သာ ထုတ်လုပ်နေခြင်း ဖြစ်ပါသည်။

ပိုမိုအဆင့်မြင့်သည့် နည်းပညာကို အသုံးပြုပြီး ငါး၊ ပုစွန် အမျိုးအစားခွဲခြားခြင်း၊ သိပ္ပံနည်းကျ မွေးမြူထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် မွေးမြူထုတ်လုပ်မှုမှာ တက္ကသိုလ်များတွင် အဆင့်မြင့်ပညာ သင်ကြား၊ သင်ယူ၊ သုတေသနပြုလုပ်မှသာလျှင် ရေရှည်တည်တံ့ပါမည်။

စာမျက်နှာ ၇ သို့ ❖



# အင်းစိန်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၁

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းကို အင်းစိန်မြို့နယ်ရှိ အမှတ်(၁)၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ အောက်မင်္ဂလာဒုံလမ်း ဂျီတီအိုင်စားရိပ်သာခန်းမဆောင်၌ အင်းစိန်မြို့နယ် အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းဖွင့်ပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်များအသင်းတို့ ပူးပေါင်း၍ Online ဖြင့် ToT သင်တန်းတက်ရောက်ခဲ့သည့် တာဝန်ရှိသူများနှင့် ဆရာဝန်များက သင်ခန်းစာများ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်က စေတနာ့ဝန်ထမ်းများ၏ မွန်မြတ်သောလုပ်ဆောင်ချက်များ သည် အလွန်အရေးကြီးသော အခန်းကဏ္ဍများအကြောင်းကို အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် We Love Insein Volunteers များ၊ Super Sunday ပရဟိတ လူမှုရေးအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့များတွင် စေတနာ့ဝန်ထမ်းများအဖြစ် လက်ရှိလုပ်ကိုင်နေကြသောသင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

# နိုင်ငံတော်အစိုးရ၏ လေးနှစ်တာကာလအတွင်း ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ နိုင်ငံခြားပညာတော်သင် ၁၈၅၅၃ ဦး စေလွှတ်ထားပြီးဖြစ်

နေပြည်တော် မေ ၂၁

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မတ်လထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များမှ နှစ်အလိုက် နိုင်ငံခြားပညာတော်သင် စေလွှတ်ပေးနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်အလိုက်ပညာသင်စေလွှတ်မှု အခြေပြဇယား**

| စဉ် | ပညာသင်နှစ် | သင်တန်းအမျိုးအစား | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ဘွဲ့မယူသည့် သင်တန်း | ဘွဲ့/ဒီပလိုမာ သင်တန်း | မဟာဘွဲ့ သင်တန်း | ပါရဂူ သင်တန်း | |
| ၁ | ၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိ | ၂၅၆၃ | ၃၉ | ၂၀၂ | ၁၈၁ | ၂၉၈၅ |
| ၂ | ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ | ၃၇၁၄ | ၄၃ | ၄၉၈ | ၁၉၆ | ၄၄၅၁ |
| ၃ | ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ | ၄၂၁၂ | ၅၁ | ၃၉၈ | ၁၇၃ | ၄၈၃၄ |
| ၄ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ | ၄၉၈၃ | ၁၈ | ၄၆၀ | ၁၉၁ | ၅၆၅၂ |
| ၅ | ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လထိ | ၆၀၆ | - | ၁၆ | ၉ | ၆၃၁ |
| | စုစုပေါင်း | ၁၆၀၇၈ | ၁၅၁ | ၁၅၇၄ | ၇၅၀ | ၁၈၅၅၃ |

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ စုစုပေါင်း ၅၅ ဌာနမှ နိုင်ငံပေါင်း ၇၅ နိုင်ငံသို့ နိုင်ငံခြားပညာတော်သင် ၁၈၅၅၃ ဦး စေလွှတ်ပေးခဲ့ရာ ရိုးရိုးသင်တန်းများသို့ ၁၆၀၇၈ ဦး၊ ဘွဲ့ဒီပလိုမာသင်တန်းများသို့ ၁၅၁ ဦး၊ မဟာဘွဲ့သင်တန်းများသို့ ၁၅၇၄ ဦး၊ ပါရဂူဘွဲ့သင်တန်းများသို့ ၇၅၀ စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ အများဆုံးစေလွှတ်သည့် နိုင်ငံများမှာ အိန္ဒိယသမ္မတနိုင်ငံသို့ ၄၀၃၂ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၃၅၅၆ ဦး၊ ဂျပန်နိုင်ငံသို့ ၂၇၂၇ ဦး၊ ထိုင်းနိုင်ငံသို့ ၂၁၆၁ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၁၃၀၀ အသီးသီးစေလွှတ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

# မသန်စွမ်းသူများအတွက် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မုန့်လုပ်နည်းနှင့် ကော်ဖီဖျော်နည်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် မေ ၂၁

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)အနေဖြင့် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းသင်တန်း အခွင့်အလမ်းများ ပိုမိုလက်လှမ်းမီရရှိရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများပိုမိုရရှိကာ ဂုဏ်သိက္ခာရှိစွာဖြင့် ၎င်းတို့၏မိသားစုနှင့် လူ့အသိုင်းအဝိုင်းအား ပြန်လည်မျှဝေအကျိုးပြုနိုင်ရန်ရည်ရွယ်၍ မုန့်လုပ်နည်းနှင့် ကော်ဖီဖျော်နည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သုံးလကြာပို့ချမည်**

အဆိုပါ သင်တန်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၏လမ်းညွှန်မှု၊ KODDI ၏ ရန်ပုံငွေကူညီပံ့ပိုးမှုတို့ဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က စာတွေ့လက်တွေ့ သုံးလကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ Regional Officer(Yangon) ဖြစ်သူ ကိုကျော်ထက်အောင်က "ဒီသင်တန်းက ၂၀၂၀ ပြည့်နှစ်မှာ ဖွင့်လှစ်တဲ့ ပထမဆုံးသင်တန်းပါ။ (၁/၂၀၂၀) ဖြစ်ပါတယ်။ ရန်ကုန်မှာ ဖွင့်လှစ်မှာဖြစ်ပြီး ရန်ကုန်မြို့တွင်းက သင်တန်းသားတွေအတွက် နေ့စဉ်ခရီးစရိတ် ပံ့ပိုးပေးမှာဖြစ်ပါတယ်။ နယ်ကလာတဲ့သူတွေအတွက်တော့ နေရာထိုင်ခင်းနဲ့ နေ့စဉ်စားစရိတ်တွေ ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ဘယ်ဒေသကမဆို လျှောက်ထားနိုင်ပါတယ်။ ဒီသင်တန်းမှာတော့ သင်တန်းသား




သင်တန်းသူရှစ်ဦးပဲ လက်ခံသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာ မုန့်လုပ်နည်းနှင့် ကော်ဖီဖျော်နည်းသင်တန်း ငါးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်ခဲ့ပါတယ်" ဟု ရှင်းပြသည်။

သင်တန်းလျှောက်ထားသူများအနေဖြင့် မသန်စွမ်းသူဖြစ်ရမည်ဖြစ်ပြီး မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို လျှောက်ထားနိုင်ကြောင်း၊ လက်၏လုပ်ငန်းဆောင်တာများကောင်းစွာအသုံးပြုနိုင်ပြီး အသက် ၁၈ နှစ်နှင့်အထက်ရှိရမည်ဖြစ်ကြောင်း၊ သင်တန်းကာလ သုံးလပြီးမြောက်အောင်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းပြီးမြောက်ပါကယခုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူဖြစ်ရမည်ဟု သတ်မှတ်ထားကြောင်း၊ သင်တန်းတွင် ထူးချွန်သူများကို ဟိုတယ်များ၊ မုန့်နှင့်ကော်ဖီဆိုင်များနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးမည်ဖြစ်ကြောင်း ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)မှ သိရသည်။

**သင်တန်းသားကန့်သတ်**

"လက်ရှိကာလက ကိုဗစ်-၁၉ ရောဂါနဲ့ကြုံတွေ့နေရတာဖြစ်လို့ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေအတိုင်း အခုသင်တန်းမှာ ရုပ်ပိုင်းဆိုင်ရာဝေးကွာမှုရရှိစေဖို့ ကျယ်ဝန်းတဲ့ သင်တန်းခန်းမတွေမှာ သင်ကြားပေးမှာ ဖြစ်ပါတယ်။ သင်တန်းသားအရေအတွက်ကိုလည်း ကန့်သတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး သင်တန်းသားတွေအတွက် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နဲ့ လက်အိတ်တွေ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ အခြေအနေအရ သင်တန်းဖွင့်မယ့်ရက်ကိုတော့ မသတ်မှတ်ရသေးပေမယ့် မကြာခင် အသိပေးကြေညာသွားမှာဖြစ်ပါတယ်" ဟု ကိုကျော်ထက်အောင်က ဆက်လက်ပြောပြသည်။

အဆိုပါသင်တန်းကို စိတ်ပါဝင်စားသူများအနေဖြင့် သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအား ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး တစ်ကိုယ်လုံးပေါ်ဓာတ်ပုံတစ်ပုံပူးတွဲ၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးချုပ်သို့ လိပ်မူကာ ဇွန် ၅ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

ကိုထက်

❖ စာမျက်နှာ ၆ မှ

ငါးမွေးမြူရေး ဘာသာကို ရန်ကုန်တက္ကသိုလ် သတ္တဗေဒဘာသာရပ်အောက်တွင် ဘာသာခွဲတစ်ခုအနေဖြင့် စတင်သင်ကြားရာမှ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းပညာဌာန ပေါ်ပေါက်လာရပါသည်ဟူ၍ ဒေါက်တာကေလွင်ထွန်းက ပြောပါသည်။ ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံအစိုးရတို့၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနနှင့် GIZ တို့မှ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော မြန်မာရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းမှလည်း ငါးလုပ်ငန်းဆိုင်ရာ သိပ္ပံဘွဲ့အစီအစဉ်ကို ပံ့ပိုးပေးလျက်ရှိပါသည်။

သင်ကြားပေးသော ဘာသာရပ်များမှာ ငါး၊ ပုစွန် ဇီဝဗေဒ (Fishery Biology)၊ အခြေခံငါးမွေးမြူရေးနှင့် ရေလုပ်ငန်း (Introduction to Fisheries and Aquaculture)၊ ကျောရိုးရှိ/ကျောရိုးမဲ့ ရေနေသတ္တဝါများ (Aquatic Invertebrate/Vertebrate)၊ ငါး၊ ပုစွန်ရောဂါများ (Fish/Shrimp Diseases)၊ မွေးမြူရေးဆိုင်ရာစီမံခန့်ခွဲမှု (Aquaculture Management)၊ ငါးသားဖောက်နည်းပညာ (Hatchery Technology)၊ ငါးအာဟာရဗေဒနှင့် အစာကျွေးခြင်းနည်းပညာ (Fish Nutrition and Feeding Technology)၊ ဖမ်းဆီးပြီးနောက်ပိုင်းပြုပြင်ထုတ်လုပ်မှုနည်းပညာ (Post-Harvest Technology)၊ ငါး၊ ပုစွန်ထုတ်ကုန်များ အရည်အသွေးထိန်းချုပ်ရေး (Quality Assurance of Fishery Products)၊ ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်း (Water Quality Analysis)၊ ရေလုပ်ငန်း၏ ဇီဝနည်းပညာ (Biotechnology in Aquaculture)၊ ရေပြင်ညစ်ညမ်းမှုနှင့် အဆိပ်ဖြစ်စေနိုင်ခြင်း လေ့လာသောပညာ (Aquatic Pollution and Toxicology)၊ ငါး၊ ပုစွန်ရောင်းဝယ်ဖောက်ကားခြင်းပညာ (Aquaculture Business)၊ ငါး၊ ပုစွန်ကန်များ၊ ထုတ်လုပ်မှု၊ ဖမ်းဆီးရမိမှုများ ကြီးကြပ်ကွပ်ကဲခြင်းပညာ (Farm Management) စသည်တို့အပါအဝင် ကျောင်းသား ကျောင်းသူများသည် ငါး၊ ပုစွန် မွေးမြူရေးကန်များ၊ ဓာတ်ခွဲခန်းများ၊ ငါးအစာစက်ရုံများ၊ ငါးသားဖောက်စခန်းများ အပါအဝင် လုပ်ငန်းခွင်အတွေ့အကြုံရယူရင်း သင်ယူကြရမည်ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေး၊ စားဝတ်နေရေး၊ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အချိန်တိုအတွင်း တိုက်ရိုက်အကျိုးပြုနိုင်သည့် ဘာသာရပ်ဖြစ်သည့်အတွက် ငါးပညာဘာသာရပ်အဖြစ်မှ ဖွဲ့စည်းပုံမြှင့်တင်၍ ငါးပညာဌာန (Department of Fisheries and Aquaculture)၊ ထိုမှတစ်ဆင့် မဟာဌာန (Faculty of Fisheries and Aquaculture) အဖြစ် အမြန်ဆုံးဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးရှိလာမည်ဖြစ်ပါသည်။

ကိုဗစ်အလွန်ကာလတွင် ငါးလုပ်ငန်းဆိုင်ရာ အထူးပြုဘာသာရပ်မှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ထူထောင်မည့် မဟာဌာနအတွက် ကြီးမားသော အထောက်အပံ့များ ဖြစ်စေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် အရေးပါလှသော အသုံးချသိပ္ပံ (Applied Science) ဘာသာရပ်တစ်ခု ပေါ်ထွန်းလာရင်း တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်အတွက် အထောက်အကူပြုနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။



## ချင်းပြည်နယ်အတွင်း ကန့်သတ်စောင့်ကြည့်စခန်းနှင့် ပလက်ဝဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများပေးအပ်

**ဟားခါး မေ ၂၁**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ကန့်သတ်စောင့်ကြည့်စခန်းနှင့် ပလက်ဝဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေများကို ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ယနေ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ယနေ့ နံနက်ပိုင်းက ချင်းပြည်နယ် ကန့်သတ်စောင့်ကြည့်စခန်းအတွက် Mercy Par Co.,Ltd. ပိုင်ရှင် ဦးထောင်ကီးယာန်းက အလှူငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ ချင်းပြည်နယ် ပလက်ဝဒေသတိုက်ပွဲရှောင်ပြည်သူများအတွက် CPC Public Co.,Ltd. မှ ကိုယ်စားလှယ် ဦးဂျိုးဇက်နှင့် ဦးထောင်ကီးယာန်းတို့က အလှူငွေကျပ်သိန်း ၂၀ ကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါလှူဒါန်းပွဲသို့ ချင်းပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြပြီး ချင်း ပြည်နယ်အတွက် လှူဒါန်းပေးကြသော အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇိုလေးနွယ်**
**(ပြန်/ဆက်)**

## မြိတ်မြို့နယ်အတွင်းရှိ သမုတ်-လွတ်လွတ် မြစ်ကူးတံတားတည်ဆောက်နေမှု ၉၄ ရာခိုင်နှုန်းခန့်ပြီးစီး

**မြိတ် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ထားဝယ်-မြိတ်လမ်း မိုင်တိုင် ၂၂၁ ဒသမ ၂ ကီလိုမီတာအနီးတွင် တည်ဆောက်လျက်ရှိသော သမုတ်-လွတ်လွတ် မြစ်ကူးတံတားသစ်ကြီးတည်ဆောက်နေမှုမှာ ယခုအခါ ၉၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ဇူလိုင်လကုန်တွင် ရာခိုင်နှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါတံတားတည်ဆောက်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ သမုတ်-လွတ်လွတ်မြစ်ကူးတံတားသည် မြိတ်မြို့မှ ၁၆ မိုင်အကွာအဝေးတွင်တည်ရှိကာ မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်၊ ထားဝယ်မြို့နယ်များသို့ ဆက်သွယ်သွားလာနိုင်မည့် မြစ်ကူးတံတားကြီးတစ်စင်းဖြစ်ပြီး ယင်းမြစ်ကူးတံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) က တာဝန်ယူ၍ ၂၀၁၇ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်တည်ဆောက်ခဲ့သည်။

လက်ရှိအချိန်တွင် ချဉ်းကပ်လမ်းအပါအဝင် တံတားတစ်စင်းလုံး တည်ဆောက်ရေးစီမံကိန်း၏ ၉၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး တံတား၏ လက်ရန်း၊ ချဉ်းကပ်လမ်း၊ တံတားအချောသပ်ခြင်းလုပ်ငန်းပိုင်း အနည်းငယ်သာ ကျန်ရှိကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကျော်စိုးထံမှ သိရသည်။

တံတားသစ်အရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) သုံးပေစီရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် (1.5) mQ ဘိုးပိုင်၊ ကိုယ်ထည်မှာ အာရ်စီကွန်ကရစ်ဖြစ်ပြီး အပေါ်ထည်မှာ PC Girder၊ Steel Box Girder & RC နှင့် RC Decking တို့ဖြစ်ကာ ယာဉ်နှင့်ကုန် ၇၅ တန် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ယခုအခါ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာ ပိုမိုထွန်းကားလာပြီဖြစ်၍ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာအသုံးပြုနိုင်မည့် ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်အထိရှိသော နှစ်လမ်းသွား သံမဏိသံပေါင် (Steel Box Girder)၊ ကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



အဆိုပါ သမုတ်-လွတ်လွတ်မြစ်ကူး တံတားသစ်ကြီး ရာနှုန်းပြည့်ပြီးစီးသွားပါက ဒေသအတွင်းသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည့်အပြင် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေခြင်းနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် ပြည်သူများ ရာသီမရွေး၊ နေ့ညအချိန်မရွေး အဆင်ပြေလွယ်ကူလျင်မြန်စွာ သွားလာနိုင်စေသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မုံရွာမြို့တွင် ဝန်ထမ်းအိမ်ရာသုံးလုံးရှိ အခန်းပေါင်း ၁၂၀ အား ပွင့်လင်းမြင်သာစွာ မဲနှိုက်



**မုံရွာ မေ ၂၁**

မုံရွာမြို့ နန္ဒဝန်အိမ်ရာအပိုင်း(၂) ရှိ ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ သုံးလုံး၊ တိုက်အမှတ်(၂၊ ၃၊ ၅၊) ရှိ အခန်းအပေါင်း ၁၂၀ အား မေ ၁၆ ရက်နံနက်ပိုင်းမှစတင်၍ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ပွင့်လင်းမြင်သာစွာ မဲနှိုက်ချထားပေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မြို့ပေါင်း ၃၉ မြို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၁၉၉ လုံးနှင့် အခန်းပေါင်း ၂၅၂၆ ခန်းကို တည်ဆောက်၍ နေရာချထားပေးခဲ့ပြီဖြစ်သည့်အပြင် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၁၂ မြို့တွင် ဝန်ထမ်းအိမ်ရာ ၁၄ လုံး ထပ်မံတည်ဆောက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့အနေဖြင့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်အရ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ခန်းပေါင်း ၄၇၂ ခန်း နေရာချထားပေးပြီးဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ဌာနသို့ အိမ်ခန်းလျှောက်ထားသည့်ဦးရေ ၃၀၈ ဦးရှိပြီး အခန်းပေါင်း ၁၂၀ ကိုသာ နေရာချထားပေးနိုင်ခဲ့သဖြင့် နေရေးလိုအပ်ချက်ရှိနေသေးသော လျှောက်ထားသူဦးရေ ၁၈၀ ကျော်ကိုလည်း လာမည့်ဘဏ္ဍာနှစ်များတွင် ဆက်လက်နေရာချထားပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ပြောသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သော မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဘေးကင်းလုံခြုံမှု၊ သာယာလှပမှုတို့ဖြင့် ဟန်ချက်ညီညီ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်ကာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော ပုံစံစနစ်တစ်ခုပေါ်ထွန်းရေး၊ နိုင်ငံသားအားလုံး လူနေမှုဘဝမြှင့်တင်နိုင်စေမည့် သင့်လျော်သောအိမ်ရာများတွင် နေနိုင်စေရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်လုပ်ကိုင်ပေးနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကယားပြည်နယ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**လွိုင်ကော် မေ ၂၁**

ကယားပြည်နယ်အတွင်းရှိ တောင်သူများအား ယခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို လွိုင်ကော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မေ ၁၅ ရက်မှစတင်၍ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး ယမန်နေ့အထိ တောင်သူ ၁၁၅ ဦးအား ထုတ်ချေးပေးခဲ့သည်။

တောင်သူများအား စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှင့် အခြားသီးနှံများအတွက် တစ်ဧကလျှင်ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ချေးငွေများ ထုတ်ပေးလျက်ရှိပြီး ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းသာ ကောက်ခံကြောင်း သိရသည်။

လွိုင်ကော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၄၀၇၅ ဒသမ ၂၅ သန်းထုတ်ချေးရန် လျာထားခဲ့ကြောင်း၊ ယခုနှစ်ချေးငွေများကို မေ ၁၅ ရက်မှစတင်၍ ဇူလိုင်လအထိ ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းသာဖြစ်ကြောင်း၊ ယခင်နှစ်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကယားပြည်နယ်အတွင်းရှိ တောင်သူ ၅၉၇၂ ဦး၊ ဧကပေါင်း ၃၀၁၀၄ ဧကအတွက် ငွေကျပ် ၃၈၈၅ ဒသမ ၂၀ သန်း ထုတ်ချေးပေးခဲ့ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းဖြစ်ကြောင်း လွိုင်ကော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးဇော်မင်းခိုင်ထံမှ သိရသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

## သက်တန့်ရောင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်မှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထားဝယ်မြို့တွင် ဖွဲ့စည်းထားသော သက်တန့်ရောင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်က ထွန်စက် သုံးစီး၊ ရိတ်သိမ်းခြွေလှေ့စက် ကိုးစီးဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် မြေသားများ ပြုပြင်ပေးခြင်း၊ တမန်းနိုးခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Daedong RX 7630 ထွန်စက် သုံးစီးဖြင့် လယ်ယာပြုပြင်ခြင်းလုပ်ငန်းနှင့် လယ်ယာမြေထွန်ယက်ခြင်းလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် လယ်ဧက ၇၀၀ နှင့် ရေဖြူမြို့နယ်တွင် လယ်ဧက ၂၀၀ စုစုပေါင်း ဧက ၉၀၀ ကျော် ထွန်ယက်ပြုပြင်ပေးခဲ့ပါသည်။ ရိတ်သိမ်းခြွေလှေ့စက်ကိုးစီးဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ကန်ကြီးဒေါင့်မြို့နယ်များတွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လယ်ဧက ၁၃၅၀ ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လယ် ဧက ၃၁၅၀ ခန့် စုစုပေါင်း လယ်ဧက ၄၅၀၀ ခန့်တို့ကို ရိတ်သိမ်းခြွေလှေ့ပေးခဲ့သည်။ တောင်သူဦးကြီးများအတွက် မိမိတို့၏ လယ်ယာမြေများအား မိုးစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများကို နေရာဒေသမရွေး သင့်လျော်သောဈေးနှုန်းဖြင့် အခက်အခဲမရှိ ဝန်ဆောင်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

ထားဝယ်မြို့နယ်သမဝါယမဦးစီးဌာန — ဖုန်း ၀၅၉-၂၁၀၇၅

ဦးသိန်းဝင်း၊ ဥက္ကဋ္ဌ၊ သက်တန့်ရောင်လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း — ဖုန်း ၀၉-၂၅၉၉၈၄၆၀၆

**သမဝါယမဦးစီးဌာန**





## ကျောက်ဆည်မြို့နယ်၌ သိပ္ပံနည်းကျစိုက်ပျိုးသဖြင့် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ပဲတီစိမ်းစိုက်တောင်သူများသည် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးသဖြင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံသည် သက်တမ်းအားဖြင့် ရက်ပေါင်း ၆၀ ဝန်းကျင်ခန့်ရှိပြီး မိရိုးဖလာ(ပက်ကြဲ)စနစ်ဖြင့် စိုက်ပျိုးပါက မျိုးလေးပြည်ခန့်ကုန်ပြီး သိပ္ပံနည်းကျ (ဘောင်စနစ်) ဖြင့် စိုက်ပျိုးပါက မျိုးနှစ်ပြည်ခန့်ကုန်ကြောင်း သိရသည်။ ပဲတီစိမ်းသည် မျိုးကွဲများစွာရှိပြီး ကျောက်ဆည်မြို့ တောင်သူများသည် ဒေသနှင့်ကိုက်ညီသည့် မှိုရောဂါပိုး ဒဏ်ခံနိုင်သော ရေဆင်း ၁၁ နှင့် ရေဆင်း ၁၄ မျိုးများကိုသာ အဓိထားစိုက်ပျိုးကြသည်။

သိပ္ပံနည်းဖြင့်စိုက်ပျိုးပါက တစ်ဧကကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းခွဲခန့်ကုန်ကျပြီး ပျမ်းမျှအထွက်နှုန်းမှာ တင်း ၃၀ ကျော်ခန့်ထွက်ရှိကြောင်း၊ ပဲပေါ်ချိန်တွင်တစ်တင်းလျှင် ငွေကျပ် သုံးသောင်းခွဲရောင်းရသဖြင့် တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း ပဲစိုက်တောင်သူ ဦးတင်ရွှေ၏ ပြောကြားမှုအရ သိရသည်။ ကျောက်ဆည်မြို့နယ်တွင် ပဲတီစိမ်း စိုက်ဧက ၇၃၂၀ စိုက်ပျိုးထားရှိကြောင်းလည်း စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**သက်မောင်(ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ် မျိုးစေ့ထုတ်သမဝါယမအသင်းက အသင်းသားများသို့ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

**ဂန့်ဂေါ မေ ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် အသင်းသားများ၏ဆန္ဒနှင့်အညီ ယောအားမာန် မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းကို ဖွဲ့စည်းပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ သန့်စင်ပြီး မျိုးစပါးအိတ်များကို မြို့နယ် သမဝါယမအသင်းစုကုန်စုံဆိုင်တွင် သိုလှောင်ထားရှိပြီး စိုက်ပျိုးရာသီအမီ အချိန်နှင့်တစ်ပြေးညီ မျိုးစေ့ချစိုက်ပျိုးနိုင်ရန်အတွက် စံချိန်သစ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ ဂဠုန်မင်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့၏ အသင်းသားတောင်သူများလက်ဝယ်သို့ မျိုးစပါးများ ဖြန့်ဖြူးပေးလျက်ရှိသည်။

သမဝါယမအသင်းများအပြင် အခြားတောင်သူလယ်သမားများက မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဝယ်ယူလိုပါက မြို့နယ်သမဝါယမအသင်းစုထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည် လယ်တွင်းကိုးခရိုင်မှ ပေါ်ဦးပေါ်ဖျား ထွက်ရှိသည့် ဂျပန်နှမ်းဖြူများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် လယ်တွင်းကိုးခရိုင်မှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသည့် ဂျပန်နှမ်းဖြူများ ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ ပေါ်ဦးပေါ်ဖျား စတင်ဝင်ရောက်လာပြီး တောင်သူများ နှစ်သက်သည့်ဈေးနှုန်းဖြင့် အဖွင့်ဈေးရရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်းသို့ ကျောက်ဆည်လယ်တွင်းကိုးခရိုင်နှင့် သဲတော၊ ဝမ်းတွင်းမြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် ဂျပန်နှမ်းဖြူများ စတင်ဝင်ရောက်လာပြီး အဆိုပါနှမ်းမှာ ဂျပန်နိုင်ငံမှ မျိုးစေ့ကို စမ်းသပ်စိုက်ပျိုးရာမှ အောင်မြင်ဖြစ်ထွန်းသည့်အတွက် ဂျပန်နှမ်းဖြူဟု ခေါ်တွင်ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်းသို့ ဂျပန်နှမ်းဖြူနှင့်အတူ မကွေးတိုင်းဒေသကြီး စလင်း၊ ဆင်ဖြူကျွန်း၊ ပခုက္ကူ၊ ရေစကြိုမြို့နယ်များမှ ထွက်ရှိသည့် စမုံနက်နှမ်း၊ ရိုးရိုးနှမ်းဖြူ၊ နှမ်းနက်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်၊ မြင်းမူမြို့နယ်များမှ ထွက်ရှိသည့် ရိုးရိုးနှမ်းဖြူနှင့် နှမ်းနက်များမှာလည်း ဝင်ရောက်စပြုနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနှမ်းများမှာ လက်ရှိတွင် ပေါ်ဦးပေါ်ဖျား အဖွင့်ဈေးများအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ဂျပန်နှမ်းဖြူမှာ ငွေကျပ်တစ်သိန်းလေးသောင်းငါးထောင်နှုန်းဖြင့်လည်းကောင်း၊ စမုံနက်နှမ်းမှာ ငွေကျပ် နှစ်သိန်းတစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ရိုးရိုးနှမ်းဖြူမှာ ငွေကျပ်တစ်သိန်းသုံးသောင်းနှုန်းဖြင့် လည်းကောင်း၊ ရိုးရိုးနှမ်းနက်မှာ ငွေကျပ်တစ်သိန်းသုံးသောင်း ငါးထောင်နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တောင်သာမြို့နယ်၌ မိုးစတင်ရွာသွန်းခြင်းကြောင့် ကျေးလက်တောင်သူများ မြေပဲနှင့် ပဲစင်းငုံ စတင်စိုက်ပျိုး

**တောင်သာ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် ယမန်နေ့ ညနေပိုင်းက ရွာသွန်းခဲ့သည့် မိုးကြောင့် တောင်သာမြို့နယ်ရှိ ကျေးလက်တောင်သူများ မြေပဲနှင့်ပဲစင်းငုံများ စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

တောင်သာမြို့နယ် အတွင်းရှိ ကျေးလက် တောင်သူများသည် မိုးရာသီတစ်ရာသီကိုသာ အဓိကထားပြီး စိုက်ပျိုးရေးလုပ်ကိုင်ရသည့် ဒေသဖြစ်သောကြောင့် မိုးဦးကျချိန်တွင် အဆင်သင့်စိုက်ပျိုးနိုင်ရန်အတွက် ယာမြေများနှင့် မျိုးစေ့များကို နွေရာသီအချိန်ကပင် ပြင်ဆင်ထားကြောင်း သိရသည်။

“ မိုးဦးကျချိန်မှာ အခုလို အဆင်သင့် စိုက်ပျိုးနိုင်အောင် နွေရာသီကတည်းက ယာမြေတွေရဲ့ ယာခင်းစပ် (နလယ်) တွေကို ခုတ်ပြီး ရှင်းလင်းထားတယ်။ နွားချေးတွေထည့် ထွန်ရေးညက်အောင် ထွန်ပြီးတော့ မြေဆီနှပ်ထားရတယ်။ စိုက်ပျိုးမယ့် မျိုးစေ့တွေကို အဆင့်သင့်ဖြစ်အောင် မျိုးအဖြစ်ထားတဲ့ မြေပဲတွေကို မြေပဲခွဲစက်နဲ့ခွဲပြီး မြေပဲစေ့တွေကို မျိုးစေ့အဖြစ် သီးသန့်ရွေးထားရတယ်” ဟု တောင်သာမြို့နယ် သံဘိုကျေးရွာမှ တောင်သူ ဦးဌေးဝင်းက ပြောသည်။

တောင်သာမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးသီးနှံများအဖြစ် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း (ပဲနောက်)နှင့် ပြောင်းသီးနှံများသာ အဓိကထား စိုက်ပျိုးကြသည်။ ယခုမိုးဦး မရွာသွန်းမီ မိုးကြိုမိုးဖြင့် စိုက်ပျိုးထားသည့် မြေပဲစိုက်ခင်းအချို့ ပျက်စီးကြောင်းလည်း သိရသည်။



“မနေ့က ရွာတဲ့မိုးကြောင့် လုံလောက်တဲ့ အစိုဓာတ်ရတာနဲ့ ဒီနေ့မှာတော့ မြေပဲနဲ့ ပဲစင်းငုံစိုက်တယ်။ ဒီနှစ်မိုးဦး နောက်ကျတယ်လို့ ပြောရမယ်။ အရင်နှစ်တွေဆို ဒီအချိန်စိုက်ပြီးနေပြီ။ ကျေးရွာအချို့မှာ မိုးကြိုနဲ့ စိုက်ပျိုးထားတဲ့ တောင်သူတွေရှိတယ်။ မိုးကဆက်မရွာတော့ မြေပဲခင်းတွေလည်း မိုးမျှော်ရင်းနဲ့ ပျက်စီးကုန်တယ်။ ကျွန်တော်တို့လို ကျေးလက်တောင်သူတွေက မိုးရာသီမှာပဲ မြေပဲ၊ နှမ်းတွေကို အားထားစိုက်ကြရတာ၊ မြေပဲ၊ နှမ်းတွေက ရတဲ့ဝင်ငွေနဲ့ပဲ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအားလုံးကို တစ်နှစ်လုံး သုံးစွဲကြရတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခုအခါ တောင်သာမြို့နယ်တွင်းရှိ ကျေးလက်တောင်သူများသည် မိုးဦးရာသီစိုက်ပျိုးသီးနှံများအဖြစ် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း (ပဲနောက်)နှင့် ပြောင်းသီးနှံများ စိုက်ပျိုးလျက်ရှိပြီး မိုးလယ်မိုးဖြင့် ဝါဆိုပဲများ စိုက်ပျိုးနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**ဟိန်းမင်းစိုး**

# နံ့သာကျွန်းနှင့် မေယုမြစ်ဝကို ကမ္ဘာ့အဆင့်အရေးပါသော “ရမ်ဆာ” ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းခံရ

**နေပြည်တော် မေ ၂၁**

နံ့သာကျွန်းနှင့် မေယုမြစ်ဝအား ကမ္ဘာ့အဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ (Ramsar Site) အဖြစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီမှုအရ သစ်တောဦးစီးဌာနနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) တို့ ပူးပေါင်းအဆိုပြုခဲ့ရာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲနေ့ (International Day for Biological Diversity) ဖြစ်သည့် မေ ၂၂ ရက်တွင် ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် ရမ်ဆာကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးက သတ်မှတ်လိုက်ကြောင်း သိရသည်။

နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် စစ်တွေမြို့နယ်အကြား တည်ရှိပြီး ဧရိယာအားဖြင့် ဟက်တာပေါင်း ၃၆၀၈ ဟက်တာ (၈၉၁၆ ဧကခန့်) သာ ကျယ်ဝန်းသော်လည်း ငါး၊ ပုစွန်၊ ခရု၊ ကဏန်း စသည်တို့ ပေါကြွယ်ဝသော ရွှံ့နွံတော/ လတာပြင်များ ရှိသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲစုံလင်ပြီး မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသော ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ ခန့်သာ ကျန်ရှိတော့သည့် ရေညှောင့်နှုတ်ဝိုင်းငှက်ကောင်ရေ ၂၃ ကောင်မှ ၃၆ ကောင်ခန့်အထိ နှစ်စဉ်လာရောက် ဆောင်းခိုလေ့ရှိသည့်အပြင် မျိုးသုဉ်းရန် အန္တရာယ်ရှိသော ပင်လယ်လိပ်ကြီးများလည်း တက်ရောက်ဥဥ ကျက်စားလေ့ရှိသော နေရာတစ်ခုဖြစ်သည်။


နံ့သာကျွန်းနှင့် မေယုမြစ်ဝအား ရမ်ဆာကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက် ကိုးခုအနက် စံသတ်မှတ်ချက် ငါးချက်နှင့် ကိုက်ညီသည့်အတွက် ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။ ၎င်းစံသတ်မှတ်ချက် ငါးခုမှာ ရွှံ့နွံလတာပြင်များဖြင့် ထူးခြားကောင်းမွန်သည့် သဘာဝရေဝပ်ဒေသအမျိုးအစားဖြစ်ခြင်း၊ မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်လျက်ရှိသော ရေညှောင့်နှုတ်ဝိုင်းငှက် နှစ်စဉ်ကောင်ရေ ၂၃ ကောင်မှ ၃၆ ကောင်ခန့် လာရောက်ကျက်စားလျက်ရှိပြီး အခြားရှားပါးမျိုးစိတ်များဖြစ်သော နေ့ဘ၊ နှုတ်သီးရှည်မြီးမဲ၊ နှုတ်တိုရှည်ငှက်၊ ခြေစိမ်းပြောက်နှင့် တောင်နှမ်းခေါင်းကြား စသည့် ရွှေ့ပြောင်းငှက်များလည်း လာရောက်ဆောင်းခိုသည့် နေရာဖြစ်သည့်အပြင် ကမ္ဘာ့ရှားပါး ပင်လယ်လိပ်မျိုးစိတ်များဖြစ်သည့် ပြင်သာလိပ်၊ လိပ်စောင်းလျားနှင့် လိပ်လှောင်းတို့ ဥဥ ကျက်စားသည့်နေရာဖြစ်ခြင်း၊ ယင်းသို့ ဆောင်းခိုငှက်များ ရွှေ့ပြောင်းကျက်စားခြင်းနှင့် ပင်လယ်လိပ်များ တက်ရောက် ဥဥခြင်းတို့ကြောင့် မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များ၏ ဇီဝစက်ဝန်းအရ အရေးပါသည့်နေရာဖြစ်ခြင်း၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ ခြေစိမ်းပြောက်နှင့် တောင်နှမ်းခေါင်းကြား စသည့် ရှားပါးငှက်များ ကမ္ဘာ့စုစုပေါင်းကောင်ရေ၏ ၁ ရာခိုင်နှုန်းကျော် လာရောက်ကျက်စားသည့် နေရာဖြစ်ခြင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများသည် ငါး၊ ပုစွန်၊ ကဏန်းတို့ သားပေါက်ရှင်သန်ကျက်စားရာ နေရာဖြစ်ခြင်းတို့ကြောင့် ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (EAAFP) ကွန်ရက်နယ်မြေတစ်ခုလည်းဖြစ်ပြီး ထိန်းသိမ်းကာကွယ်မှုအား စနစ်တကျ ဆောင်ရွက်နိုင်ရန် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၏ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲနေ့ ဆောင်ပုဒ်ဖြစ်သည့် “Our solutions are in nature” အရ လူသားများ လိုအပ်ချက်အတွက် ဖြေရှင်းမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအပေါ်တွင် မူတည်သည်ဖြစ်ရာ သယံဇာတ အရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီစွာ ထိန်းသိမ်းကာကွယ်ရန်၊ စီမံအုပ်ချုပ်ရန်နှင့် အသုံးပြုရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၄)၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၆)၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၇)၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈)၊ မုတ္တမပင်လယ်ကွေ့ဒေသ (၂၀၂၀) တို့အား ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားပြီးဖြစ်၍ နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် ဆဋ္ဌမမြောက် ရမ်ဆာဒေသဖြစ်လာသည့်အတွက် ယခုအခါ မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်အရေးပါသော ရမ်ဆာရေဝပ်ဒေသ ခြောက်ခု၊ ဧရိယာ ၂၇၈,၆၆၉ ဟက်တာ ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၀၅ ခုနှစ်ကတည်းက စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံအတွင်းရှိ ရေဝပ်ဒေသအားလုံးကို ဒေသခံများ၏ အခြေခံစားဝတ်နေရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် လျော့နည်းစေခြင်း၊ ထိန်းညှိခြင်းတို့အတွက် အကျိုးရှိစွာ အသုံးချခြင်း၊ နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသများ (ရမ်ဆာဒေသ) ကို ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ပူးတွဲပိုင်ဆိုင်သည့် ရေအရင်းအမြစ်များနှင့် မျိုးစိတ်များအပေါ် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းစသည့် ကွန်ဗင်းရှင်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရမ်ဆာဒေသအဖြစ် သတ်မှတ်ရန် အလားအလာကောင်းမွန်သည့် ရေဝပ်ဒေသအများအပြားရှိရာ ကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုကို ဆန်းစစ်၍ ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် အဆိုပြုခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နံ့သာကျွန်းနှင့် မေယုမြစ်ဝ ရမ်ဆာဒေသ တည်နေရာပြမြေပုံ။



ဆောင်းခိုငှက်များ လာရောက်ကျက်စားမှုကို တွေ့ရစဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘိုဂူရမြို့အနီးမှ ဖြတ်ကျော်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက် - အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ယနေ့ညနေပိုင်းတွင် တဖြည်းဖြည်း အားပျော့ ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# အင်းလေးကန် ရေဝေရေလဲဒေသ တောင်ကတုံးများတွင် သစ်စေ့မြေလုံးများ ဆူးထိုးစိုက်ပျိုး

**ညောင်ရွှေ မေ ၂၁**

အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းရေးအတွက် အင်းလေးကန် ရေဝေရေလဲဒေသအတွင်း သစ်ပင်ပေါက်ရောက်မှု မရှိသော တောင်ကတုံးများတွင် သစ်စေ့မြေလုံး(Seed Ball) များ ဆူးထိုးစိုက်ပျိုးခြင်းကို အင်းလေးအရှေ့ သစ်တော ကြိုးဝိုင်းအတွင်းရှိ ရန်အောင်မြင် တောင်ကုန်း၌ စိုက်ပျိုး ဆောင်ရွက်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန် မတိမ်ကောရေးအတွက် သစ်တော သစ်ပင် စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးဦးပိုင်းကာလ မေလတတိယပတ်အတွင်း သစ်ပင်ပေါက်ရောက်မှု နည်းပါးသည့် တောင်ကတုံးများတွင် သစ်စေ့ ၇၂၀၀၀ ပါဝင်သည့် သစ်စေ့မြေလုံး ၂၄၀၀၀ ကို ကိုးပေအကွာစီ ဆူးထိုးစိုက်ပျိုးခဲ့ပြီး သစ်စေ့မျိုးစုံ ၆၃၀၀၀ ကို ကြဲပက်ခဲ့ကြောင်း၊ အဆိုပါ သစ်စေ့မြေလုံးများ ဆူးထိုးစိုက်ပျိုးရာတွင် ဘောစကိုင်း ၁၂၅၀၀၊ မဲဇလီ ၇၅၀၀၊ ရေသင်းဝင် ၄၀၀၀ ကို ဒေသခံပြည်သူများနှင့်အတူ စိုက်ပျိုးခဲ့ကြောင်း၊ ဆက်လက်၍ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောရှိ သစ်ပင်ပေါက်ရောက်မှု နည်းပါးသည့် တောင်ကတုံးများတွင်လည်း သစ်စေ့မြေလုံး ၃၀၀၀၀ ခန့် ဆူးထိုးစိုက်ပျိုးပြီး သစ်တောသစ်ပင်မျိုးစေ့ ၂၀၀၀၀၀ ကျော်ကို ကြဲပက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင်၏ ပြောကြားချက်အရ သိရသည်။

**နေမျိုးသူရိန်**



# တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်ကို မေ ၂၂ ရက်တွင် စတင်မည်

**ပေကျင်း မေ ၂၁**

တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်ကို မေ ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါအမျိုးသားပြည်သူ့ကွန်ဂရက်၏ နှစ်ပတ်လည်အစည်းအဝေးကို မတ်လတွင် ကျင်းပမြဲဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားပြည်သူ့ကွန်ဂရက်သည် တရုတ်နိုင်ငံ၏ အရေးပါဆုံးအစည်းအဝေးများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး တရုတ်နိုင်ငံတစ်ဝန်းမှ ကိုယ်စားလှယ် ၃၀၀၀ နီးပါးသည် လာမည့်နှစ်များအတွက် အခြေခံမူဝါဒများကို ဆုံးဖြတ်ရန် တက်ရောက်ကြသည်။ တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်ကို နှစ်လခွဲခန့် ရွှေ့ဆိုင်းထားခဲ့ပြီးနောက် မေ ၂၂ ရက်တွင် တရုတ်နိုင်ငံ၏မြို့တော် ပေကျင်း၌ ကျင်းပမည်ဖြစ်သည်။

သမ္မတ ရှီကျင့်ဖျင်နှင့် ကွန်မြူနစ်ပါတီမှ အခြားသော ထိပ်တန်းအဆင့်ရှိ တာဝန်ရှိသူများသည် နိုင်ငံရေးအကြံပေးကွန်ဖရင့်သို့ တက်ရောက်ကြမည်ဖြစ်သည်။ အဆိုပါကွန်ဖရင့်သည် သမ္မတရှီကျင့်ဖျင်၏ ခေါင်းဆောင်မှုအောက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တရုတ်နိုင်ငံအနေဖြင့် မည်သို့အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့သည်ဆိုသည့်အချက်ကို အဓိကထားလာနိုင်သည်ဟု ယုံကြည်ရသည်။

တက်ရောက်လာသူများကမူ စီးပွားရေးပြန်လည်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တရုတ်အစိုးရအနေဖြင့် လက်ရှိမည်သို့ဆောင်ရွက်သွားမည်ကို အလေးထားဆွေးနွေးသွားဖွယ်ရှိနေသည်။ အမျိုးသားပြည်သူ့ကွန်ဂရက်ဖွင့်ပွဲတွင် တရုတ်ဝန်ကြီးချုပ် လီခချန်းက အလုပ်သဘောကြေညာချက်တစ်ရပ်ထုတ်ပြန်ရန်လည်း မျှော်လင့်ထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**




# အကျင့်ပျက်ခြစားမှုကြောင့် ဘိုလီးဗီးယား ကျန်းမာရေးဝန်ကြီးကို ရာထူးမှဖယ်ရှား

**လာပက်ဇ် မေ ၂၁**

ဘိုလီဗီးယား ယာယီသမ္မတ ဂျင်နိုင်းအေးနက်ဇ်ချာဗက်က ကျန်းမာရေးဝန်ကြီး မာဆယ်လိုနာဗာဂျာကို ကိုဗစ်-၁၉ လူနာများအတွက် စပိန်နိုင်ငံလုပ် အသက်ရှူအထောက်အကူပြုကိရိယာ ၁၇၀ အား မတန်တဆဈေးနှုန်းဖြင့် ဝယ်ယူမှုအပါအဝင် ငွေကြေးအလွဲသုံးစားမှုတစ်ခုတွင် ပါဝင်မှုကြောင့် ရာထူးမှထုတ်ပယ်ခဲ့သည်။

နာဗာဂျာကို ရဲတပ်ဖွဲ့က ဖမ်းဆီးပြီး ဆက်သွယ်ရေးဝန်ကြီး အစ္စဘယ်ဖာနန်ဒက်ဇ်က အဆိုပါသတင်းကို ထုတ်ပြန်ခဲ့သည်။ ဘိုလီဗီးယားနိုင်ငံရှိ ပွဲစားများမှတစ်ဆင့် စပိန်နိုင်ငံရှိ ကုမ္ပဏီတစ်ခုထံမှ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၂၇၆၈၃ ဖြင့် ဒေါ်လာ ၄ါး သန်းနီးပါး အကုန်အကျခံကာ အသက်ရှူအထောက်အကူပြုကိရိယာ ၁၇၀ ကျော် ဝယ်ယူခဲ့သည်။ စပိန်နိုင်ငံရှိ GPA Innova ကုမ္ပဏီထုတ် အသက်ရှူအထောက်အကူပြု ကိရိယာ တစ်လုံးလျှင် ၇၁၉၄ ဒေါ်လာ သာရှိကြောင်း ဘိုလီဗီးယားမီဒီယာများက ဖော်ထုတ် ခဲ့သည်။ အဆိုပါ အသက်ရှူအထောက်အကူပြု ကိရိယာများမှာ အထူးကုသဆောင်တွင် အသုံးပြုရန် လိုအပ်ချက်များ မပြည့်မီဟု ဆရာဝန်များက ပြောကြားချိန်တွင် အရှုပ်တော်ပုံမှာ အရှိန်မြင့်လာခဲ့သည်။

"တရားရေးဌာနရဲ့အလုပ်မှာ စွက်ဖက်မှုမရှိဖို့နဲ့ စုံစမ်းစစ်ဆေးမှုတွေ မကြန့်ကြာစေဖို့ သမ္မတက မာဆယ်လိုနာဗာဂျာကို ကျန်းမာရေးဝန်ကြီးရာထူးက ဖယ်ရှားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လက်ရှိကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အိုင်ဒီရိုကာက ဝန်ကြီးရာထူးကို ယာယီ တာဝန်ယူပါလိမ့်မယ်" ဟု ဖာနန်ဒက်ဇ်က ပြောသည်။ "အသက်ရှူအထောက်အကူပြုကိရိယာတွေဝယ်ယူတဲ့ အကျင့်ပျက်ခြစားမှုကျူးလွန်တဲ့သူတွေကို စုံစမ်းစစ်ဆေးမှုဆက်လက်ပြုလုပ်ဖို့နဲ့ ပြည်သူတွေဆီ ငွေတွေပြန်ရောက်လာဖို့ ကျွန်မကတိပြုပါတယ်။ ဆေးရုံတွေမှာ ပွင့်လင်းမြင်သာစွာ ကိရိယာတွေတပ်ဆင်ဖို့ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ယာယီသမ္မတ ချာဗက်က တွစ်တာ၌ ရေးသားခဲ့သည်။

အရှုပ်တော်ပုံတွင် ပါဝင်မှုကြောင့် စုံစမ်းစစ်ဆေးခံနေရသည့် အခြားတာဝန်ရှိသူများကိုလည်း ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ဖာနန်ဒက်ဇ်က ဆိုသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဥပဒေဌာန၏ အကြီးအကဲနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများဝယ်ယူရေးအေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ်တို့ကိုလည်း ဖမ်းဆီးခဲ့သည်။ လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၄၈၁ ဦးနှင့် သေဆုံးသူ ၁၈၉ ဦးရှိကြောင်း ဘိုလီဗီးယားနိုင်ငံ ထုတ်ပြန်ခဲ့သည်။

**ကိုးကား-သည်ဆန်တီယာဂိုတိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



ဘိုလီဗီးယား ကျန်းမာရေးဝန်ကြီး မာဆယ်လိုနာဗာဂျာ

# အီတလီနှင့် ဂရိနိုင်ငံတို့တွင် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ဇူလိုင်လအတွင်း ပြန်လည်ပြေးဆွဲခွင့်ပြုမည်

**အေသင် မေ ၂၁**

ဥရောပတိုက်က ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှုများမှ တဖြည်းဖြည်းရုန်းထွက်လျက်ရှိရာ ခရီးသွားနယ်မြေများသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုကို လာမည့်လများအတွင်း ပြန်လည်စတင်မည်ဟု အီတလီနှင့် ဂရိနိုင်ငံတို့မှ တာဝန်ရှိသူများက ပြောသည်။

ထင်ရှားသော ကမ္ဘာလှည့်ခရီးသွားနယ်မြေ ခရီတီနှင့် အခြားဒေသများသို့ အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များ အသွားအပြန်ပြေးဆွဲမှုကို ဇူလိုင် ၁ ရက်မှစ၍ ပြန်လည်စတင်မည်ဟု ယမန်နေ့က ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း ဂရိဝန်ကြီးချုပ် ကိုင်ရီယာကော့စ်မက်ဆိုတာကစ်က ကြေညာခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများအတွက် တည်းခိုရေးအဆောက်အအုံများကို ဇွန် ၁၅ ရက်မှစ၍ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး ကူးစက်ရောဂါတိုက်ဖျက်ရေး ကျင့်ဝတ်များကို လိုက်နာမည်ဖြစ်သော်လည်း ဂရိနိုင်ငံ၏ သဘာဝအလှတရားကို လောင်းရိပ်မိခံမည်မဟုတ်ဟု ၎င်းက ပြောသည်။

ဇွန် ၃ ရက်မှစ၍ အီတလီနိုင်ငံရှိ လေဆိပ်အားလုံး ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု အီတလီပို့ဆောင်ရေးဝန်ကြီး ပါအိုလာဒီမက်ချီလီက မေ ၂၀ ရက်တွင် တွစ်တာ၌ ရေးသားခဲ့သည်။ နွေရာသီအားလပ်ရက်ရာသီ မစတင်မီ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဘေးသင့် ခရီးသွားလုပ်ငန်းများကို မြှင့်တင်ပေးရန် ဥရောပနိုင်ငံများက မျှော်လင့်နေကြသည်။

ထိုအချိန်အတွင်း တာဝန်ရှိသူများအတွက် စိန်ခေါ်မှုမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းထိန်းချုပ်ရေးဖြစ်လာမည်ဟု ဆိုသည်။

**ဘာသာပြန်-ကျော်ထိုက်စိုး**
**ကိုးကား-အင်န်အိတ်ချ်ကေ**

# ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရန် အမေရိကန်နိုင်ငံမှ ထောက်ပံ့ကူညီငွေ ဒေါ်လာ တစ်ဘီလီယံ ဗြိတိန်ဆေးဝါးကုမ္ပဏီ ရရှိ

**လန်ဒန် မေ ၂၁**

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရန် ထောက်ပံ့ကူညီငွေ ဒေါ်လာတစ်ဘီလီယံကျော် (ယူရို သုည ဒသမ ၉ ဘီလီယံ)ကို အမေရိကန်နိုင်ငံမှ လက်ခံရရှိခဲ့ကြောင်း ဗြိတိန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ အက်စထရာဇီနီကာက ယနေ့ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများကို ငွေကြေးအမြောက်အမြားထောက်ပံ့ကူညီသည့် ကျေးဇူးကြောင့် အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများထက်စော၍ ကာကွယ်ဆေးရရှိနိုင်သည်ဟု ကမ္ဘာ့နိုင်ငံများအကြား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေချိန် သတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး ထုတ်လုပ်သည့်အတတ်ပညာကို နိုင်ငံများအား မျှဝေသင့်ကြောင်း ကမ္ဘာ့ခေါင်းဆောင်များက တောင်းဆိုနေသည့်အချိန်တွင် ထုတ်လုပ်ရရှိမည့် မည်သည့်ကာကွယ်ဆေးကိုမဆို အမေရိကန်နိုင်ငံက ပထမဦးဆုံး ရရှိမည်ဟု ပြောကြားခဲ့သည့် ပြင်သစ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဆာနိုဖီကို ပြင်သစ်နိုင်ငံက ပြစ်တင်ဝေဖန်ခဲ့သည်။




ကာကွယ်ဆေးဖွံ့ဖြိုးရေး၊ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအတွက် အမေရိကန် အဆင့်မြင့် ဇီဝဆေးဝါးသုတေသနနှင့် ဖွံ့ဖြိုးရေးအာဏာပိုင် (BARDA) ထံမှ ထောက်ပံ့ကူညီငွေ ဒေါ်လာတစ်ဘီလီယံကျော် ယနေ့ရရှိကြောင်း အက်စထရာဇီနီကာ ကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ အက်စထရာဇီနီကာ ကုမ္ပဏီသည် ဗြိတိန်တွင် စမ်းသပ်နေသည့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ချိရေးအတွက် အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အက်စထရာဇီနီကာ ကုမ္ပဏီကို အမေရိကန်နိုင်ငံ၏ ငွေကြေးထောက်ပံ့မှုသည် ဗြိတိန်၏ ငွေကြေးထောက်ပံ့မှုထက် အဆပေါင်းများစွာ ပိုများသည်။ ဗြိတိန်အစိုးရသည် ကာကွယ်ဆေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းကုမ္ပဏီကို ပေါင်သန်း ၂၀ ( ဒေါ်လာ ၂၄ ဒသမ ၄ သန်း) သာ ထောက်ပံ့ထားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေး အရေးပေါ်လုံခြုံရေးဥပဒေကို သက်တမ်းထပ်တိုးရန် ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ တိုက်တွန်း

**ဗန်ကောက် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန်အတွက် ထိုင်းအစိုးရက လက်ရှိကျင့်သုံးလျက်ရှိသော အရေးပေါ်ဥပဒေကို နောက်ထပ်တစ်လ သက်တမ်းတိုးရန် ထိုင်းအမျိုးသားလုံခြုံရေးကောင်စီက ယနေ့တိုက်တွန်းလိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ အခြေအနေစီမံခန့်ခွဲရေးဗဟိုဌာန၏ ဥက္ကဋ္ဌတာဝန်နှင့် ဝန်ကြီးချုပ်တာဝန်ကို ပူးတွဲထမ်းဆောင်သည့် ပရာယုဒ်ချန်အိုချာသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်ရှိကျင့်သုံးလျက်ရှိသော အရေးပေါ်ဥပဒေကို ဇွန်လကုန်အထိ သက်တမ်းထပ်တိုးရန် အမျိုးသားလုံခြုံရေးကောင်စီ၏ အဆိုပြုချက်ကို မေ ၂၂ ရက်တွင် အတည်ပြုမည်ဟု မျှော်လင့်ရသည်။

ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြဋ္ဌာန်းထားသည့် အရေးပေါ်ဥပဒေကို မေလကုန်အထိ အကျုံးဝင်စေရန် ကနဦးက စီစဉ်ထားသော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ်မူတည်၍ သက်တမ်းထပ်တိုးရန် အဆိုပြုခြင်းဖြစ်ဖွယ်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ဖြစ်လာနိုင်ဖွယ်ရှိသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဒုတိယလှိုင်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရောဂါနှိမ်နင်းရေးနှင့် ထိန်းချုပ်ရေးအတွက် လက်ရှိအရေးပေါ်ဥပဒေကို နောက်ထပ်တစ်လ သက်တမ်းထပ်တိုးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် ဆွမ်ဆာ့ခ်ရန်ကစီတာက ပြောသည်။

ယနေ့ကျင်းပသည့် ထိုင်းအမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးကို တက်ရောက်လာခဲ့ကြသည့် ပြည်သူ့ကျန်းမာရေးအရာရှိများနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ်ကြီးများသည် လက်ရှိအသုံးပြုနေသော အရေးပေါ်ဥပဒေကို သက်တမ်းထပ်တိုးရန် သဘောတူခဲ့ကြကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ဒိန်းမတ်ပါလီမန်က ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဒုတိယအဆင့်ဖြေလျှော့မှုကို ဆောင်ရွက်ရန် သဘောတူ



**ကိုပင်ဟေဂင် မေ ၂၁**
ဒိန်းမတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဒုတိယအဆင့် ဖြေလျှော့မှုတစ်ရပ်အနေဖြင့် ပြတိုက်များ၊ ကပွဲရုံများ၊ ပန်းချီပြခန်းများ၊ ရုပ်ရှင်ရုံများ၊ ရေအောက်ပြခန်းများ၊ တိရစ္ဆာန်ရုံများနှင့် ရုက္ခဗေဒပြခန်းများအား ပြန်လည်ဖွင့်လှစ်ရန် အစိုးရနှင့် ပါလီမန်က ယမန်နေ့တွင် သဘောတူညီခဲ့သည်။

ယာယီပိတ်ထားသော နယ်စပ်ဂိတ်များကိုလည်း မေ ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး နော်ဒစ်ဒေသနိုင်ငံများနှင့် ဂျာမနီနိုင်ငံတို့မှ အသိအမှတ်ပြုဝင်ခွင့် အထောက်အထားရရှိထားသူများအား ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

စာသင်ကျောင်းများ၊ ကောလိပ်ကျောင်းများနှင့် ဘာသာစကားသင်ကြားရေးစင်တာများကိုလည်း မေ ၂၇ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ကစားကွင်းများ၊ ညကျောင်းများ၊ ကလေးများနှင့် လူငယ်များအတွက်ပြုလုပ်သော နွေရာသီလှုပ်ရှားမှုများကိုလည်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။ အများပြည်သူနှင့် ပတ်သက်သော လုပ်ငန်းများမှ အလုပ်သမားများမှာ လုပ်ငန်းပြန်လည်ဝင်ရောက်ရမည်ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးဒေသများဖြစ်သည့် နိုင်ငံအရှေ့ဘက်ပိုင်းအုပ်ချုပ်ရေးဒေသဖြစ်သည့် ကပ်ပီတယ်ဒေသနှင့် ဇီလန်ဒေသရှိ အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းမှ ရပ်နားခွင့်ပြုထားသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်နှင့် အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ ထပ်မံမြင့်တက်လာပါက ယခုဖြေလျှော့မှုများကို ပြန်လည်ရုပ်သိမ်းမည်ဟု ဒိန်းမတ်ဝန်ကြီးချုပ် ဖရက်တီရစ်စင်က ပြောကြားသည်။ ဒိန်းမတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်ကူးစက်သူ ၁၁၁၁၇ ဦးရှိပြီး သေဆုံးသူပေါင်း ၅၅၄ ဦးရှိသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# EasyJet လေကြောင်းလိုင်းက ဇွန် ၁၅ ရက်မှစ၍ ခရီးစဉ်များ ပြန်လည် ပျံသန်းပြေးဆွဲမည်

**လန်ဒန် မေ ၂၁**
ကိုရိုနာဗိုင်းရပ်စ်ကြောင့် လေယာဉ်အားလုံးကို မတ်လ လကုန်ပိုင်းမှ စတင်ကာ ရပ်နားထားခဲ့ပြီးနောက် လေယာဉ်အရေအတွက် အနည်းငယ်ဖြင့် ဇွန် ၁၅ ရက်မှစ၍ လေယာဉ်ခရီးစဉ်များကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ဗြိတိန်လေကြောင်းလိုင်း EasyJet က ယနေ့ ပြောကြားသည်။

အမြတ်အစွန်း ရရှိရန်အတွက် ခရီးသည် အလုံအလောက်ရှိမည်ဟု ယုံကြည်ရသည့် လမ်းကြောင်းများတွင် လေယာဉ်ခရီးစဉ် အနည်းငယ်ကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ၎င်းလေကြောင်းလိုင်းက ထုတ်ပြန် ကြေညာသည်။

အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံ ပြည်တွင်းခရီးစဉ်များ အဓိက ပါဝင်မည်ဖြစ်ကြောင်း၊ ဥရောပတစ်လွှား ဗိုင်းရပ်စ်ကြောင့် မြို့ရွာအဝင်/အထွက် ပိတ်ဆို့မှုများ ဖြေလျှော့၍ ခရီးသည်များ တိုးလာပါက တိုးချဲ့မည့်ခရီးစဉ်များကို လာမည့်ရက်သတ္တပတ်များအတွင်း ကြေညာမည်ဖြစ်ကြောင်း ၎င်းလေကြောင်းလိုင်းက ကြေညာချက်တွင် ဖော်ပြသည်။

လေယာဉ်ခရီးစဉ်များ ပြန်လည်စတင်ရာတွင် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းအားလုံး နှာခေါင်းစည်းများ ဝတ်ဆင်ရမည်ဖြစ်ပြီး EasyJet လေကြောင်းလိုင်းက လေယာဉ်များကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ လေယာဉ်ပေါ်တွင် လက်သန့်ဆေးရည်နှင့် ဗိုင်းရပ်စ်ပိုး သန့်စင်နိုင်သည့် အဝတ်စများကို ရရှိနိုင်မည်ဖြစ်ပြီး အစားအသောက်ဝန်ဆောင်မှု ရရှိမည်မဟုတ်ပေ။

ဇွန်လလယ်ပိုင်းတွင် လေယာဉ်ခရီးစဉ်များ ပြန်လည်ပျံသန်းပြေးဆွဲမည်ဖြစ်၍ အမှန်ပင် ပျော်ရွှင်မိကြောင်း EasyJet ၏ အမှုဆောင်အရာရှိချုပ် ဂျိုဟန် လွန်ဂရန်က ပြောကြားသည်။ EasyJet ၏ ပြိုင်ဘက် ရိုင်ယန်အဲယား(Ryanair) လေကြောင်းလိုင်းကလည်း ၎င်း၏ လေယာဉ်ခရီးစဉ် ၄၀ ရာခိုင်နှုန်းကို ဇူလိုင်လတွင် ပြန်လည်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန်–အောင်ဇော်လင်း**




# အင်ဒိုနီးရှားနိုင်ငံ၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နှစ်ဦးသေ၊ နေအိမ်အများအပြား ပျက်စီး

**ဂျာကာတာ မေ ၂၁**
အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းပေါ်ရှိ ကျေးရွာအများအပြားကို မွှေနှောက်၍ လေဆင်နှာမောင်းတစ်ခု တိုက်ခတ်ခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး နေအိမ် ရာနှင့်ချီ၍ ပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

လမ်ပွန်ပြည်နယ် တူလန်ဘာဝမ်ခရိုင်တွင် ယမန်နေ့နှောင်းပိုင်းက လေဆင်နှာမောင်းတစ်ခု တိုက်ခတ်ခဲ့ရာ လူခြောက်ဦးထက်မနည်း ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရာဒက်ယာဂျာတီက ပြောကြားသည်။ အင်အားပြင်းထန်သော လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကျေးရွာသုံးရွာတွင် နေအိမ် ၂၄၅ လုံး ပျက်စီးခဲ့ပြီး နေရာအများစုတွင် ဓာတ်အားပြတ်တောက်ခဲ့ကြောင်း ၎င်းက ဆိုသည်။

တာဝန်ရှိသူများက အပျက်အစီးများ ရှင်းလင်းနိုင်ရန် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာဒေသများရှိ ရွာသားများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိသည်။ လမ်ပွန်ခရိုင်နှင့် ဆူမားတြားကျွန်းအနောက်ပိုင်းဒေသများတွင် လာမည့်ရက်အနည်းငယ်အတွင်း မိုးရွာသွန်းကာ လေပြင်းတိုက်ခတ်နိုင်ကြောင်း အင်ဒိုနီးရှား မိုးလေဝသ အေဂျင်စီက ခန့်မှန်းထားသည်။

ရာသီအလိုက် မိုးရွာသွန်းမှုကြောင့် ကျွန်းငယ် ၁၇၀၀၀ ကျော်ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် နှစ်စဉ် မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသော်လည်း လေဆင်နှာမောင်းတိုက်ခတ်ခြင်းမှာ ရှားရှားပါးပါးဖြစ်ရပ်ပင်ဖြစ်သည်။

**ကိုးကား–သည်ဝါရှင်တန်ပို့စ်**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၇၃ ဦး ထပ်မံတွေ့ရှိပြီး ၂၂ ဦး သေဆုံး

**ဒါကာ မေ ၂၁**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၇၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ ၂၈၅၁၁ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ယနေ့ပြောကြားသည်။

ကိုဗစ်–၁၉ ရောဂါကြောင့် တစ်ရက်အတွင်း အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၂၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၄၀၈ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခနာဆီမာ ဆူလ်တနာက ယနေ့ ပြောကြားသည်။

မေ ၁၈ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁ ဦးသာရှိပြီး မေ ၂၀ ရက်တွင် ၂၂ ဦးရှိလာကာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ စတင်တွေ့ရှိခဲ့ချိန် မတ် ၁၈ ရက်ကတည်းက တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်း အများဆုံးဖြစ်လာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရန်အတွက် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ တစ်ရက်အတွင်း လူ ၁၀၂၆၂ ဦးတို့၏ နမူနာကို ကိုဗစ်–၁၉ ရောဂါ ရှိ/မရှိ စမ်းသပ် စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၃၉၅ ဦး ပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ဆင်းခွင့်ရကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၅၆၀၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန်–ဂျေတီ**

# ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိသောကြောင့် လာအို၌ ပြည်တွင်းခရီးသွားလာမှု ပြန်စ

**ဗီယင်ကျန်း မေ ၂၁**
ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရန် ပြည်တွင်းခရီးသွားမှု ကန့်သတ်ချက်များကို လာအိုနိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးအတွက် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ သို့သော် ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် အစိုးရက သတ်မှတ်ထားသည့် အစီအမံများနှင့် လမ်းညွှန်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း လာအိုပို့ဆောင်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဘောင်တာအွန်နဖောင်က ယနေ့ ပြောကြားသည်။

ရောဂါကာကွယ်ရေးအတွက် အစိုးရက သတ်မှတ်ထားသည့် အစီအမံများတွင် ကားထိုင်ခုံများကို ခရီးသည်တစ်ဦးနှင့် တစ်ဦးအကြား အနည်းဆုံး တစ်မီတာခန့်ခြားပြီး စနစ်တစ်ကျ စီထားရမည်ဖြစ်ကာ ခရီးသည်များအနေဖြင့် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးမှုကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စီးပွားရေးစီမံခန့်ခွဲသူများသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်သည့်အနေဖြင့် ခရီးသည်များအတွက် ဆပ်ပြာ၊ လက်ဆေးဂျယ်နှင့် လက်ဆေးဘေစင်များကို စီစဉ်ပေးရမည်ဖြစ်ပြီး မြေပြင်နှင့် ကားပါကင်များကို သန့်ရှင်းစွာထားကာ ပိုးသတ်ဆေး ဖျန်းရမည်ဖြစ်ကြောင်း သိရသည်။

လာအိုအစိုးရသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ သံသယရှိသူများအတွက် သီးခြားစောင့်ကြည့်ရေးစင်တာ ၈၂ ခုကို ဖန်တီးပေးထားပြီး ယင်းစင်တာများတွင် ကိုဗစ်–၁၉ ရောဂါ သံသယရှိသူ ၂၈၆၈ ဦးကို သီးခြားစောင့်ကြည့်လျက်ရှိကြောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်တာဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအင်အားစုကော်မတီက ပြောကြားသည်။

ယမန်နေ့က ပြည်ပမှ လာအိုနိုင်ငံအတွင်းသို့ ခေါ်ဆောင်လာခဲ့သည့် ကုန်တင်ကားယာဉ်မောင်းအရေအတွက်မှာ ထိုင်းနိုင်ငံမှ ၁၃၈၀၊ ဗီယက်နမ်နိုင်ငံမှ ၇၈၅ ဦးနှင့် တရုတ်နိုင်ငံမှ ၂၇ ဦးရှိကြောင်း သိရသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါပထမဆုံးစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ထိုအချိန်မှစ၍ မေ ၂၁ ရက်အထိ လူ ၄၈၁၂ ဦး၏ နမူနာကို ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၁၉ ဦးတွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ရောဂါကူးစက်ခံရသူ ၁၉ ဦးအနက် ၁၄ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာပြီး ကျန်လူနာ ငါးဦးသည် မြို့တော်ဗီယင်ကျန်းရှိ သတ်မှတ်ထားသည့် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ပထမဆုံး ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ နှစ်ဦးကို မတ် ၂၄ ရက်က စမ်းသပ်တွေ့ရှိခဲ့ပြီး ယခုဆိုလျှင် နိုင်ငံတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိသည်မှာ ၃၉ ရက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ယခုနှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်ရန် မဖြစ်နိုင်သေးကြောင်း ဂျပန်ကျန်းမာရေးပညာရှင်ပြောကြား



ဂျပန်အစိုးရ ကျန်းမာရေးဆိုင်ရာပညာရှင်များအဖွဲ့မှ ကျန်းမာရေးပညာရှင် တာကာ ဂျီဝါကီတာ(ယာအစွန်)

**တိုကျို မေ ၂၁**

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် ယခုနှစ်အတွင်း မဖြစ်နိုင်သေးကြောင်း ဂျပန်အစိုးရ ကျန်းမာရေးဆိုင်ရာပညာရှင်များအဖွဲ့မှ ကျန်းမာရေးပညာရှင် တာကာ ဂျီဝါကီတာက ယမန်နေ့တွင် ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် ဆေးဝါးကုမ္ပဏီများမှ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးရရှိရန် ဆောင်ရွက်နေကြပြီး ဆေးဝါးရရှိခဲ့ပါက ၎င်းဆေးဝါး၏ အစွမ်းထက်ထိရောက်မှု၊ ဘေးကင်းမှုနှင့် ဘေးထွက်ဆိုးကျိုးများကို သေချာစွာ သုံးသပ်ပြီး ဆောင်ရွက်ရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

"ကျွန်တော်ထင်တာကတော့ ဒီနှစ်အတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်ဖို့ မဖြစ်နိုင်သေးပါဘူး။ ဒီဆေးဟာ ဘယ်အချိန်မှာအစောဆုံး ထုတ်လုပ်နိုင်မလဲဆိုတာ ခန့်မှန်းရခက်ပါတယ်။ ဂျပန် ဒါမှမဟုတ် အခြားဘယ်နိုင်ငံက ပထမဆုံး ကာကွယ်ဆေးထုတ်နိုင်မလဲဆိုတာ မသေချာသေးပါဘူး"ဟု ပါလီမန်အစည်းအဝေးတွင် ဂျပန်နိုင်ငံကူးစက်ရောဂါဆိုင်ရာတက္ကသိုလ်မှ ညွှန်ကြားရေးမှူးဖြစ်သူ ဝါကီတာက ပြောကြားသည်။

ဆောင်းရာသီမတိုင်ခင်တွင် ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာနိုင်ကြောင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အစိုးရအကြံပေးကော်မတီဥက္ကဋ္ဌ ရှီဂီယူအိုမိက ပြောကြားသည်။ **ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံ ANA လေကြောင်းလိုင်း ဇွန်လမှစတင်ပြီး ခရီးသည်များအား နှာခေါင်းစည်းဝတ်ဆင်ရန် ညွှန်ကြား

**တိုကျို မေ ၂၁**

ဂျပန်နိုင်ငံရှိ ANA လေကြောင်းလိုင်းက ဇွန်လမှစတင်ပြီး ၎င်း၏လေယာဉ်ကိုစီးနင်းသော ခရီးသည်များအား လေယာဉ်ပေါ်စီးနင်းစဉ်နှင့် လေဆိပ်တွင်နားနေစဉ် နှာခေါင်းစည်းများ ဝတ်ဆင်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။


ယခုဆောင်ရွက်ချက်သည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ ဇွန် ၁ ရက်မှစတင်ပြီး ANA လေကြောင်းလိုင်း၏ လေယာဉ်များကို စီးနင်းသော ခရီးသည်များအနေဖြင့် လေယာဉ်ပေါ်နှင့် လေဆိပ်ရှိ ထွက်ခွာရန်စောင့်ဆိုင်းသောဂိတ်များတွင် နှာခေါင်းစည်းများဝတ်ဆင်ကြရန် ညွှန်ကြားထားပြီး ယင်းနေရာများတွင် နှာခေါင်းစည်းများ မဝတ်ဆင်ထားခြင်းနှင့် နေထိုင်မကောင်းသော လက္ခဏာများတွေ့ရှိရပါက လေယာဉ်စီးနင်းခွင့်ပြုမည်မဟုတ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ပြောကြားသည်။ နိုင်ငံတကာခရီးစဉ်များမထွက်ခွာမီ လေယာဉ်အား ဆေးဖျန်းခြင်းနှင့် ခရီးသည်များအား လက်ဆေးခိုင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု ANA မှပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# တောင်ဆူဒန် ပြန်ကြားရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မာကူအီ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရ

**ဂျူဘား မေ ၂၁**

တောင်ဆူဒန် ပြန်ကြားရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မာကူအီတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

မိုက်ကယ်မာကူအီမှာ ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိကြောင်း ပြည်သူသို့အသိပေးသည့် တတိယမြောက် ထိပ်တန်းတာဝန်ရှိသူ ဖြစ်သည်။ ဒုတိယသမ္မတ ရိခ်မာချာနှင့် ဇနီးသည် ကာကွယ်ရေးဝန်ကြီး အိန်ဂျယ်လီနာ တီနီတို့ကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း မေ ၁၉ ရက်က ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အဆင့်မြင့်တာဝန်ရှိသူအဆင့် အထူးလုပ်ငန်းအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် လုပ်ဖော်ကိုင်ဖက်အများအပြားမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း မာကူအီက ပြောသည်။



"ပြည်သူနဲ့ မထိတွေ့ဘဲ သီးသန့်နေဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုနဲ့ပတ်သက်ပြီး ပြည်သူကို မဖုံးကွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခြားသူတွေကို အကာအကွယ်ပေးဖို့ သီးသန့်ခွဲနေတာက တစ်ခုတည်းသော နည်းလမ်းဖြစ်လို့ပါ။ ကျွန်တော့်ဆီကို မလာရောက်ဖို့ ပြည်သူတွေကို တိုက်တွန်းပါတယ်။ ဗိုင်းရပ်စ်ပျံ့နှံ့စေတဲ့သူ မဖြစ်ချင်လို့ လိုအပ်ရင် ဖုန်းနဲ့ဆက်သွယ်နိုင်ပါတယ်" ဟု ၎င်းက ပြောသည်။ အထူးလုပ်ငန်းအဖွဲ့ဝင် အစိုးရအဖွဲ့ရေးရာဝန်ကြီး အီလီယာလိုမူရိုကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံတွင် ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၄ ဦးတွေ့ရှိခဲ့ရာ စုစုပေါင်း လူနာ ၄၈၁ ဦးအထိ ရှိလာခဲ့ပြီး လေးဦးသေဆုံးကာ လေးဦး ပြန်လည်သက်သာလာခဲ့သည်။

**ကိုးကား-သည်အီစ်အာဖရိကန်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယ၌ အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၇၂ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ မေ ၂၁**

အိန္ဒိယနိုင်ငံအရှေ့ဘက် အနောက်ဘင်ဂေါလ်ပြည်နယ်နှင့် သြဒိသပြည်နယ်တို့တွင် အမ်ဖန်အမည်ရှိ စူပါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခဲ့ပြီးနောက် လူ ၇၂ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ယနေ့ဖော်ပြထားသည်။

အဆိုပါ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့အစောပိုင်းက အနောက်ဘင်ဂေါလ်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်ကို ဖြတ်သန်းခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဦးတည်ရွေ့လျားခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနက ကြေညာသည်။



အနောက်ဘင်ဂေါလ် ပြည်နယ်တွင် မုန်တိုင်းဒဏ်ကြောင့် သစ်ပင်လဲကျမှု၊ ဓာတ်တိုင်ပြိုလဲမှုနှင့် နေအိမ်ပြိုလဲမှုများကြောင့် လူများသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထို့အတူ သြဒိသပြည်နယ်တွင်လည်း အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူငါးဦးသေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအများအပြားဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒေသဆိုင်ရာ အစိုးရသည် မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူ ၅၀၀၀၀၀ ခန့်ကို ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့သလို သြဒိသပြည်နယ်တွင်လည်း ဒေသခံပြည်သူ ၁၅၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်ကြုံတွေ့နေစဉ် ယခုကဲ့သို့ အင်အားပြင်း အမ်ဖန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၂၃၅၉ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၄၃၅ ဦးရှိကြောင်း သိရသည်။

အမ်ဖန် ဆိုင်ကလုန်းမုန်တိုင်းသည် ဆယ်စုနှစ်များအတွင်း အင်အားအပြင်းဆုံးမုန်တိုင်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-ဂျေတီ**

# ဆိုက်ဘေးရီးယားရှိ ရွှေတွင်းမှ ဗိုင်းရပ်စ်ကူးစက်ခံရသည့် အလုပ်သမားများအား ရုရှားတပ်မတော်က ဆေးကုသမှုပေး

**မော်စကို မေ ၂၁**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ရွှေတွင်းမှ အလုပ်သမားအများအပြား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ၎င်းအလုပ်သမားများကို သီးခြားစီထားရှိရန် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတစ်ခု ပြင်ဆင်ခဲ့ကြောင်း ရုရှားတပ်မတော်က ယနေ့ပြောကြားသည်။

ရုရှားနိုင်ငံ၏အကြီးမားဆုံး ရွှေတူးဖော်ရေးလုပ်ငန်းရှိရာ ကရာ့စနိုယာ့စ်ဒေသရှိ အိုလင်ပီယာဒါ ရွှေတွင်းနှင့် ရွှေသန့်စင်စက်ရုံမှ အလုပ်သမားများအတွက် သီးခြားခွဲခြားထားရှိသည့်အဆောင်များကို တည်ဆောက်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ ကနဦး စစ်ဆေးမှုများအရ ၎င်းရွှေတွင်းနှင့် ရွှေသန့်စင်စက်ရုံမှ အလုပ်သမား ၉၀၀ နီးပါးသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည်ကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း ၎င်းရွှေတွင်းကို စီမံခန့်ခွဲနေသည့် ပိုယပ်စ်အုပ်စုမှ ညွှန်ကြားရေးမှူး ပါဗယ် ဂရာချပ်ဗ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ၎င်းတို့အနက် ၄၀၀ ခန့်သည် ဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု ကျန်းမာရေးတာဝန်ရှိသူများက နောက်ပိုင်းတွင် အတည်ပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းရွှေတွင်း၌ အလုပ်သမားပေါင်း ၆၀၀၀ ခန့်ရှိသည်။

အဆိုပါ ရွှေတွင်းနှင့် ရွှေသန့်စင်စက်ရုံရှိရာ လုပ်ငန်းခွင်၌ အလုပ်သမားပေါင်း ၂၀၀၀ အထိ သီးခြားထားရှိရန်နှင့် ဆေးဝါးကုသပေးရန်အတွက် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် တဲများကို တပ်မတော်က တည်ဆောက်ထားကြောင်း ဗိုလ်မှူးကြီး ဒမစ်ထရီ ပြာတူနင်က ပြောသည်။ ၎င်းရွှေတွင်းနှင့် ရွှေသန့်စင်စက်ရုံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကူညီဖြေရှင်းရန် သမ္မတ ပူတင်က တပ်မတော်ကို အမိန့်ပေးခဲ့ပြီးနောက် ဆရာဝန်နှင့် ဆေးပညာရှင် ၇၇ ဦးအပါအဝင် ဝန်ထမ်း ၂၀၀ နှင့် ရွှေ့လျားဆေးရုံတစ်ရုံကို ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါဒေသသို့ ပို့ဆောင်ခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၁**

မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မအေးနေနှင့် မအေးလွတ်(ခ)မအေးခို (ခ)မယ်အိုက်ဆင်းတို့သည် မ--- အား တရုတ်နိုင်ငံရှိ ဈေးဆိုင်တွင် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ မိန်းတိန်မြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ ယွမ် ၄၀၀၀၀ ဖြင့် ရောင်းစားခဲ့ပြီး အကျိုးအမြတ်ရယူခဲ့ကြသဖြင့် မိုင်းရယ်မြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

မေ ၁၉ ရက်တွင် မအေးနေနှင့် မအေးလွတ် (ခ) မအေးခို (ခ) မယ်အိုက်ဆင်းတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ-၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# အရွယ်မရောက်သေးသူ မြန်မာမိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၁**

အရွယ်မရောက်သေးသူ မြန်မာမိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် လားရှိုးခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်လော်ဆန်း(ခ) ဝမ်ဖာချီနှင့် အိုက်မွန်းတို့သည် မ--- အား တရုတ်နိုင်ငံတွင် ကလေးထိန်းအလုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ မိန်းတိန်မြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ ယွမ် ၃၄၅၆၀ ဖြင့် ရောင်းစားခဲ့ပြီး အကျိုးအမြတ်ရယူခဲ့ကြသဖြင့် လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်ခဲ့ပြီး လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ယမန်နေ့တွင် ဝမ်လော်ဆန်း (ခ) ဝမ်ဖာချီနှင့် အိုက်မွန်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ-၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# တာမွေမြို့နယ်၌ နှစ်ထပ်တိုက်အနောက်ဘက် အဖီဆောင်ပြိုကျ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ယနေ့ နံနက်အစောပိုင်းတွင် နှစ်ထပ်တိုက်တစ်လုံး၏ အနောက်ဘက်အဖီဆောင်ပြိုကျခဲ့ကြောင်း တာမွေမြို့နယ်ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၂ နာရီ ၅ မိနစ်ခန့်တွင် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အရိုးကုန်းလမ်းနှင့် ဦးလွန်းလမ်းထောင့်ရှိ အိမ်အမှတ်(၅) ဟောင်ကောင်နှစ်ထပ်ရင်ကွဲတိုက်၏အနောက်ဘက် အဖီဆောင်ပြိုကျခဲ့ခြင်း ဖြစ်သည်။

ယင်းအဆောက်အအုံပြိုကျမှုကြောင့် ကိုကျော်စွာထွန်းမှာ ပြိုကျအဆောက်အအုံအောက်တွင် ပိတ်မိနေခဲ့ရာ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလွင်နှင့်အဖွဲ့၊ တာမွေမြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်းနှင့်အဖွဲ့တို့က ကယ်ဆယ်ရေးယာဉ်တစ်စီးဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး နံနက် ၂ နာရီ ၄၅မိနစ်တွင် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ပြိုကျအဆောက်အအုံအောက်တွင် ပိတ်မိနေသူ ကိုကျော်စွာထွန်းသည် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရှင်သန်ရေးကူညီမှုအသင်းက သဃ်န်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါအဆောက်အအုံမှာ ၁၉၉၀ ပြည့်နှစ်တွင် ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်စု လေးစု လူဦးရေ ၃၁ ဦးနေထိုင်လျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**



# ၁၈ ဘီးယာဉ်နှင့် လောင်စာဆီတင်ယာဉ်တို့ တိုက်မိ နှစ်စီးလုံးမီးလောင်၊ တစ်ဦးသေဆုံး

**ကျောက်တံခါး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်မြို့ တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၁၃/၁)နှင့် (၁၁၃/၂)အကြား အောင်မင်္ဂလာကျေးရွာအနီး၌ ယနေ့ နံနက် ၄ နာရီခန့်က ၁၈ ဘီးယာဉ်အား ၂၂ ဘီး လောင်စာဆီတင်ယာဉ်က ကျော်တက်စဉ် ဆီတိုင်ကီအားတိုက်မိ၍ ယာဉ်နှစ်စီးလုံးမီးလောင်ခဲ့ပြီး ယာဉ်မောင်းတစ်ဦး မီးလောင်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ဇော်မျိုးထက် မောင်းနှင်လာသော ဆီဂါလန်ကိုးထောင်ကျော်တင်ဆောင်လာသည့် ယာဉ်သည် ရှေ့မှ ခိုင်မိုးဆွေ မောင်းနှင်လာသော ရော်ဘာသစ်ပါးလွှာ တန် ၃၀ ခန့် တင်ဆောင်လာသည့် ၁၈ ဘီးယာဉ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိပြီး မီးလောင်ခဲ့သဖြင့် လောင်စာဆီတင်ယာဉ်မောင်း ဇော်မျိုးထက်မှာ မီးလောင်ကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**




# ဒီးမော့ဆိုမြို့နယ် ဒေါလော်ခူကျေးရွာအနီး၌ ယာဉ်တိမ်းမှောက် သုံးဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရ

**ဒီးမော့ဆို မေ ၂၁**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါဖုကျေးရွာအုပ်စု ဒေါလော်ခူကျေးရွာအနီး တောင်တက်လမ်းတွင် ဒေါဖုကျေးရွာ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသော လမ်းလုပ်သားများ တင်ဆောင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်ရာ သုံးဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၅ နာရီခွဲက ဒေါဖုကျေးရွာ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီမှ ယာဉ်မောင်း လှိုင်မင်းသူ မောင်းနှင်သည့်ယာဉ်သည် သောက်သုံးရေသယ်ယူရန် လမ်းလုပ်သား ၁၁ ဦးနှင့်အတူ ဒေါကလော်ဒူကျေးရွာအုပ်စု တနီးလားလဲကျေးရွာရှိ ကန်ခုနစ်ဆင့် ကန်အမှတ်(၇)သို့ သွားရောက်ရေချိုးခဲ့ပြီး သောက်သုံးရေ ဂါလန် ၈၀၀ အား ပြန်လည်သယ်ဆောင်လာစဉ် ဒေါဖုကျေးရွာအုပ်စု ဒေါလော်ခူကျေးရွာအနီး တောင်တက်လမ်းတွင် ယာဉ်မှာ မတက်နိုင်ဘဲ နောက်သို့ပြန်လိမ့်ကျကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့သေဆုံးခဲ့ပြီး အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးနှစ်ဦးမှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း လှိုင်မင်းသူအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# မြို့နယ်အချို့တွင် တရားမဝင်သစ် တန် ၁၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက်မှ ၁၉ ရက်အတွင်း တနင်္သာရီ မြိတ်ဘေး မုန်လုံ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်လေသရက်/သင်ပုန်းခွဲသား ၄ ဒသမ ၈၄၁၂ တန်၊ ကျွန်းလှမြို့နယ် ဖုံမွှာကြိုးဝိုင်းအတွင်း တရားမဝင်အင်/သစ်စေး/ ထောက်ကြံ့သစ် / ခွဲသား ၉ ဒသမ ၁၇၈ တန်၊ ချန်ချိုင်း ၂၅ ကောင် အင်ဂျင်တစ်လုံးပါ သစ်စက်နှင့်အတူ ဆက်စပ်ပစ္စည်းများ၊ ကလေးမြို့နယ် ဘုန်းကြိုးဝိုင်းအကွက်(၆၉)အတွင်း တရားမဝင် ကျွန်း/ပျဉ်းကတိုးသစ် ၁၉ ဒသမ ၁၅၆၀ တန်၊ အုတ်ဖိုမြို့နယ် ကြယ်နီကုန်းကျေးရွာအနီး၌ အခြားသားများ ၈ ဒသမ ၉၈၇၀ တန်၊ သုံးဆယ်ကြိုးဝိုင်း အကွက်အမှတ်(၉၁)အတွင်း ယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုး/ဘင်္ဂ/ပျဉ်းမသစ် ၄ ဒသမ ၅၁၀၀ တန်၊ မိုးမိတ်မြို့နယ် ကုန်းစမ်းကျေးရွာအနီးမှ တရားမဝင်ကျွန်းသစ် ၇၅ ဒသမ ၆၂၂၀ တန်နှင့် ကရိန်းပါခြောက်ဘီးယာဉ်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ တောင်တွင်းကြီး-မြို့သစ်သွားကားလမ်း မိုင်တိုင်အမှတ် (၁/၄)မောင်းတိုင် (၂)ရပ်ကွက်အနီး ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ဆိုဒ်စုံ ၁ ဒသမ ၄၀၉၄ တန်အား ပြစ်မှုကျူးလွန်သူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ကြို့ပင်ကောက်မြို့၌ ရထားနှင့် ကားတိုက်မိ

**ကြို့ပင်ကောက် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် ကသည်းတန်းလမ်းနှင့် ရန်ကုန်-ပြည်ကားလမ်းသို့ ဖြတ်ကူးရာ တရားမဝင်ရထားလမ်းကူးနေရာတွင် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်က ရထားနှင့်ကားတို့ တိုက်မှုဖြစ်ပွားခဲ့သည်။

ကြို့ပင်ကောက်ဘူတာမှ အုတ်ဖိုဘူတာသို့ထွက်ခွာလာသော အမှတ်(၆၄) အစုန် ပြည်- ကြည့်မြင်တိုင် စာပို့ရထားစက်ခေါင်းအရှေ့ဘက်ခြမ်းနှင့် ဦးတင်မောင်ဝင်း မောင်းနှင်လာသောယာဉ်တို့ ပွတ်တိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မောင်း ဦးတင်မောင်ဝင်းအား ကြို့ပင်ကောက်မြို့မရဲစခန်းတွင် မြန်မာ့မီးရထားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၆၀၊ သွင်းကုန် ၁၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၂ သန်းတန်ဖိုးရှိ Cheer Beer များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၁-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၀) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ စုစုပေါင်း (၃၄၈) ခုတွင် -

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉၉) ဦး ရှိပါသည်။

၃။ (၂၁-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၀၈)ဦးရှိပြီး ၎င်းတို့အနက် (၁၀၁)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၂၀-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၁-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၈) ဦး ရှိပါသည်။

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၂၁ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၁-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၀) ခု |
| (၂၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၂၁ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၀၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများတွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ ရောဘတ်ကျောင်း IDP စခန်းနှင့် နှစ်ခြင်း IDP စခန်းများသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၂၇၈ ဘူး၊ ဆပ်ပြာ ၄၀၀၅ ခဲ၊ ထုံးအိတ် ၂၀ နှင့် အပူချိန်တိုင်းကိရိယာ တစ်ခု၊ လက်ဆေးစင် ၁၆ ခု၊ အဝတ်နှာခေါင်းစည်း ၈၀၁၀၊ Hand Speaker နှစ်ခုနှင့် ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား ထောက်ပံ့ခဲ့သည်။



အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ မုံးစီးကာသိုလိပ်ဘုရားကျောင်း IDP စခန်းသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၉၅၂ ခု၊ လက်သန့်ဆေးရည် ၁၃၆ ဘူးနှင့် ဗီနိုင်းနှစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ အောက်သင်ပုန်းတန်း၊ ဖားကြွယ်ဝဘုန်းတော်ကြီးကျောင်း၊ အထက်မြက်လှဲဘုန်းတော်ကြီးကျောင်း၊ ဗန်းဗွီးကျေးရွာစာသင်ကျောင်း၊ ကွမ်းတောင်ကျေးရွာ၊ ခွေးသေကျေးရွာဘုန်းတော်ကြီးကျောင်း၊ ခေမာရာမဘုန်းတော်ကြီးကျောင်း၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၊ စက်မှုဇုန်တိုက်ပွဲရှောင် စခန်း၊ အမက(မူလွန်-၂)၊ အမက(မူလွန်-၃)၊ စေတီပြင်ကျေးရွာတိုက်ပွဲရှောင်စခန်းများနှင့် ရသေ့တောင်မြို့နယ်ရှိ တောင်ရင်းတန်း၊ အရှေ့မြောက်၊ အရှေ့တောင်၊ ချောင်းဝတိုက်ပွဲရှောင်စခန်းများ စုစုပေါင်း တိုက်ပွဲရှောင်စခန်း ၁၇ ခုတို့တွင် လက်သန့်ဆေးရည် ဘူး ၃၁၇၀၊ ထုံးအိတ် ၁၃၀ နှင့် အပူချိန်တိုင်းကိရိယာ ၁၇ ခု၊ လက်ဆေးစင် ၁၇ ခု၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၄၅၂၄ ခု၊ အဝတ်နှာခေါင်းစည်း ၈၇၄၆ ခု၊ Hand Speaker ၁၇ ခုနှင့် ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၇ ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းများအား ရိက္ခာလေးမျိုး ထောက်ပံ့

မန္တလေး မေ ၂၁

မန္တလေးခရိုင်အတွင်းရှိ ချို့တဲ့ရဲမှုထမ်းဟောင်း ၄၉ ဦးအား ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦး တက်ရောက်ပေးအပ်ခဲ့သည်။



ရှေးဦးစွာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးက ရဲမှုထမ်းဟောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမျိုး ထောက်ပံ့ ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၄၉ ဦးအတွက် ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ရာ ရဲမှုထမ်းဟောင်းတစ်ဦးက လက်ခံရယူသည်။

**ထောက်ပံ့ပေးအပ်**

ယနေ့ပြုလုပ်ခဲ့သည့် ရဲမှုထမ်းဟောင်းများသို့ ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား၌ ရဲမှုထမ်းဟောင်း တစ်ဦးလျှင် ဆန် (၅)ပြည်နှင့် (၅)ဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ပဲ ၄၈ ကျပ်သား တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မန်း(ကိုယ်ပွား)**

## ပဲခူးခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်း အငြိမ်းစားရဲမှုထမ်းများအား တပ်မတော်ရိက္ခာအမယ်လေးမျိုး ထောက်ပံ့

ပဲခူး မေ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ အငြိမ်းစား ရဲမှုထမ်းများအား တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်ရိက္ခာ အမယ်လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ရန်ငြိမ်းအေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ရာတွင် ပဲခူးခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်း ၆၀ ဦးအတွက် တစ်ဦးလျှင် ဆန် ၁၄ ဒသမ ၁၈ အိတ်၊ ဆီ ၁၉ ဒသမ ၂ ပိဿာ၊ ဆား ၁၈ ဒသမ ၆ ပိဿာ၊ ကုလားပဲ ၂၈ ဒသမ ၈ ပိဿာတို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။



ထို့နောက် ပဲခူးတပ်နယ်မှ နယ်လှည့် ဆေးကုသရေးအဖွဲ့ဖြင့် ရဲမှုထမ်းဟောင်း ၆၀ တို့အား ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး အပူချိန်တိုင်းတာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ရှင်း(ပဲခူး)**

# တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆားနှင့် ပဲများ ထောက်ပံ့

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၅၀၀၀ ပံ့ပိုးမတည်ငွေ၊ အများပြည်သူလူထုလှူဒါန်းထည့်ဝင်ငွေများဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် အရန်ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ အထုပ်ရေ တစ်သိန်းနှင့် ကိုဗစ်-၁၉ ရောဂါ အကာအကွယ် ပစ္စည်းများအား ဖြန့်ဝေလှူဒါန်းရာ ယနေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်ရှိ အခြေခံပြည်သူများအား လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းပေးအပ်ကြောင်း သိရသည်။

**လှူဒါန်း**

ထောက်ပံ့လှူဒါန်းရာသို့ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်း၊ ကမ္ဘောဇဘဏ်လီမိတက်၊ နာယကနှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များ တက်ရောက်၍ တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်ရှိ အခြေခံပြည်သူ အိမ်ထောင်စု ၁၂၄ စုတို့အား စားနပ်ရိက္ခာများကို ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မူဆယ်မြို့၌ ဟိုတယ်များပြန်လည်ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေး

**မူဆယ် မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးကာလတွင် ယာယီရပ်နားထားသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုလုပ်ငန်းလိုင်စင်ရရှိထားသော ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မူဆယ်မြို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားရေးဦးစီးဌာနမှ ဦးဆောင်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ယနေ့ နံနက် ၉ နာရီက လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလမ်းညွှန်ချက်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းချက်နှင့်အညီ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်ချက်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိတို့ကို မေးမြန်းကြည့်ရှုစစ်ဆေးသည်။



"ကိုဗစ်-၁၉ ရောဂါကာလမှာ ခရီးသွားလုပ်ငန်းတွေ လုံးဝရပ်ဆိုင်းသွားပါတယ်။ ခရီးသွားလုပ်ငန်းတွေဟာ အရေးကြီးတဲ့အပိုင်းမှာ ပါဝင်နေသလို ရပ်ဆိုင်းသွားတဲ့ ဟိုတယ်လုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် အခြားဝန်ကြီးဌာနတွေနဲ့ ဝိုင်းဝန်းပူးပေါင်းပြီးတော့ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မူဆယ်မြို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ပြောသည်။

မူဆယ်မြို့၌ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာလျှင် ဟိုတယ်များကို ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ လားရှိုးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ယာယီရပ်နားထားသည့် ဟိုတယ်တချို့ကို ယနေ့မှစတင်ပြီး ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

မူဆယ်မြို့ ဟိုတယ်များတွင် ကျန်းမာရေးလမ်းညွှန်ချက်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဓိကလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ခရီးသွားဧည့်သည်များနှင့် ဟိုတယ်ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ အစားအသောက်များနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အခြားလိုအပ်ချက်များကို မှာကြားသည်။

မူဆယ်ခရိုင်အတွင်း၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုလုပ်ငန်းလိုင်စင်ရရှိထားသော ဟိုတယ် စုစုပေါင်း ၁၇ ခုရှိပြီး မူဆယ်မြို့၌ ဟိုတယ် စုစုပေါင်း ၁၄ ခု ရှိကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

# ချင်းရွှေဟော် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာဒေသများသို့ စနစ်တကျလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် မေ ၂၁**

တရုတ်နိုင်ငံမှပြန်လာသော ချင်းရွှေဟော် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ဧပြီ ၃၀ ရက်မှစတင်ပြီး ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ မော်တော်ယာဉ်များဖြင့် စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက နေရပ်ပြန်ပြည်သူ ၃၁၀ အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။



အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၃၁၀ မှာ အမျိုးသား ၁၉၀၊ အမျိုးသမီး ၁၂၀ တို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ လေးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၅၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၀၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၉၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၂ ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ချင်းပြည်နယ်မှ နှစ်ဦး၊ မွန်ပြည်နယ်မှ သုံးဦးနှင့် နေပြည်တော်မှ ငါးဦးတို့ ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့မှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ယနေ့အထိ အမျိုးသား ၄၁၁၈ ဦးနှင့် အမျိုးသမီး ၂၈၂၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၇၀၄၀ တို့ကို စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)



နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ရဲနိုင်နှင့်အဖွဲ့၊ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ထွန်းထွန်းနိုင်တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မေ ၂၀ ရက်က ပင်လောင်းလမ်းဆုံ မီးပွိုင့်အနီးတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။

ဝေမင်းသူ(ကြေးမုံ)



သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၅၅၀ | ၁၉၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၀၈ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၄၁၂၅**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၀၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၁၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၅၉၆၈၃၂ | ၃၇၀၉၇၃ | ၉၅၀၅၈ |
| ရုရှား | ၃၀၇၅၅၄ | ၉၂၆၈၁ | ၃၀၉၉ |
| ဘရာဇီး | ၂၉၄၁၅၂ | ၁၁၆၆၈၃ | ၁၉၀၃၈ |
| စပိန် | ၂၇၉၅၂၄ | ၁၉၆၉၅၈ | ၂၇၈၈၈ |
| ဗြိတိန် | ၂၅၀၉၀၈ | စိစစ်ဆဲ | ၃၆၀၄၂ |
| အီတလီ | ၂၂၇၃၆၄ | ၁၃၂၂၈၂ | ၃၂၃၃၀ |
| ပြင်သစ် | ၁၈၁၅၇၅ | ၆၃၃၅၄ | ၂၈၁၃၂ |
| ဂျာမနီ | ၁၇၈၆၇၁ | ၁၅၈၀၀၀ | ၈၂၇၁ |
| တူရကီ | ၁၅၂၅၈၇ | ၁၁၃၉၈၇ | ၄၂၂၂ |
| အီရန် | ၁၂၉၃၄၁ | ၁၀၀၅၆၄ | ၇၂၄၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၉၈၁၂ | ၁၂၁၁၇ | ၂၃ |
| အင်ဒိုနီးရှား | ၂၀၁၆၂ | ၄၈၃၈ | ၁၂၇၈ |
| ဖိလစ်ပိုင် | ၁၃၄၃၄ | ၃၀၀၀ | ၈၄၆ |
| မလေးရှား | ၇၀၅၉ | ၅၇၉၆ | ၁၁၄ |
| ထိုင်း | ၃၀၃၇ | ၂၈၉၇ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၄ | ၀ |
| မြန်မာ | ၁၉၉ | ၁၀၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## စောင့်ကြည့်စင်တာဖွင့်လှစ်ခဲ့သည့် အခြေခံပညာကျောင်းများအား ပိုးသတ်ဆေးဖျန်း



**တောင်ကြီး မေ ၂၁**

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား ကျောင်းသူ၊ မိဘ၊ ဆရာများ စိုးရိမ်ပူပန်မှုများ လျော့နည်းစေရန် တောင်ကြီးမြို့ စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့က စောင့်ကြည့်စင်တာ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ကျောင်းများအား ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တောင်ကြီးမြို့ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့က ကားငါးစီး၊ ပိုးသတ်ဆေးဖျန်းစက် ခြောက်လုံးဖြင့် မေ ၁၉ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ယင်းအဖွဲ့မှ သိရသည်။

စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့အနေဖြင့် ယနေ့ နံနက်တွင် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာအုပ်စုအတွင်း ပြည်ပပြန်များ ထားရှိရာ သတ်မှတ်စောင့်ကြည့် စင်တာအခြေခံပညာကျောင်း ကိုးကျောင်းသို့ သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်း သတ်မှတ်စောင့်ကြည့် စင်တာများမှ စောင့်ကြည့်သတ်မှတ်ရက်မပြည့်သေးသည့် ပြည်ပပြန်စောင့်ကြည့်ပြည်သူများကျန်ရှိသည့် ကျောင်းများမှအပ ကျန်သည့် ကျောင်းအားလုံးနီးပါး ပိုးသတ်ဆေးများဖျန်းပြီး ဖြစ်ကြောင်း ယင်းအဖွဲ့မှ ကိုဝင်းနိုင်စိုးထံမှ သိရသည်။

အဆိုပါ ပြည်ပပြန်များထားရှိခဲ့သည့် အခြေခံပညာကျောင်းများ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းအား တောင်ကြီးမြို့ရှိ စေတနာရှင်၊ အလှူရှင်များက ပိုးသတ်ဆေးလှူဒါန်းပေးခြင်း၊ ကားအကူအညီပေးခြင်းနှင့် စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

စိုးညွန့်ရွှေ(ပြန် /ဆက်)




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

■ **ကျောဖုံးမှ**

လာရောက်ခေါ်ဆောင်သည့် Vietjet ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းမြန်မာနိုင်ငံသား ကိုးဦးသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများ၌ အခက်အခဲတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာအစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၂၀၃၇ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိပ်ဖြူမြို့နယ်တွင် နေအိမ်ပြင်ပထွက်သူတိုင်း နှာခေါင်းစည်းဝတ်ဆင်သွားလာရေး အသိပညာပေး

**ဆိပ်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်စေရန် နေအိမ်ပြင်ပထွက်ခွာ သွားလာသူများ နှာခေါင်းစည်းများ ဝတ်ဆင်သွားလာရေး အသိပညာပေးခြင်းကို ယနေ့က ဆိပ်ဖြူမြို့ ရတနာလမ်းနှင့် အနော်ရထာလမ်းဆုံတွင် အသိပညာပေးဆောင်ရွက်သည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

အဆိုပါ အသိပညာပေးခြင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်မွန်အေး၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်၊ ကုသရေးကော်မတီမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးပိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ ဆိပ်ဖြူမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်း၍ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်စေရန် နေအိမ်ပြင်ပ သွားလာသူများနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများကို မဖြစ်မနေ ဝတ်ဆင်ကြရန်၊ နှာခေါင်းစည်းများ ဝတ်ဆင်သွားလာခြင်းမရှိသူများအား ရောင်းချပေးခြင်းများဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင် (ပြန်/ဆက်)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၁**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၆ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၈ မြို့နယ်ရှိ နေရာ ၁၀၃ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၂၆၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၂ ကီလိုဂရမ်၊ ရေဂါလန် ၁၇၄၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်ထောင်စုလွှတ်တော်ဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်ကွက် မဟာဓမ္မိကာရာမရွှေကျောင်းတိုက်ကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝေဠုဝန်ကျောင်းတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့နယ် အောင်ဇလဘုန်းတော်ကြီးကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၁)
# ပြည်သူ့လွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်း



မောင်စာဂ

မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့်၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီး လွှတ်တော်တစ်ရပ်စီ သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်စီ ရှိသည်။ ယင်းလွှတ်တော်များကို မည်သို့ ဖွဲ့စည်းထားသနည်း။ ယင်းလွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များကို မည်သို့သတ်မှတ်သနည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆိုင်ရာလွှတ်တော်ဥပဒေများမှ ကောက်နုတ်ပြီး လွှတ်တော်တစ်ရပ်ချင်းစီအလိုက် အနှစ်ချုပ်မျှဝေပါရစေ။

## ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းခြင်း

ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း၍ ပြည်ထောင်စုလွှတ်တော်ဟု ဖွဲ့စည်းသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ်နှင့် သီးခြားရွေးကောက်တင်မြှောက်ပေးခြင်း မရှိပါ။ [ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၄ ]

## ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်ကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၄၄၀ ဦးဖြင့် ဖွဲ့စည်းသည်။ ယင်းသို့ဖွဲ့စည်းရာတွင် ပထမအချက်အနေဖြင့် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော မြို့နယ်တစ်ခုခုနှင့်ပူးပေါင်း၍လည်းကောင်း မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည်။ ဒုတိယအချက်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည်။ [ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ]

## မဲဆန္ဒနယ်သတ်မှတ်ခြင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် မဲဆန္ဒနယ်များသတ်မှတ်ခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသတ်မှတ်သည်။ ထိုသို့သတ်မှတ်ရာ၌ အောက်ပါအချက်များကို လိုက်နာ၍ ဆောင်ရွက်သည်–

ပထမအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများ အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ထက်ပို၍ သတ်မှတ်ခြင်း မပြုပါ။

ဒုတိယအချက်မှာ မဲဆန္ဒနယ်အရေအတွက် ၃၃၀ ထက် ကျော်လွန်ခြင်းမရှိသေးပါက တစ်မြို့နယ်လျှင် အနည်းဆုံးမဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည်။ မဲဆန္ဒနယ် အရေအတွက်သည် ၃၃၀ မပြည့်မီပါက လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက်ကို ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်များ၏လူဦးရေ အများအနည်းအလိုက် တန်းစီဇယားပြုစုသည်။ လူဦးရေအများဆုံးမြို့နယ်မှစပြီး တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက်ပြည့်သည်အထိ ထပ်ဆောင်းသတ်မှတ်ပေးသည်။

တတိယအချက်မှာ မြို့နယ်အသစ်များဖွဲ့စည်းခြင်းကြောင့် စုစုပေါင်းမြို့နယ်အရေအတွက်သည် ၃၃၀ ထက် ကျော်လွန်ပါက မြို့နယ်အသစ်ဖွဲ့စည်းခြင်းအပေါ် မူတည်၍ သတ်မှတ်သည်။ ဥပမာ မြို့နယ်တစ်ခုအား နှစ်ပိုင်းခွဲခြား၍ မြို့နယ်အသစ်ဖွဲ့စည်းခြင်းဖြစ်လျှင် ယင်းမြို့နယ်အသစ်ကို မူလမြို့နယ်၏ မဲဆန္ဒနယ်အဖြစ် ပူးပေါင်းသတ်မှတ်သည်။ အကယ်၍တစ်ခုထက်ပိုသော မြို့နယ်များမှ နယ်မြေများကိုထုတ်နုတ်၍ မြို့နယ်အသစ်ဖွဲ့စည်းခြင်းဖြစ်လျှင် ယင်းမြို့နယ်များအနက် တစ်ဆက်တစ်စပ်တည်းရှိပြီး လူဦးရေအနည်းဆုံးရှိသည့် မြို့နယ်နှင့်ပူးပေါင်း၍ မဲဆန္ဒနယ်တစ်ခုအဖြစ် သတ်မှတ်သည်။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံ၌ မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက် ၃၃၀ ဦးဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်မြို့နယ်ကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ခြင်းဖြင့် ရွေးကောက်တင်မြှောက်သည်။

## ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ

နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူများ၊ ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းသည့်အချိန်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူများ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်သူများ (နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့်ကာလများကို နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်သည်)၊ မဲစာရင်းတွင်ပါဝင်သူများဖြစ်လျှင် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကိုကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကျင်းပခြင်း

လွှတ်တော်ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက် ကျင်းပရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားသဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများနှင့်အတူ တစ်နေ့တည်းတွင် တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် လွှတ်တော်အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် လွှတ်တော်အထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် စုစုပေါင်း ၃၃၀ သတ်မှတ်ခဲ့သော်လည်း မဲဆန္ဒနယ် ငါးနယ်တွင် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိခဲ့ပါ။ မဲဆန္ဒနယ် ၃၂၅ နယ်အတွက်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင်ပါတီ ၃၇ ခုမှ ပါတီကိုယ်စားပြု ၂၉၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ ၈၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပါတီ ၂၂ ခုမှ လွှတ်တော်ကိုယ်စားလှယ် ၁၁၄၈ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့ ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသမီးကိုယ်စားလှယ် ၄၅ ဦး ပါဝင်ရွေးကောက်ခံရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်စုစုပေါင်း ၃၃၀ သတ်မှတ်ခဲ့သော်လည်း မဲဆန္ဒနယ် ခုနစ်နယ်တွင် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့ပါ။ မဲဆန္ဒနယ် ၃၂၃ ခုအတွက်သာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ခုမှ ပါတီကိုယ်စားပြု ၅၇၂၈ ဦးနှင့် တစ်သီးပုဂ္ဂလ ၃၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပါတီ ၂၂ ခုမှ လွှတ်တော်ကိုယ်စားလှယ် ၁၁၄၅ ဦး နှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့ ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသမီး ကိုယ်စားလှယ် ၁၅၁ ဦး ပါဝင်ရွေးကောက်ခံရသည်။

## နည်းလမ်းနှစ်သွယ်

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ကို သတ်မှတ်ရာတွင် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ခြင်း နည်းလမ်းနှစ်သွယ်ရှိသည်။ သို့ရာတွင် မြို့နယ်စုစုပေါင်း ၃၃၀ ရှိသည့်အတွက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ် သတ်မှတ်ခြင်းဖြင့် ပြည့်စုံသွားသည်။ လူဦးရေကို အခြေခံရန် လိုအပ်မည်မဟုတ်ပါ။ အကယ်၍ မြို့နယ်အရေအတွက် ၃၃၀ ထက်လျော့နည်းသွားလျှင် သို့မဟုတ် ၃၃၀ ထက် ပိုမိုလာလျှင် ထိုအခါမျိုးတွင် လူဦးရေ အများအနည်းကိုအခြေခံရန် လိုအပ်လာမည်ဖြစ်သည်။

မြို့နယ်ကိုအခြေခံ၍ မဲဆန္ဒနယ်သတ်မှတ်ထားခြင်းဖြစ်သဖြင့် မဲဆန္ဒနယ်တစ်နယ်နှင့် တစ်နယ် လူဦးရေကွာခြားမှုရှိသည်။ လူဦးရေကွာခြားလျှင် မဲဆန္ဒရှင်လည်းကွာခြားသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အများဆုံးဖြစ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်သည် လှိုင်သာယာမြို့နယ်ဖြစ်ပြီး မဲဆန္ဒရှင်စုစုပေါင်း လေးသိန်းခွဲကျော်ရှိသည်။ မဲဆန္ဒရှင်အနည်းဆုံးဖြစ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်သည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်ဖြစ်ပြီး မဲဆန္ဒရှင် စုစုပေါင်း နှစ်ထောင်နီးပါး ရှိသည်။

ယခုအခါ ဆိပ်ကမ်းမြို့နယ်ကို ပယ်ဖျက်၍ ဗိုလ်တထောင်မြို့နယ်နှင့် လမ်းမတော်မြို့နယ်များတွင် ထည့်သွင်းခဲ့သည်။ မဲဆန္ဒရှင်အရေအတွက်များသော လှိုင်သာယာမြို့နယ်ကို အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ မြို့နယ်နှစ်မြို့နယ်ခွဲ၍ သတ်မှတ်ခဲ့သည်။

## အသင့်ပြင်ဆင်ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံကြရပါမည်။ အထူးသဖြင့် မဲစာရင်းတွင်ပါဝင်သူဖြစ်ရမည်။ မဲစာရင်းတွင်ပါဝင်သူဟုဆိုရာတွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်၏မဲစာရင်းတွင်ပါဝင်ရန်မလိုပါ။ မဲဆန္ဒနယ်တစ်ခုခု၏မဲစာရင်းတွင် ပါဝင်နေဖို့လိုသည်။ ဤသည်မှာအရေးကြီးသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးက နီး၍နီး၍ လာချေပြီ။ ယခင်အစဉ်အလာများအရ ပုံမှန်အားဖြင့် နိုဝင်ဘာလထဲတွင် ကျင်းပသွားဖွယ်ရှိပါသည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် မိမိတို့၏ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မည်သည့်မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဆိုသည်ကို ကြိုတင်ရွေးချယ်မှုတွေ ပြုကြရပါမည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ကြိုတင်လေ့လာဖတ်ရှုထားကြရပါမည်။ သို့မှသာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်း တင်သွင်းရမည့် နေ့ရက်နှင့် မဲဆွယ်စည်းရုံးရေးကာလများကို ထုတ်ပြန်ကြေညာသည့်အခါ မိမိတို့အနေဖြင့် အဆင်သင့်ရှိနေကြမည် ဖြစ်ကြောင်းပါဗျာ။

- **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ လွတ်လပ်၍ တရားမျှတမှုရှိပါစေ၊**
- **လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ကြပါစေ၊**
- **အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှု ပိုမိုများပြားလာပါစေ။ ။**

**ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ ကို သတ်မှတ်ရာတွင် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ခြင်း နည်းလမ်းနှစ်သွယ်ရှိသည်။ သို့ရာတွင် မြို့နယ်စုစုပေါင်း ၃၃၀ ရှိသည့်အတွက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခြင်းဖြင့်...**

# ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး



**ဒီးမော့ဆို မေ ၂၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အဖွဲ့သည် မေ ၂၀ ရက်က ဒီးမော့ဆိုမြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအကျိုးကို မျှော်မှန်း၍ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာ စာသင်ကျောင်းမှ ရေနီချောင်းတံတားအထိ လမ်းအရှည် ပေ ၈၃၀၀၊ လမ်းအကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတား အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ဘုရားဖြူကျေးရွာ ကွင်းအမှတ် (၆၈) အတွင်း ၁၀ ဒသမ ၆၆ ဧက ကျယ်ဝန်းပြီး တိမ်ကောနေသော အင်းအမှတ် (၁) နှင့် (၂) တို့အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ အပန်းဖြေအနားယူသည့် အထင်ကရ ငွေတောင်ဆည်သို့ ရောက်ရှိပြီး ငွေတောင်ဆည် ပတ်ဝန်းကျင်တွင် ဆောင်ရွက်နေသောလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒီးမော့ဆိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဆည်၊ ကန်၊ ချောင်း၊ မြောင်းများ ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းများသည် လုပ်ငန်းအားလုံးနီးပါး ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လယ်မြေဧက ၂၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့်အပြင် လယ်မြေဧက ၅၀၀၀ အား စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာအဆောက်အအုံ မြေနေရာရွေးချယ်ထားမှု ကြည့်ရှု

**ပွင့်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ မေ ၂၀ ရက် နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့သို့ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် နေရေးထိုင်ရေးအဆင်ပြေစေရန် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာအဆောက်အအုံဆောက်လုပ်ပေးနိုင်ရေး မြေနေရာရွေးချယ်ထားမှုအခြေအနေအား လာရောက်ကြည့်ရှုစစ်ဆေးသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများအဖွဲ့သည် ပွင့်ဖြူမြို့နယ်အတွင်း နေရပ်အသီးသီးမှ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ နေရေးထိုင်ရေးအဆင်ပြေစေရေးအတွက် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားရှိသည့် ပွင့်ဖြူမြို့နယ် စံပြကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၄)ချည်မျှင်နှင့် အထည်စက်ရုံဝင်းအတွင်း မြေကွက်လပ်နှင့် ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာအနီး စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးစေ့သိုလှောင်ရုံဝင်းအတွင်းရှိ မြေကွက်လပ်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေနေရာရွေးချယ်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာအဆောက်အအုံ အမြန်ဆုံးဆောက်လုပ်သွားနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသစ်အဆောက်အအုံ အလျား ၄၂ ပေ၊ အနံ ၅၈ ပေ၊ အမြင့် ၁၂ ပေ အာစီတစ်ထပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# တောင်သူများထံ စပါးမျိုးများနှင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးလျက်ရှိ

**ဂန့်ဂေါ မေ ၂၁**

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုလီမိတက်သည် သမဝါယမလုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီအမီ တောင်သူများ လိုအပ်လျက်ရှိသည့် ဆင်းသုခမျိုးစပါးနှင့် စူပါတော့ မြေဩဇာများကို အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ကုန်ထုတ်၊ ကုန်သွယ် ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေရာ မျိုးစပါး၊ မြေဩဇာတွေသာမက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေဖြစ်တဲ့လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာရည်၊ နှာခေါင်းစည်း၊ အခြေခံစားသောက်ကုန်ပစ္စည်းတွေကို အသင်းစုပိုင်ကုန်စုံဆိုင်မှ ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဖြူးပေးနေပါတယ်"ဟု မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌဦးမြင့်ထွေးက ပြောသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းလီမိတက်၏ အစီအစဉ်ဖြင့် အငှားလိုက်ထွန်ယက်ပေးခြင်းကို ထွန်စက် ၁၁ စီးဖြင့် ဆောင်ရွက်ပေးနေသည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်သည့်ကာလ၌ ရပ်ကွက်၊ ကျေးရွာ သမဝါယမအသင်း လီမိတက် ၁၅၅ သင်းမှ အသင်းဝင်များအားလုံးထံ စုစုပေါင်း ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ ကြက်သွန်၊ အာလူး၊ ဆားများကို အသင်းသားပေါင်း၁၂၀၀၀ ကျော်ထံသို့ လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် အသင်းစုရုံးဝန်ထမ်းများအတွက် ငွေကျပ် ငါးသိန်းကျော် တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်၊အာလူး၊ဆား၊ ကြက်ဥတို့ကိုလည်းကောင်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

# ရန်ကုန်စတော့အိတ်ချိန်း ခြောက်ခုမြောက် စာရင်းဝင်ကုမ္ပဏီအား အတည်ပြု

**ရန်ကုန် မေ ၂၁**

ရန်ကုန်စတော့အိတ်ချိန်းတွင် Logistic ကုမ္ပဏီတစ်ခုဖြစ်သော Ever Flow River Group Public Co., Ltd. (EFR) အား ရန်ကုန်စတော့အိတ်ချိန်း၏ ခြောက်ခုမြောက်စာရင်းဝင်ကုမ္ပဏီအဖြစ် အတည်ပြုကြေညာပြီးဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

"ယခုလက်ရှိ ရန်ကုန်စတော့အိတ်ချိန်းမှာ ရောင်းဝယ်နေတဲ့ စာရင်းဝင်ကုမ္ပဏီက ငါးခုရှိပါတယ်။ အခုစာရင်းဝင်ကုမ္ပဏီအဖြစ် ကြေညာလိုက်တဲ့ကုမ္ပဏီကတော့ Logistic ဆောင်ရွက်နေတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ ဒီကုမ္ပဏီက မေ ၂၈ ရက်ကစပြီး စတော့ရှယ်ယာတွေ စတင်ရောင်းချပေးသွားမှာဖြစ်ပါတယ်" ဟု ဦးသက်ထွန်းဦးက ဆက်လက်ပြောပြသည်။

မေ ၂၈ ရက်တွင် EFR ကုမ္ပဏီ၏ စာရင်းဝင်နေ့ရက်အဖြစ် သတ်မှတ်ထားပြီး ယင်းနေ့တွင် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်မှုများကို စတင်မည်ဖြစ်ကြောင်း၊ ယင်းနေ့တွင် ၎င်းကုမ္ပဏီ၏ အစုရှယ်ယာအခြေခံဈေးနှုန်းမှာ မြန်မာကျပ်ငွေ ၂၃၀၀ သတ်မှတ်ထားကြောင်း၊ အမြင့်ဆုံးဈေးသတ်မှတ်ချက် ကျပ် ၂၈၀၀၊ အနိမ့်ဆုံး ၁၈၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ လက်ရှိစာရင်းဝင်ကုမ္ပဏီ ငါးခုရှိရာ မေ၂၁ ရက်နံနက်ပိုင်းတွင် FMI က ကျပ် ၁၀၅၀၀၊ MTSH က ကျပ် ၃၇၅၀၊ MCB က ကျပ် ၈၃၀၀၊ FPB က ကျပ်၂၄၀၀၀၊ TMH က ကျပ် ၂၈၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် တစ်ရက်ပျှမ်းမျှ မြန်မာကျပ်ငွေ သန်း ၆၀ ကျော် အရောင်းအဝယ်ဖြစ်နေခြင်းဖြစ်ကြောင်း၊ ယင်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် အရောင်းအဝယ်အေးသွားခြင်းဖြစ်ပြီး ထိုကာလမတိုင်မီက အရောင်းအဝယ် ပိုမိုကောင်းမွန်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ငှက်သိုက်ရောင်းဝယ်မှုဈေးကွက် ၇၀ ရာခိုင်နှုန်းကျဆင်းသော်လည်း ဈေးနှုန်းကျဆင်းမှုမရှိ



**မြိတ် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ငှက်သိုက်ရောင်းဝယ်မှုဈေးကွက်သည် နယ်ဝေးပို့ဆောင်ရာတွင် အခက်အခဲများဖြစ်လျက်ရှိသဖြင့် ရောင်းဝယ်မှုဈေးကွက်သည် ၇၀ ရာခိုင်နှုန်းကျဆင်းလျက်ရှိသော်လည်း ဈေးနှုန်းကျဆင်းမှုမရှိကြောင်း ငှက်သိုက်လုပ်ငန်းရှင်များထံမှ သိရသည်။

" ဒီအချိန်က ငှက်သားပေါက်တဲ့ရာသီဖြစ်တဲ့အတွက် ကုန်ကြမ်းရှားသွားပါတယ်။ ရှားသွားတဲ့အတွက် စုဆောင်းရရှိမှုနည်းတယ်။ နည်းတဲ့အတွက် ကုန်ကြမ်းဈေးက မကျဘူး။ အရောင်းအဝယ်တော့ အရင် ၁၀၀ ဖိုးရောင်းရတဲ့ဆီမှာ အခုက ၃၀ ဖိုးလောက်ပဲ ရောင်းရတယ်။ များများစားစားမရောင်းရတော့ဘူး" ဟု မီမီသဘာဝ ငှက်သိုက်လုပ်ငန်းမှ ဦးပြည့်ဖြိုးဟန်က ပြောသည်။

"ငှက်သိုက်ကို တရုတ်က အဓိကထားပြီးစားပါတယ်။ တရုတ်နှစ်သစ်ကူးကာလမှာ အမှန်တကယ်အများကြီး ရောင်းရပါတယ်။ ဒါပေမယ့် ဒီနှစ်တရုတ်နှစ်သစ်ကူးကာလမှာ ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့အခါကျတော့ တရုတ်က ငှက်သိုက်ကို မဝယ်သလောက်နည်းပါတယ်။ ဒါပေမယ့် ပြည်တွင်းစားသုံးတဲ့ ရန်ကုန်တို့၊ မိတ္ထီလာတို့အဝေးကို ပုံမှန်ပို့နေရသေးတယ်။ နောက်ပိုင်း ကားလမ်းတွေပိတ်တဲ့အခါကျတော့ အဝေးပို့လို့ အဆင်မပြေတော့ဘူး။ မြို့တွင်းမှာ ပုံမှန်ဝယ်သောက်ကြသူတွေက ပုံမှန်အတိုင်း ဝယ်သောက်ကြပါတယ်" ဟု ငှက်သိုက်အရောင်းဆိုင်လုပ်ငန်းမှ ဒေါ်ယုယုမွန်က ပြောသည်။

မြိတ်မြို့တွင် ငှက်သိုက်လုပ်ငန်းရှင်များမှ အသင့်ပေါင်းစားနိုင်ရန် သန့်စင်ပြီးငှက်သိုက်အခြောက်များကို လက်လီလက်ကားရောင်းဝယ်လျက်ရှိကြပြီး အသင့်စားသုံးနိုင်ရန် ငှက်သိုက်ပေါင်းလည်း ရောင်းချလျက်ရှိကြသည်။

ငှက်သိုက်ကို သောက်ခြင်းသည် ကိုယ်ခံအားကောင်းစေပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသည့်အတွက် သောက်သုံးနေသူများက ပုံမှန်အတိုင်းသောက်လျက်ရှိကြရာ မြို့တွင်းအရောင်းဈေးကွက်တွင် အသင့်သောက် ငှက်သိုက်ပေါင်းသည် ဈေးလေးမျိုးရှိပြီး ဘူးအရွယ်အစားအလိုက် ကျပ် ၃၀၀၀ မှ ကျပ် ၁၀၀၀၀ အထိရှိကြောင်း အရောင်းဆိုင်တချို့မှ သိရသည်။

ငှက်သိုက်ရောင်းဝယ်မှုဈေးကွက်အနေဖြင့် ပေါင်းစားရန် အသင့်သန့်စင်ပြီး ငှက်သိုက်အခြောက်တွင် အတန်းစားလေးမျိုးရှိပြီး ပထမတန်းစား၌ တစ်ပိဿာလျှင် ကျပ်သိန်း ၄၀ ခန့်၊ ဒုတိယတန်းစား၌ တစ်ပိဿာလျှင် ကျပ် ၃၆ သိန်းခန့်၊ တတိယတန်းစား၌ တစ်ပိဿာလျှင် ကျပ် ၃၂ သိန်းခန့်၊ စတုတ္ထတန်းစား၌ တစ်ပိဿာလျှင် ကျပ်သိန်း ၃၀ ခန့်ရှိကြောင်း မြိတ်ခရိုင် ငှက်သိုက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ခိုင်ထူး (မြိတ်ပြန်/ဆက်)**

## ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ စုဖွဲ့လေ့ကျင့်

**မန္တလေး မေ ၂၁**

မန္တလေးခရိုင်အတွင်း သဘာဝဘေးနှင့် အခြားသောဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ခြင်းနှင့်ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ တပ်စုတစ်စုကို မန္တလေးခရိုင်မီးသတ်ဦးစီးဌာန (ဗဟိုမီးသတ်စခန်း) တွင် အသင့်ဖွဲ့စည်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားကာ စုဖွဲ့လေ့ကျင့်လျက်ရှိသည်။



မန္တလေးခရိုင် မီးသတ်ဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း မိုးရာသီသဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များက အပတ်စဉ် ခေတ်မီစက်ကိရိယာများဖြင့် လေ့ကျင့်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်ဦးဆောင်၍ သန္ဒေတပ်ဖွဲ့ဝင်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ဧရာဝတီမြစ်အတွင်း ရေနစ်သူအား ရေငုပ်ရှာဖွေခြင်း၊ ရေကြီးနစ်မြုပ်မှုများအား ရှာဖွေကယ်ဆယ်ခြင်း၊ မြစ်အတွင်း မီးလောင်မှုများအား မီးငြိမ်းသတ်ခြင်းနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား Speed Boat များအသုံးပြု၍ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ စုဖွဲ့လေ့ကျင့်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**



## ရေတွင်းများပြန်လည်ဆယ်ယူရာတွင် အောက်ဆီဂျင်ပြတ်လပ်မှုကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်နိုင်ရန် အသိပညာပေး

**မိတ္ထီလာ မေ ၂၁**

မိတ္ထီလာမြို့နယ်၌ ရေတွင်းများပြန်လည်ဆယ်ယူရာတွင် အောက်ဆီဂျင်ပြတ်လပ်မှုကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီကယ်ဆယ်နိုင်ရန် ယနေ့နံနက် ၈ နာရီက အမှတ်(၁) မီးသတ်စခန်း၌ ကျင်းပသည်။

ရေတွင်းများတွင် ရေပြတ်လပ်မှုများရှိလာပါက ရေရရှိရေးအတွက် ဆက်လက်တူးဖော်ခြင်း၊ အမှိုက်များ၊ နုန်းများဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေအပူချိန်မြင့်တက်လာ၍ ရေတွင်းအတွင်း၌ လေပြတ်လပ်၍ အောက်ဆီဂျင်ပြတ်လပ်မှုများကြုံတွေ့ရကြောင်း၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ်တို့တွင် ရေတွင်းရှာဖွေကယ်ဆယ်ရေးအတွက် တစ်မြို့နယ်လျှင် ၁၀ ဦးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ ရေတွင်းအတွင်း ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ ဗဟုသုတများရရှိအောင် အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လက်တွေ့သရုပ်ပြ

**ခရမ်း မေ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေး စုပေါင်းသရုပ်ပြလေ့ကျင့်မှုကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါစုပေါင်းလေ့ကျင့်ရာသို့ ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်စခန်းမှူး ဦးမင်းကိုအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရမ်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒေါ်ခင်မိုးလွင်နှင့် တပ်ဖွဲ့ဝင်များက ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုနည်းတို့ဖြင့် ရေတွင်းအတွင်းကျရောက်နေသူအား ရှာဖွေကယ်ဆယ်၍ အသက်ကယ်ဆယ်ခြင်းများကို စုပေါင်းလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

## နှာခေါင်းစည်းမဝတ်ဘဲ နေအိမ်ပြင်ပ ထွက်သူများအား အရေးယူလျက်ရှိ



**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်မှုမရှိစေရေးအတွက် နေအိမ်မှ ပြင်ပသို့ ထွက်ခွာသူများ နှာခေါင်းစည်းမဝတ်ဆင်ပါက ယခုဝယ်၊ ယခုဝတ်စနစ်ကို ယနေ့ နံနက် ၇ နာရီခွဲက စတင်ဆောင်ရွက်သည်။

နှာခေါင်းစည်းတပ်ဆင်ရေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မြို့နယ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ လမ်းမတစ်လျှောက်နှင့် လူစည်ကားရာနေရာများ၌ နေအိမ်မှပြင်ပသို့ ထွက်ခွာလာသူများတွင် နှာခေါင်းစည်းမဝတ်ဆင်သူများအား နှာခေါင်းစည်းတစ်ခုလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ယခုဝယ်၊ ယခုဝတ်စနစ်ဖြင့် ဝယ်ယူစေပြီး နှာခေါင်းစည်းများကို စနစ်တကျဝတ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝဠာနိုင် (ညောင်တုန်း)**

**မုံရွာ**

အပြင်ထွက်လျှင် နှာခေါင်းစည်းမဝတ်သူများကို မေ ၂၂ ရက်မှစ၍ အရေးယူတရားစွဲသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာ ဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

"ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး ပြည်သူအားလုံး ကိုယ့်အသိစိတ်နဲ့ကိုယ် နှာခေါင်းစည်းတွေဝတ်ကြဖို့ ညွှန်ကြားချက်အမိန့်တွေ ထုတ်ပြန်ထားပါတယ်။ သို့သော်လည်း နှာခေါင်းစည်းမဝတ်သူတချို့ကို နှစ်ရက်ပညာပေး ကမ်ပိန်းလုပ်တာပါ။ အရင်ရက်တွေက နှာခေါင်းစည်းအခမဲ့ဝေတဲ့ကမ်ပိန်းတွေ လုပ်ခဲ့ပြီးပြီ၊ နှာခေါင်းစည်းမဝတ်သူတွေကို အရေးယူဆောင်ရွက်ဖို့ စည်းကမ်းချက်တွေထုတ်ပြီးပြီဆိုတော့ မေ ၂၀ ရက်နဲ့ ၂၁ ရက်မှာ နှာခေါင်းစည်းတစ်ခု ကျပ် ၁၅၀ နှုန်းနဲ့ ဝယ်တပ်ခိုင်းနေတာပါ၊ နှစ်ရက်လုပ်ပြီးရင်တရားရုံးကိုပို့ပြီး အရေးယူဆောင်ရွက်တာတွေလုပ်ပါမယ်၊ ဒဏ်ရိုက်တရားစွဲပါမယ်၊ ကျယ်ကျယ်ပြန့်ပြန့်သိအောင် မုံရွာမြို့က နေရာသုံးခုခွဲလုပ်နေပါတယ်၊ မုံရွာတောင်ရယ်၊ ကျောက်ကာလမ်းဇေတိကကျောင်းရှေ့နဲ့ မြို့တော်ခန်းမရှေ့တွေမှာ လုပ်နေပါတယ်" ဟု စည်ပင်သာယာဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

တရားရုံးတွင် တရားစွဲသည်ဟူသောအသိရပြီး နှာခေါင်းစည်းဝတ်လာရန် လုပ်ဆောင်ခြင်းဖြစ်ပြီး မလိုက်နာသည့်သူ၊ စည်းကမ်းဖောက်သည့်သူများကို လိုက်နာစေချင်၍ တရားရုံးတင်ပို့သည့်သဘောဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ပေါ်တွင် လူဦးရေနှစ်သိန်းခန့်ရှိရာ နှာခေါင်းစည်းကို ၅၀ ရာခိုင်နှုန်း ဝေငှပြီးပြီဖြစ်၍ မုံရွာမြို့တွင် ၆၅ ရာခိုင်နှုန်းခန့် နှာခေါင်းစည်းတပ်သည်ကို တွေ့ရပြီး ၃၅ ရာခိုင်နှုန်းခန့်မှာ မတပ်သေးတာတွေ့ရကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးဇော်ထွန်းက ပြောသည်။

ပြည်သူများ စည်းကမ်းလိုက်နာမည်ဆိုလျှင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် စိတ်ချရမည်ဟု ယူဆကြောင်း ဦးနေဦး (ချင်းတွင်းမေတ္တာလူမှုကူညီရေးအသင်း) က ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

**မကွေး**

အပြင်ထွက်လျှင် နှာခေါင်းစည်းမဝတ်ပါက မကွေးမြို့တွင် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထံမှ သိရသည်။

"မကွေးပြည်သူတွေ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အပြင်ထွက်သွားလာသူတွေ နှာခေါင်းစည်းမဝတ်ရင် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပညာပေးကာလ၊ အရေးယူကာလအဖြစ် သတ်မှတ်ထားပါတယ်။ မေ ၂၀ ရက်ကနေ မေ ၂၂ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ထားပါတယ်။ အဆိုပါရက်တွေမှာ နှာခေါင်းစည်းဝတ်ဆင်လာခြင်းမရှိရင် တစ်ခုကို ၂၀၀ ကျပ်နဲ့ ဝယ်ယူတပ်ဆင်ရမှာဖြစ်ပါတယ်။ အရေးယူကာလကတော့ မေ ၂၃ ရက်ကနေ ၃၁ ရက်အထိ အရေးယူကာလအဖြစ်သတ်မှတ်ပြီး အဆိုပါရက်တွေမှာ နှာခေါင်းစည်းဝတ်ဆင်လာခြင်းမရှိရင် နှစ်ခုကို ၁၀၀၀ ကျပ်နှုန်းနဲ့ ဝယ်ယူတပ်ဆင်ရမှာဖြစ်ပါတယ်" ဟု မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသက်လွင်က ပြောသည်။

**မကွေးဝင်းမောင်**

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး မိမိနှင့် မိမိမိသားစုအတွက်၊ မြို့နယ်သူ မြို့နယ်သားများအတွက် အပြင်ထွက်လျှင် နှာခေါင်းစည်းဝတ်ပါအစီအစဉ်ကို မေ ၂၁ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ မြို့နယ်အတွင်းရှိပြည်သူများ ကျန်းမာရေးအသိဖြင့် စည်းကမ်းရှိစေရေး၊ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများတွင် ကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းဝတ်ဆင်လာခြင်းမရှိပါက သုံးခုလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ယခုဝယ်၊ ယခုဝတ်စနစ်ဖြင့် တပ်ဆင်ရမည့်အစီအစဉ်ကို စတင်နေပြီဖြစ်သည်။

မြို့နယ်အတွင်းရှိ ပြည်သူများကလည်း အပြင်ထွက်ပါက နှာခေါင်းစည်းဝတ်ဆင်သွားလာ၍ မိမိတို့လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းများပါဝင်သော အဖွဲ့ခွဲများက လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီတာအောင်(ပြန်/ဆက်)**

## တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်(အငြိမ်းစား)များအား အခြေခံစားကုန်များထောက်ပံ့



**တောင်ငူ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် (အငြိမ်းစား)များအား တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အခြေခံစားကုန်လေးမျိုး ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည်။

ရဲတပ်ဖွဲ့ဝင်(အငြိမ်းစား) ၅၀ အတွက် တစ်ဦးလျှင် ၁၆ ရက်စာရိက္ခာအဖြစ် ဆန် (၅) ပြည်နှင့် (၅)ဘူး၊ ဆီ (၃၂) ကျပ်သား၊ ပဲ (၄၈) ကျပ်သား၊ ဆား (၂၈) ကျပ်သားနှုန်းကို တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက ထောက်ပံ့ပေးအပ်သည်။

**ကိုလွင်(ဆွာ)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဝန်ထမ်းများက ဆန်အိတ် ၅၀၊ ကြက်သွန်နှစ်အိတ်နှင့် ကုလားပဲတစ်အိတ်တို့ကို တတိယအကြိမ်အဖြစ် မေ ၂၀ ရက်က လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ လာရောက်လှူဒါန်းကြစဉ်။

သီပေါကိုလတ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးမကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် ဒေသအလိုက်နှင့်ရောဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

**မိုး/ဇလ**

## ဆန်အလိုအလျောက်ပေးဝေသည့်စက်ဖြင့် ဆန်အခမဲ့ပေးဝေ လူဦးရေ ၅၀၀ ကျော် လာရောက်ထုတ်ယူ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ဆန်အလိုအလျောက် ပေးဝေသည့်စက် Rice-ATM ဖြင့် လူတစ်ဦးလျှင် ဆန်နို့ဆီဘူး ခြောက်ဘူးနှုန်း အခမဲ့ပေးဝေလျက်ရှိရာ လူဦးရေ ၅၀၀ ကျော် လာရောက်ထုတ်ယူပြီးဖြစ်ကြောင်း We Love HlaingTharyar လူထုအခြေပြု ပရဟိတအဖွဲ့မှ သိရသည်။

ဆန်ပေးဝေသည့်အစီအစဉ်ကို မေ ၁၆ ရက်မှစကာ ကနဦးစမ်းသပ် ပေးဝေခဲ့ရာ မေ ၂၀ ရက်ထိ လူဦးရေ ၅၀၀ ကျော် လာရောက်ထုတ်ယူခဲ့ပြီး ယင်းအစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆန်လိုအပ်ချက်ရှိသူများအတွက် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေဘဲ ရောဂါကူးစက် ပြန့်ပွားမှုနှုန်းကို လျှော့ချနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း We Love HlaingTharyar တာဝန်ခံ ကိုတင်ဇော်ထွေးက ပြောသည်။

ဆန်ထုတ်ယူရာတွင် အမျိုးအစားသုံးမျိုးခွဲခြားထားပြီး ပထမအမျိုးအစားမှာ ဖုန်းဖြင့်ဆန်ထုတ်လိုသူများအနေဖြင့်



မိမိဖုန်းမှတစ်ဆင့် We Love Hlaingtharyar Facebook Page သို့ ဝင်ရောက်ပြီး Chat Box မှ စာရင်းပေးမည့်ခလုတ်ကို ရွေးချယ်ကာထုတ်ယူလိုသူ၏ ဖုန်းနံပါတ်၊ အမည်၊ လိပ်စာနှင့် စကားဝှက်ကို အင်္ဂလိပ်လိုရိုက်ထည့် လျှောက်ထားနိုင်ကြောင်း၊ လာရောက်ထုတ်ယူရန် SMS ရရှိပါက We Love HlaingTharyar chat box တွင် Login ဝင်၍ လျှို့ဝှက်ကုတ်နံပါတ်နှင့် ဆန်စက်အမှတ်ကိုဖြည့်ကာ ဆန်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအမျိုးအစားမှာ ဖုန်းရှိသော်လည်း အသုံးပြုမှုအခက်အခဲရှိသူများအနေဖြင့် ထုတ်ယူလိုပါက အမည်နှင့်လိပ်စာကို ဖုန်းနံပါတ် ၀၉-၉၇၈၂၈၈၇၇၄ သို့ SMS ပေးပို့လျှောက်ထားနိုင်ပြီး ထုတ်ယူရန် SMS ရရှိပါက ဆန်ပေးဝေစက်တွင် QR ကုတ်စာရွက်ထုတ်ကာ ထုတ်ယူနိုင်ကြောင်း၊ တတိယအမျိုးအစားမှာ ဖုန်းမရှိသူများနှင့် သက်ကြီးရွယ်အိုများအတွက် နီးစပ်ရာရုံး (သို့မဟုတ်) တာဝန်ရှိသူထံတွင် အမည်နှင့်လိပ်စာပေး၍ QR ကုတ်စာရွက် ထုတ်ကာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း We Love Hlaing Tharyar ထံမှ သိရသည်။

ဆန်ထုတ်ယူမှုနှင့်ပတ်သက်၍ အမျိုးအစားသုံးမျိုး ခွဲခြားလုပ်ဆောင်ရာတွင် လာရောက်ထုတ်ယူသူအများစုသည် ဒုတိယနှင့် တတိယအမျိုးအစားကိုသာ အသုံးပြုသူများပြားပြီး ပထမအမျိုးအစားကို အသုံးပြုသူနည်းပါးသေးကြောင်း၊ ဆန်အလိုအလျောက်ပေးဝေစက်ဖြင့် ဆန်အခမဲ့ပေးဝေသည့် ရည်ရွယ်ချက်မှာ ကပ်ရောဂါကာလအတွင်း တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေရန်ဖြစ်ကြောင်း တာဝန်ခံ ကိုတင်ဇော်ထွေးက ပြောသည်။

"ကျွန်တော်တို့အဓိကသွားနေတာက ပထမအမျိုးအစားဖြစ်တဲ့ ဖုန်းနဲ့တိုက်ရိုက်လျှောက်၊ တိုက်ရိုက်ထုတ် ဘယ်သူနဲ့မှ ထိတွေ့စရာမလို၊ ဘာစာရွက်စာတမ်းမှ ကိုင်စရာမလိုအောင် လုပ်ထားတာပါ၊ ဒီမှာ တော်တော်များများက နည်းပညာနဲ့ မရင်းနှီးကြတာတွေရှိတယ်၊ အဲ့ဒီအတွက် ရင်းနှီးလာအောင် ကျွန်တော်တို့ အချိန်တော့ ယူရဦးမှာပါ" ဟု ၎င်းက ဆက်လက် ပြောသည်။

ထိုသို့ အလိုအလျောက်စက်ဖြင့် ဆန်များပေးဝေမှုကို လှိုင်သာယာမြို့နယ် အမှတ်(၅၇၂/က/ခ) မကွေးလမ်း (၉) ရပ်ကွက်ရှိ လွှတ်တော်ကိုယ်စားလှယ်များရုံး၌ ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ပေးဝေရာတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အဓိကထားကာ တစ်အိမ်ထောင် (လိပ်စာတူ)လျှင် တစ်ဦးသာ လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသည့်လိပ်စာများနှင့် အချက်အလက်များကို သက်ဆိုင်ရာအဖွဲ့က သေချာစိစစ်ဆောင်ရွက်လျက်ရှိပြီး တစ်ရက်ခြားတစ်ခါ လျှောက်ထားထုတ်ယူနိုင်ကြောင်း သိရသည်။

**အေးမင်းသူ**



## ကော့သောင်းမြို့ စည်ပင်သာယာဈေးများ ပြန်လည်ဖွင့်လှစ်

**ကော့သောင်း မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်မှုရှိစေရေး ကော့သောင်းမြို့နယ်အတွင်းရှိ စည်ပင်သာယာအဖွဲ့ပိုင်ဈေးများအား ဧပြီလဒုတိယပတ်မှစ၍ ဈေးနှင့် ဈေးနယ်နိမိတ်အတွင်း ဆေးဝါး၊ အစားအသောက်များနှင့် ကုန်ခြောက်ဆိုင်များ ရောင်းချခြင်းမှလွဲ၍ အခြားဆိုင်များကို ပိတ်သိမ်းထားခဲ့ရာ ယမန်နေ့ နံနက်ပိုင်းမှစ၍ သတ်မှတ်စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချမှု ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းနေ့ ပြန်လည်ဖွင့်လှစ်မှုတွင် ကော့သောင်းမြို့ပေါ်ရှိ စည်ပင်သာ ယာ ဈေးများအတွင်းရှိ ဆိုင်ခန်းများကို ဆိုင်ခန်းတစ်ခန်းခြား တစ်ရက်စီ အလှည့်ကျစနစ်ဖြင့် ဖွင့်လှစ်ရောင်းချ စေပြီး ဈေးရောင်းချချိန်အဖြစ် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိသာ ရောင်းချကြရန် ထုတ်ပြန်ထားကြောင်း ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြေညာချက်အရ သိရသည်။

ကော့သောင်းမြို့ပေါ် ဈေးများဖြစ်သည့် ဘုရင့်နောင်လဟာပြင်ဈေး၊ မြို့မဈေးနှင့် ရွှေဇင်ယော်ရပ်ကွက် နန္ဒဝန်ဈေးတို့အား ပြန်လည်ဖွင့်လှစ်ထားလိုက်ခြင်းဖြစ်ကြောင်း ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘဝွမ်က ပြောကြားသည်။

**ကျော်စိုး (ကော့သောင်း)**

## နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်သွားလာရေး အသိပညာပေး

**ဖီးကုန်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့တွင် ပြည်သူများ နေအိမ်ပြင်ပသို့ သွားလာရာတွင် နှာခေါင်းစည်းများ စနစ်တကျ ဝတ်ဆင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်ပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အထောက်အကူ ဖြစ်စေရန် အသိပညာပေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်-ပြည် ကားလမ်းမ၌ ဆောင်ရွက်ခဲ့ကြသည်။



ဖီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။

**ဖီးကုန်း(ပြန်/ဆက်)**

## ဘိုင်ယန်မြူးနစ်အသင်းက ဆာနေးအတွက် ကျောနံပါတ် (၁၀) စီစဉ်ထားဟု ဆို

မန်စီးတီးအသင်းတောင်ပံကစားသမား လီရွိုင်းဆာနေးဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကတည်းက ခေါ်ယူဖို့ ပစ်မှတ်ထားခံခဲ့ရတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိအချိန်မှာလည်း ဆာနေးကို ခေါ်ယူဖို့ ကမ်းလှမ်းမှုတွေ ပြုလုပ်ထားသလို ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ လာမယ့်ဘောလုံးရာသီမှာ ဆာနေးဝတ်ဆင်ကစားဖို့အတွက် ကျောနံပါတ် (၁၀) ကို စီစဉ်ထားတယ်လို့ သိရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းမှာ အရင်က ကျောနံပါတ် (၁၀) ကို တောင်ပံကစားသမား အာဂျန်ရော်ဘင်ဝတ်ဆင် ကစားခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းကနေ အငှားနဲ့လာကစားနေတဲ့ ကော်တင်ဟိုကို ဝတ်ဆင်ခွင့်ပေးထားတာဖြစ်ပါတယ်။ ဂျာမနီမီဒီယာတွေရဲ့ဖော်ပြချက်အရ မန်စီးတီးအသင်းတောင်ပံကစားသမား ဆာနေးဟာ နွေရာသီဈေးကွက်အတွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းဆီ အပြီးတိုင်ပြောင်းရွှေ့မယ်လို့ ဖော်ပြထားတဲ့အပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ဆာနေးအတွက် ကျောနံပါတ် (၁၀) ကို စီစဉ်ထားတယ်လို့ ဆိုပါတယ်။

မန်စီးတီးအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ဟာ သဘောတူညီချက်ရရှိထားပေမယ့် အသက် ၂၄ နှစ်အရွယ် ဆာနေးဟာ မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသေးတာဖြစ်ပါတယ်။ ဆာနေးဟာ နည်းပြ ဂွါဒီယိုလာရဲ့ ပထမဆုံးစာချုပ်ချုပ်ဆိုခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲကတစ်ဦးဖြစ်ပြီး ဆာနေးအနေနဲ့ မန်ချက်စတာမြို့မှာ လေးနှစ်ကြာဖြတ်သန်းခဲ့ပြီးလည်းဖြစ်ပါတယ်။ တောင်ပံကစားသမား ဆာနေးဟာ လက်ရှိကလပ်မန်စီးတီးအသင်းနဲ့အတူ



၈၉ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၅ ဂိုး သွင်းယူပေးထားကာ ဂျာမနီနိုင်ငံလက်ရွေးစင်အသင်းအတွက် ၂၁ ပွဲမှာ ငါးဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

ငွေကြယ် – ရေးသားသည်

## ဖီဖာ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်နေသည့် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံသစ် ၂၀၂၁ နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်

ရန်ကုန် မေ ၂၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ပံ့ပိုးမှုဖြင့် တည်ဆောက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံသစ်မှာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်သည်။ ယခင်က ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးရန် သတ်မှတ်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လအနည်းငယ်နောက်ဆုတ်သွားခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှ ပြီးစီးမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပနိုင်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံ တည်ဆောက်ခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ဖူဆယ်အားကစားရုံ သီးသန့်မရှိသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ပံ့ပိုးမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၂၀၀၀ ကျော် ဝင်ဆံ့မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အားကစားရုံအခက်အခဲကြောင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပရာတွင် အခက်အခဲများရှိခဲ့ပြီး ယခုအားကစားရုံပြီးစီးသွားပါက ပြည်တွင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာဖူဆယ်ပြိုင်ပွဲများကိုလည်း လက်ခံကျင်းပနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းဖူဆယ်အားကစားရုံကို ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် ပန္နက်တင်အခမ်းအနားပြုလုပ်ကာ စတင်တည်ဆောက်ခဲ့ပြီး ၄၅ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၆ ခုနှစ်မှစ၍ ဖူဆယ်လက်ရွေးစင်အသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယ တစ်ကြိမ်၊ တတိယ နှစ်ကြိမ် ရရှိထားသည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းကိုလည်း နိုင်ငံခြားသားနည်းပြခန့်အပ်ကာ ပြင်ဆင်သွားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## ဘိုင်ယန်မြူးနစ်ဂိုးသမား နျူအာ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဂိုးသမား နျူအာဟာ လက်ရှိကလပ်အသင်းမှာ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမယ့်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

ဂိုးသမားနျူအာဟာ ၂၀၁၁ ခုနှစ်က ရှော်လ်ကေး အသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဂျာမန်ဘွန်ဒက်လီဂါဖလား ခုနစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလားငါးကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂိုးသမားနျူအာဟာ ရှော်လ်ကေးအသင်းကနေ ပြောင်းရွှေ့လာပြီးနောက် လက်ရှိအချိန်အထိ ဘိုင်ယန်မြူးနစ်အသင်းအတွက် ၃၇၅ ပွဲ ပါဝင်ကစားပေးထားပြီး ဆုဖလားစုစုပေါင်း ၁၈ လုံးအထိ ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိအချိန်မှာ ဘွန်ဒက်လီဂါအမှတ်ပေးဇယားမှာ ထိပ်ဆုံးက ရပ်တည်နေတာဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ ဂိုးသမား နျူအာဟာ ဂျာမနီနိုင်ငံ လက်ရွေးစင်အသင်းအတွက် ၉၂ ပွဲအထိ ပါဝင်ကစားပေးထားပြီး ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားရရှိခဲ့ချိန်ကလည်း ဂျာမနီအသင်းနဲ့အတူ ပွဲထွက်ကစားခွင့် ရရှိခဲ့သူလည်းဖြစ်ပါတယ်။

## ဘီဘာအိုတိုက်စစ်မှူး အက်ဒူရစ်ဇ် ကစားသမားဘဝမှ အနားယူပြီ

စပိန်လာလီဂါကလပ် ဘီဘာအိုအသင်းရဲ့ တိုက်စစ်မှူး အက်ဒူရစ်ဇ်ဟာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ အသက် ၃၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး အက်ဒူရစ်ဇ်ဟာ ဘီဘာအိုအသင်းရဲ့ ဂိုးသွင်းရှင်တစ်ဦးဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားခဲ့ရတဲ့ စပိန်လာလီဂါပွဲစဉ် ပြန်လည်မစတင်ခင်မှာဘဲ ကစားသမားဘဝကနေ အနားယူခဲ့တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး အက်ဒူရစ်ဇ်ဟာ ဘီဘာအိုအသင်းအတွက် ၂၉၆ ပွဲမှာ ၁၄၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး အခြားသောကလပ်အသင်းတွေဖြစ်တဲ့ ဗလင်စီယာအသင်းနဲ့ မာရော့ကာအသင်းတို့မှာလည်း ကစားခဲ့ဖူးသူ ဖြစ်ပါတယ်။ တိုက်စစ်မှူး အက်ဒူရစ်ဇ်ဟာ မာရော့ကာအသင်းနဲ့အတူ ၆၉ ပွဲ ကစားပေးခဲ့ကာ ၂၃ ဂိုး သွင်းယူပေးခဲ့ပြီး ဗလင်စီယာအသင်းနဲ့အတူ ၅၈ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၇ ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အက်ဒူရစ်ဇ်အနေနဲ့ စပိန်နိုင်ငံလက်ရွေးစင်အသင်းအတွက် ၂၀၁၆ ခုနှစ် (အသက် ၃၅ နှစ်နှင့် ၂၇၅ ရက်အရွယ်)အထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး စုစုပေါင်း ၁၃ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

# အနုပညာ



## ဂျုံးဂု၏ ယဉ်ကျေးမှုဆိုင်ရာ ဆုတံဆိပ် ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခံရ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ဟာ နိုင်ငံတိုးတက်ရေးကို လုပ်ဆောင်ရာမှာ ထူးချွန်ကြတဲ့ အနုပညာရှင်တွေကို ချီးမြှင့်တဲ့ ယဉ်ကျေးမှုဆိုင်ရာ ဆုတံဆိပ်ကို လက်ခံရရှိခဲ့တဲ့ ကေပေါ့ပ်ကြယ်ပွင့်အဖွဲ့ဖြစ်ပါတယ်။ သို့သော် လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုဟာ အီတေးဝန်ကို သွားရောက်ခဲ့တာကြောင့် အချို့သော တောင်ကိုရီးယားပြည်သူတွေက ဂျုံးဂုလက်ခံရရှိထားတဲ့ အဆိုပါဆုတံဆိပ်ကို ပြန်လည်ရုပ်သိမ်းပေးရန် အိမ်ပြာတော်ဆီသို့ တောင်းဆိုထားကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ စာကို မေ ၁၈ ရက်က တင်သွင်းခဲ့တာဖြစ်ပြီး ယင်းစာမှာ BTS အဖွဲ့ဝင် ဂျုံးဂုဆီက ဆုတံဆိပ်ကို ပြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း၊ ပေါ့ပ်ကြယ်ပွင့်ဟာ နိုင်ငံတစ်ဝန်းက ပြည်သူတွေ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုးကို ကျော်လွှားနိုင်ဖို့ရာ အတူကြိုးပမ်းကြ ချိန်မှာ ထုတ်ပြန်ထားတဲ့ ခပ်ခွာခွာနေထိုင်ခြင်းစည်းမျဉ်းတွေကို ဖောက်ဖျက်ကာ အီတေးဝန်ကို သွားရောက်ခဲ့တာကြောင့် သူလက်ခံရရှိထားတဲ့ ဆုတံဆိပ်ရဲ့ရည်ရွယ်ချက်ကို ဆန့်ကျင်တဲ့အပြုအမူကို ပြုလုပ်ခဲ့ကြောင်း ထည့်သွင်းရေးသားဖော်ပြထားတယ်လို့ သိရပါတယ်။

ဂျုံးဂုဟာ အခြားသော ကြယ်ပွင့်တွေဖြစ်ကြတဲ့ ချာအွန်ဝူး၊ ဂျေယွန်းနဲ့ မင်ဂျူတို့လည်း အသွားအလာကန့်သတ်ထားတဲ့ကာလအတွင်း အီတေးဝန်ကို သွားရောက်ခဲ့ကြတာဖြစ်ပါတယ်။ လက်ရှိမှာ အဆိုပါကြယ်ပွင့်တွေအားလုံး ဝေဖန်မှုတွေနဲ့ ကြုံနေရပြီး ဂျုံးဂုရဲ့ ဖျော်ဖြေရေးအေဂျင်စီကတော့ အဆိုပါဖြစ်ရပ်နဲ့ပတ်သက်ပြီး ပရိသတ်တွေကို တရားဝင်တောင်းပန်စကားဆိုခဲ့ပြီးလည်း ဖြစ်ပါတယ်။

BTS ဟာ ၂၀၁၈ ခုနှစ်အတွင်းက ကိုရီးယားယဉ်ကျေးမှုနဲ့ တေးဂီတကို နိုင်ငံတကာသို့ ပျံ့နှံ့အောင်လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ယဉ်ကျေးမှုဆိုင်ရာ ဆုတံဆိပ်ကို ချီးမြှင့်ခံခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

## နေထိုင်ခဲ့တဲ့ မြို့တွေအတွက် အော်ပရာဝင်းဖရေး အမေရိကန်ဒေါ်လာ ၁၂ သန်း လှူဒါန်း

အော်ပရာဝင်းဖရေးက သူ့ရဲ့ဘဝတစ်လျှောက် နေထိုင်ခဲ့ဖူးတဲ့ မြို့တွေအတွက် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်ဖို့ရန် အမေရိကန်ဒေါ်လာ ၁၂ သန်းကို သူတည်ထောင်ထားတဲ့ အော်ပရာဝင်းဖရေးဖောင်ဒေးရှင်းကနေတစ်ဆင့် လှူဒါန်းခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အော်ပရာဝင်းဖရေးက သူနေထိုင်ခဲ့ရာ မြို့တွေဖြစ်ကြတဲ့ ဘာတီမော၊ ချီကာဂို၊ မီဝါကီး၊ နက်ရှ်ဗီးလ်၊ ခါစီရောစကိုနဲ့ မစ္စစပီတို့မှာ ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ အကူအညီရစေဖို့ လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူက ချမ်းသာတဲ့အသိုင်းအဝိုင်းကိုလည်း လှူဒါန်းမှုတွေ ပြုလုပ်စေလိုကြောင်း၊ သူလှူဒါန်းခဲ့တဲ့ ဒေသတွေဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံရတဲ့ ဒေသတွေဖြစ်တဲ့အပြင် ဗိုင်းရပ်စ်အလွန်ကာလမှာလည်း ဗိုင်းရပ်စ်ကြောင့် ထိခိုက်ခဲ့ရတဲ့ဒဏ်ကို ကာလအတော်ကြာသည်အထိ ခံစားနေကြရမယ့် ဒေသတွေဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

## တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ဆန်းမီ

ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆန်းမီဟာ လာမယ့်နွေရာသီမှာ တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရန် စီစဉ်ထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆန်းမီဟာ လက်ရှိမှာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇွန် ဒါမှမဟုတ် ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ မိတ်ခ်အက်စ်အင်တာတိန်းမန့်မှ သတင်းရင်းမြစ်တစ်ဦးက မေ ၂၁ ရက်မှာ အတည်ပြုပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

ဆန်းမီဟာ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း တေးသီချင်းသစ်ကို နောက်ဆုံး ထုတ်လွှင့်ပေးခဲ့တာကြောင့် တစ်နှစ်ကျော်အတွင်း ပြန်လည်ထွက်ရှိလာမယ့် သူ့ရဲ့တေးသီချင်းသစ်ကို ပရိသတ်တွေကလည်း စောင့်မျှော်နေကြောင်းလည်း သိရပါတယ်။



အေးပြည့် – စုစည်းသည်

## ပျဉ်းမနားမြို့နယ်တွင် စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ



**နေပြည်တော် မေ ၂၁**

နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက သက်ဆိုင်ရာဒေသအလိုက် ကန့်သတ်စောင့်ကြည့်စခန်းများတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်သူများအနေဖြင့် စေတနာဝန်ထမ်းများအတွက် လိုအပ်သောလုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်ကိစ္စများအတွက် စနစ်တကျပံ့ပိုးကူညီခြင်း၊ လုံလောက်သောအနားယူ အပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးခြင်းအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ အခြေခံအချက်အလက်များကိုသိရှိပြီး ယခုလိုအချိန်တိုအတွင်း ထိရောက်သောသင်တန်းများပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကျရာအခန်းကဏ္ဍ၊ တာဝန်နှင့် ကန့်သတ်စောင့်ကြည့်စခန်းတွင် လိုက်နာရမည့်စည်းကမ်းများကို သိရှိလိုက်နာကြရန်နှင့် မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေမယူဘဲ မိမိတို့၏ဆန္ဒအရ အများကောင်းကျိုးကို ကျရာကဏ္ဍလုပ်ငန်းခွင်များတွင် စနစ်ကျစွာ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်များအသင်း(နေပြည်တော်) မှ စေတနာ့ဝန်ထမ်း ဆရာဝန်လေးဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်ခန်းစာများကို သင်ကြားပို့ချပေးကြသည်။

### သင်ကြားပို့ချ

အဆိုပါသင်တန်းတွင် ပျဉ်းမနား၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိမြို့နယ်များမှ စေတနာ့ဝန်ထမ်း ၇၀ တက်ရောက်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများအား ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ စေတနာ့ဝန်ထမ်းတာဝန်နှင့် လုပ်ငန်းလမ်းညွှန်၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါဝေဒနာရှင်များအား ရောဂါကာကွယ်ခြင်းနည်းလမ်းများ၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာဝန်ဆောင်မှုများ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝတ်ဆင်ခြင်း၊ သတ်မှတ် ကန့်သတ်စောင့်ကြည့်စခန်းများပြင်ဆင်ခြင်းနှင့် လိုက်နာ ဆောင်ရွက်ရမည့်အချက်များစသည့်ဘာသာရပ်များကို သက်ဆိုင်ရာ ဆရာဝန်ကြီးများက သင်ကြားပို့ချကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်လှစ်

**မန္တလေး မေ ၂၁**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထက(၁၂) ခန်းမတွင် ဖွင့်လှစ်ပို့ချသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ သင်တန်းနည်းပြများက စေတနာ့ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ချမ်းအေးသာစံမြို့နယ်ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေး စေတနာ့ဝန်ထမ်းသင်တန်းတွင် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တစ်ကြိမ်လျှင် သင်တန်းသား ၅၀ ဖြင့် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

---

## စောင့်ကြည့်ရေးစခန်းများတွင် တာဝန်ထမ်းဆောင်နေသူများနှင့် စေတနာ့ဝန်ထမ်းများအား ဟင်္သာတမြို့၌ သင်တန်းပေး

**ဟင်္သာတ မေ ၂၁**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းကို ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းခန်းမတွင် ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

စေတနာ့ဝန်ထမ်းများက စောင့်ကြည့်ရေးစခန်းများတွင် ကူညီပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နေသူများအတွက် ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာများ၊ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆောင်ရန်ရှောင်ရန်များ၊ တွေ့ကြုံရမည့်အခက်အခဲများ၊ သတိထားလုပ်ကိုင်ဆောင်ရွက်သွားရမည့်ကိစ္စများကို ပိုမိုသိရှိနားလည် လုပ်ကိုင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဟင်္သာတ၊ ယုံသလင်း၊ တလုတ္တော်၊ နတ်မော်တိုက်နယ်တို့တွင်ရှိသော စေတနာ့ဝန်ထမ်း ၁၅၀ တို့အား လေးကြိမ်ခွဲ၍ စေတနာ့ဝန်ထမ်းဆရာဝန်များနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်**
**(ပြန်/ဆက်)**



---

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို) တို့ပူးပေါင်း၍ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းများကို ဆင့်ပွားသင်တန်းပို့ချ

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို) တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၉ နာရီက စက်မှုလက်မှုအထက်တန်းပညာကျောင်း (GTI) ဝင်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါဖွင့်ပွဲသို့ အင်းစိန်မြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်တို့က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို) မှ ဒေါက်တာ မိုးသော်၊ ဒေါက်တာ သန္တာအောင်၊ ဒေါက်တာ သိင်္ဂီဝင်း၊ ဒေါက်တာ ဟန်ဖြိုးအောင်၊ ဒေါက်တာဝဏ္ဏာထွန်းတို့က အင်းစိန်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းပေါင်း ၆၀ ကို ယနေ့ နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်၊ ညနေပိုင်းတွင် ရွှေပြည်သာမြို့နယ်၊ မေ ၂၂ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ (အရှေ့/အနောက်) မြို့နယ်၊ ညနေပိုင်းတွင် ထန်းတပင်မြို့နယ်များသို့ သင်တန်းပို့ချမည်ဖြစ်သည်။

ဆက်လက်၍ မေ ၂၃ နှင့် ၂၄ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်များရှိ စေတနာ့ဝန်ထမ်းများကို ဆက်လက်ပို့ချမည်ဖြစ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း ၂၄၀ အား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကန့်သတ်စောင့်ကြည့်စခန်းဝင်လာသည့် အမျိုးသမီးနှင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုနှင့် မကျန်းမာသူများ၊ အမျိုးသမီးငယ်လေးများအား ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည့် သင်ခန်းစာများကို သင်တန်းပို့ချမည်ဟု သိရသည်။

**မျိုးသန့်(ပြန်/ဆက်)**

---

## ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) မြန်မာ့စီးပွားရေးဘဏ်တွင် စည်းကမ်းချက်များနှင့်အညီ ပင်စင်ထုတ်ပေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်) မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ယနေ့နံနက် ၆ နာရီခွဲက ပင်စင်များ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပင်စင်ထုတ်ပေးရာတွင် သန်လျင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်ကာ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ သန်လျင်လူမှုကွန်ရက်နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ပင်စင်လာရောက်ထုတ်ယူကြသူများအား ကိုယ်အပူချိန်တိုင်းစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း၊ လက်သန့်ဆေးများဖြင့် လက်ဆေးစေခြင်း၊ ပိုးသတ်ဆေးဖြင့် ထိုင်ခုံများအား ပိုးသတ်ဆေးဖျန်းပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေစီအကွာထားရှိကာ စနစ်တကျ ပင်စင်ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

“ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) မြန်မာ့စီးပွားရေးဘဏ်မှာ ဒီနေ့မနက် ၆ နာရီခွဲလောက်ကတည်းက ပင်စင်တွေကို စတင်ထုတ်ပေးနေပါတယ်။ ကျွန်မတို့ဘဏ်မှာ ပင်စင်ထုတ်ယူသူဦးရေကတော့ စုစုပေါင်း ၅၈၀၀ ကျော်လောက်ရှိပါတယ်၊ တစ်ရက်ကို ပင်စင်ထုတ်ယူသူ ၈၀၀ နဲ့ ၁၀၀၀ ကြားမှာရှိပါတယ်။ ပင်စင်လာရောက်ထုတ်သူတွေကိုလည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်တွေနဲ့အညီ တစ်ဦးနဲ့တစ်ဦး သုံးပေအကွာထိုင်ခုံတွေနဲ့ စောင့်ဆိုင်းထားရှိပေးပြီး ပင်စင်တွေကို စနစ်တကျထုတ်ပေးနေပါတယ်” ဟု ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) ခရိုင်ဘဏ်ခွဲ ခရိုင်မန်နေဂျာ ဒေါ်သက်သက်ရီက ပြောကြားသည်။

**သက်ခိုင်**
**(သန်လျင်)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၆၃/မမ (CE) | ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း (ODA Loan) (Phase-1) (CP-103) ညောင်လေးပင်-တောင်ငူအပိုင်း အတွက် New Heavy Rail 25 Meter Length (JIS 50 N Rail) (7500 M/ Ton) အား ရွာသာကြီး စုပုံကွင်းမှ အုတ်တွင်းဘူတာအနီး Site Depot သို့ Transporter ကားများ ဖြင့် သယ်ယူပေးပို့ခြင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၅.၆.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာန တွင် ( ၂၁.၅.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အွန်မနီလင့် ထရေးဒင်း ကုမ္ပဏီလီမိတက်
(OMNI LINK TRADING COMPANY LIMITED)
### ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်
### နောက်ဆုံးအစည်းအဝေးတက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇(က)အရ ကုမ္ပဏီ၏စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ခုနှစ်၊ ဇွန်လ၊(၂၂) ရက်နေ့ နံနက် (၁၀:၀၀)တွင် ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်အနေဖြင့် တိုက်အမှတ်-(၃)၊ အခန်းအမှတ်-(၆)၊ မြန်မာအင်ဖိုတက်(ခ်)၊လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

U Papo Ganesan
[B.A. (English), R. L.]
Advocate (Registration No.4647)
Khin Su Htay & Associates Legal & Tax Consultants Ltd.
Liquidator

## ဓာတ်ပုံနှင့် ဗီဒီယိုတွင်ပါဝင်သည်များကို ကြိုတင်အသိပေးပါ

မိမိမျှဝေလိုသည့် အကြောင်းအရာကို ဖတ်ရှုမည့်သူများမှ သတိထားပြီး ရွေးချယ်နိုင်ရန် ဓာတ်ပုံ၊ ဗွီဒီယိုဖိုင်များကို တင်သည့်အခါ ၎င်းတွင်ပါဝင်သည့် အကြောင်းအရာ၏ သဘောသဘာဝကို ကြိုတင်အသိပေးထားရပါမည်။

facebook




Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## (၃၃)နှစ်ပြည့် မင်္ဂလာ ဆုတောင်းလွှာ

ဖေဖေ ဦးဝင်းသော်(ညွှန်ကြားရေးမှူးချုပ်-မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-မေမေ ဒေါ်သီတာဦး တို့၏ ၂၂-၅-၂၀၂၀ ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့ရက်မှသည် နောင်နှစ် (၁၂၀)တိုင် ချစ်သောမိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာ့အကျိုးကို ကျန်းမာ၊ ပျော်ရွှင်စွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်သား၊ သမီးများ-**
**သား – Dr ဖြိုးဟိန်းကျော်-မဝင့်ဖူးသော်**
**မြေး – မေအခရာဟိန်းသော်**
**သမီး – မဖူးပွင့်သော်**

## မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ Cindy Motor Co.,Ltd.(Registration No.107770224) ၏ မတည်ငွေရင်းလျှော့ချရန်အတွက် ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Cindy Motor Co.,Ltd.**
**PH:09-5022605**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာ (၂၈) လမ်း၊ အမှတ် (၂၈၆) ဟုခေါ်တွင်သည့် တစ်ခန်းတွဲ (၃ ½ ) ထပ်၊ တိုက်၏ (၃-အလွှာ)၊ (ဒုတိယထပ်)ကို (၁-၃-၂၀၁၉) နေ့စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသည်ဟု အဆိုပြုသည့် ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမော် B.Sc,H.G.P,R.L တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၁၅)**
**အမှတ် (၅၅)၊ အခန်း (၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကွန်ဒိုငှားရန်ရှိသည်

ပရိဘောဂ အပြည့်အစုံပါသည်။
၉၀ဒီဂရီလှပသောရှုခင်း၊ ကိုယ်ပိုင်ကားပါကင်၊
အားကစားခန်းမ၊ ဓာတ်လှေကား၊ မီးစက်ပါသည်၊
လစဉ်ထိန်းသိမ်းခ၊ **Wi fi Skynet** ခများပါဝင်သည်။
စလွှာ၊ **Jewel Residence**၊ ရန်ကင်းမြို့နယ်၊
**USS 1300 per month**
ဆက်သွယ်ရန်:**09-43043111.09-785858575**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၂၊ ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာ၊** (Pun Hlaing Golf Estate) အတွင်းရှိ Rain Tree Drive ၊ **မြေကွက်အမှတ်-၁၂၉၊ မြေဧရိယာစတုရန်းပေ (၂၄၃၀၈) စတုရန်းပေရှိ နှစ် (၆၀)** ဂရန်လျှောက်ထားရယူနိုင်သည့် မြေကွက်အပါအဝင် အဆိုပါမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို **Hlaing River Golf & Country Club Co.,Ltd** ထံမှ အရပ်ကတိစာချုပ်ဖြင့် မူလဝယ်ယူထားသူများထံမှ (၁၄-၁၂-၂၀၁၇)နေ့စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိထားသည့် **ဦးတင်အောင်ဝင်း [၁၂/ဗတထ(နိုင်)၀၁၀၆၅၄]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိုကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား (မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၂၂)**
**အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၁၆၉၁၅၉၊ ၀၉-၉၇၅၁၆၉၁၅၉**

မြင့်မြတ်ကျော်ကုမ္ပဏီ မှ နိုင်ငံတကာအဆင့်မီ
MMK စက်ကြီး(၁၀)ပေါက်အုတ်
များကို ဦးစွာလူ ရောင်းချပေး နေပါပြီ။
စက်ရုံအထိုင်ဈေး- 86Ks
Phone: 01-9000300~302, 09-443201856 , 09-443238130

ခေါ်ဘွားလေးမို့လ်မို့လ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်ဓားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484

သွေးတိုးကျ သွေးတိုးကျ
သန္တိသုခ
သွေးတိုးကျ
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012355 (0919)
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၀၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

## ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်း (YORR) အရှေ့ဘက်ခြမ်း နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်တင်ပြခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန (MOC)၊ လမ်းဦးစီးဌာန (DoH) နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ အတူတကွပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်း (YORR) အရှေ့ဘက်ခြမ်း နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်အတွက် အစီရင်ခံစာနှင့်အတူ အများပြည်သူ၏ သုံးသပ်အကြံပြုချက်များ ရေးသွင်းရန်ပုံစံကို အောက်ဖော်ပြပါ နေရာများတွင် ထားရှိပြီးဖြစ်ပါသည်။

၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ လှည်းကူးမြို့နယ်၊
၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊
၃။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊
၄။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်၊
၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကျောက်တန်းမြို့နယ်၊
၆။ E Guard Environmental Services၊ အမှတ် (၁၄၅ - A2 - 3)၊ သီရိမင်္ဂလာလမ်း၊ (၈)မိုင်၊ အမှတ် (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၇။ https://my.pcloud.com/publink/show?code=kZ0eSTkZAwox2uEllpzwmYmvNFU05kzt7uok
၈။ MOC ၏ https://drive.google.com/open?id=1YQo3aXJoDL5v7G6klHqCs4IgYSDV_Jc6/views တွင်လည်း Download ရယူနိုင်ပါသည်။

မှတ်ချက်။ ။ အကြံပြုချက်ပုံစံများအား အထက်ဖော်ပြပါနေရာများတွင်ရယူနိုင်ပြီး ယခုကြေညာပြီး (၁)လ အတွင်း နောက်ဆုံးထား၍ သုံးသပ်အကြံပြုချက်များကို အထက်ပါ နေရာများသို့ ပေးပို့နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ။ ။ (+၉၅)၉ ၇၉ ၇၀၀ ၅၁၆၀၊ (+၉၅)၉ ၇၉ ၇၀၀ ၅၂၀၂၊ (+၉၅)၉ ၇၉ ၇၀၀ ၅၂၁၅။
E mail လိပ်စာ ။ ။ feedback@eguardservices.com

လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံချက်စက်ရုံများမှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား ၂၃-၆-၂၀၂၀ ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်၍ ယင်းနေ့ ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ပမာဏ |
|---|---|---|---|---|
| ၁ | သံပရာကန် | စီဂျီအို | ဂါလန် | ၅၀၀,၀၀၀ |
| ၂ | သံပရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁,၀၀၀ |
| ၃ | ချောက် | ရေနံချေး | ဂါလန် | ၃၅၆,၂၇၇ |
| ၄ | ချောက် | ဖယောင်းစစ်ကျကျန်ရည် | ဂါလန် | ၄၁,၆၈၉ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

စိုင်းခွန်နောင်ကုမ္ပဏီ
လူကြီးမင်းများ Covid-19 ကာကွယ်ရန်အိမ်မှာနေပေးပါ
ကျွန်တော်တို့ ကုမ္ပဏီမှ
Covid-19 ရောဂါမကူးစက်နိုင်ရန်အတွက် ဝန်ဆောင်မှု အသစ်ဖြင့်
(ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားချက် အတိုင်းအကာအကွယ်များဖြင့်)
အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းနှင့် စာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်းများကို
"အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။"
01-8603565,01-8603566,01-8603567
09-443165656,09-443029696,09-250373716
Email-saikhungnoung1995@gmail.com

## ဘရီးလီးယန့်ဆန်းလိုက်ကုမ္ပဏီလီမိတက်
## (Brilliant Sunlight Company Limited)
## နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ ဖျက်သိမ်းဆဲ ဘရီးလီးယန့်ဆန်းလိုက်ကုမ္ပဏီလီမိတက်(Brilliant Sunlight Company Limited)၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ရာ အစုရှင်များသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၂ ရက်
ကျင်းပမည့်အချိန် - နံနက် ၉:၃၀ နာရီ
ကျင်းပမည့်နေရာ - အမှတ်(၁၆)၊ ၄-လွှာ၊ မာလာမြိုင်(၃)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပုလဲမြို့သစ် မြေကွက်ရောင်းမည်
အမှတ်၃လမ်း နှင့် ပြည်လမ်းတို့မှဝင်နိုင်။ ဗိုလ်ခြံလမ်းမကြီးမှ ဝင်လျှင် ဒုတိယလမ်း။ အေးသာယာ၃လမ်း။ ထောင့်ကွက်။ ၆၀ပေ × ၅၀ပေ၊ ပါမစ်မြေ။ အရှေ့လှည့်။ ကွန်ကရစ်လမ်းခင်းပြီး။ (၅၂၀)သိန်း ညှိနှိုင်း
:09-43021002

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၇၂

ဦးစန်းထွေး နှင့် ၁။ ဦးကြည်ဝင်း
၂။ ဒေါ်ညွှန့်ရီ
၃။ ဒေါ်ငွေရီ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ်(၃၃)နေ (၁)တရားပြိုင် ဦးကြည်ဝင်းနှင့်ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၃၆၅)နေ (၂) (၃) တရားပြိုင်များဖြစ်သည့် ဒေါ်ညွှန့်ရီနှင့် ဒေါ်ငွေရီ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစန်းထွေးက "အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက် (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ မေလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

တန်ဖိုး
ရှိလှ
လူငယ်
ဘဝ
မူးယစ်
ကင်းစင်
ကျန်းမာမှ

## သက်ဆိုင်ပါကကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဧယျာသုခလမ်းနှင့် အောင်တံခွန်လမ်းထောင့်၊ ဧယျာသုခကွန်ဒို၊ တိုက်အမှတ်(၁၀၅/၁၀၇)၊ (၄)လွှာ၊ အခန်းအမှတ်(၄-စီ)၊ အကျယ်အဝန်း(1266 Sqft)၊ ဦးအောင်ထွန်း[၁၂/ဒဂတ(နိုင်)၀၁၈၂၇၇] အမည်ပေါက်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဥပဒေနှင့်အညီ တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးအောင်ထွန်း[၁၂/ဒဂတ(နိုင်)၀၁၈၂၇၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်အတွက် စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေမီစော
LL.B,P.G.D.L
အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၈/၁၈)
အမှတ်-၅၆၅၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃-ဘီ/စီ) (MAC Tower)၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၅၃၉၉၆၃၈

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပြုလုပ်သုံးစွဲရန်အတွက် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၁၀)နေ **SEAGRAM MYANMAR COMPANY LIMITED** မှ ကုမ္ပဏီ၏ကိုယ်စား ၄-၅-၂၀၂၀ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ဝန်ထမ်းဖြစ်သူ ဒေါ်အိမေသူ (ဘ)ဦးတင့်နွယ် [၇/လပတ(နိုင်)၁၃၉၄၈၉]မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄/၄၆၂၀အရ (၅-၅-၂၀၂၀)ရက်စွဲဖြင့် မှတ်ပုံတင်ပြီး ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။




အထက်တွင် ကပ်နှိပ်ဖော်ပြထားသော **"SEAGRAM"**တံဆိပ်အမည်အမှတ်အသားဖြင့် HAND SANITIZERနှင့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့တွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်ကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းသန်းငြိမ်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)
ရုံးခန်း-တိုက်အမှတ်(၃၃/၄၉)၊ Strand Condominium ၊ အခန်း(၃၇)၊ (ပထမထပ်)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၆၇၈၂

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့၊ အမှတ်(၃)ရပ်ကွက်၊ အနောက်လမ်းမတော်လမ်းနေ ကျွန်တော် ဦးတင်ဝင်း[၁၄/ညတန(နိုင်)၁၀၁၀၆၉]၏ သားသမီးများဖြစ်သော ဇော်သူထက်[၇/မလန(ပြု) ၀၀၀၀၈၆]နှင့် မခင်လှဲ့ဝင်း[၇/မလန(နိုင်) ၁၀၁၅၁၁] တို့သည် မိဘဆုံးမသည်ကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းတို့ နှင့်ပတ်သက်သော ကိစ္စအားလုံး တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်ဝင်း[၁၄/ညတန(နိုင်)၁၀၁၀၆၉]၊ မင်းလှမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၇၃

ဦးစန်းထွေး နှင့် ၁။ ဦးထွန်းအောင်
၂။ ဒေါ်အေးအေးမြင့်
၃။ ဦးသန်းမြင့်
၄။ ဒေါ်သန်းမြ
၅။ ဦးမောင်မောင်အေး
၆။ ဒေါ်ညွှန့်ရီ
၇။ ဒေါ်ငွေရီ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း (၃)၊ ရတနာသိပ္ပံလမ်းသွယ်၊ အမှတ်(၂၇၄)နေ (၃)(၄)တရားပြိုင်များဖြစ်သည့် ဦးသန်းမြင့်၊ ဒေါ်သန်းမြ(အတူနေလင်မယား)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၃၆၅)နေ (၆)(၇) တရား ပြိုင်များဖြစ်သည့် ဒေါ်ညွှန့်ရီ၊ ဒေါ်ငွေရီ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစန်းထွေးက "အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ်၊ မေလ ၂၈ရက်(၁၃၈၂ခုနှစ်၊ နယုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ မေလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ဦးတင်မောင်၏ သားသမီးတော်စပ်သူများ သိရှိစေရန် အသိပေးကြော်ငြာခြင်း

၃၁-၃-၂၀၁၃ ရက် မြေဂရန်ပိုင်ရှင် ဦးတင်မောင်[၁၂/ဥကတ(နိုင်)၁၀၀၄၇၄]နှင့် ကန်ထရိုက်တာ Htoo & Wai Construction Co.,Ltdတို့သည် မြေပေါ်တွင် RCC(၂)ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပါသည်။

ဦးတင်မောင်အမည်ပေါက် မြေငှားဂရန် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၃)၊ သံသုမာလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း (၂)ရပ်ကွက်၊ ကန်ထရိုက်တိုက် ဆောက်လုပ်ရန် မြေရှင်ဦးတင်မောင်ကိုယ်တိုင် မြို့တော်စည်ပင်သာယာကော်မတီရုံးသို့ လျှောက်ထားချက်အပေါ် ယာ/အုံ ဌာနမှ ဆောက်လုပ်ခွင့်အမိန့်ရရှိခဲ့ပြီး ဆောက်လုပ်ခဲ့ပါသည်။ မြေရှင် ဦးတင်မောင်နှင့် ကန်ထရိုက်ဝေယံပိုင်တို့မှာ တိုက်ဆောက်မှုစတင်နိုင်ရန် ကန်ထရိုက်ပိုင် အခန်းမြေညီထပ်မှန်ခန်းနှင့် ပထမထပ်တို့ကို ကျွန်မသို့ ကြိုတင်ရောင်းချရန် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ငွေပေးချေမှု အပြီးအပိုင်ပြုလုပ်ရာ၌ ယုံကြည်မှုရရှိစေရန် အိမ်ရှင် ဦးတင်မောင်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး မြေငှားဂရန်မူရင်းအား အာမခံအဖြစ်ပေးအပ်ခဲ့မှုအပေါ် စာချုပ်ချုပ်ပြီး ငွေပေးချေခဲ့ပါသည်။ မြို့တော်စည်ပင်ကော်မတီသို့ ဦးတင်မောင်ကိုယ်တိုင် လျှောက်ထားပြီး ဆောက်လုပ်ခွင့်ပြုချက်နှင့် ဦးတင်မောင်ကိုယ်တိုင် မြေငှားဂရန်ကို အာမခံအဖြစ် လက်ရောက်ပေးခဲ့ခြင်းများကြောင့် ကျွန်မ၏ လက်ဝယ်၌ အဆိုပါမြေငှားဂရန်ရှိကြောင်း အသိပေးအပ်ပါသည်။ ကျွန်မ မသိရှိဘဲ မြေငှားဂရန်နှင့်ပတ်သက်၍ အသစ်ပြန်လည်လျှောက်ထားခြင်း၊ မိတ္တူကူးယူအသုံးပြုခြင်း လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းများကို ကျွန်မမှ သဘောမတူ ကန့်ကွက်ပါသည်။ ကျွန်မနှင့် တိုင်ပင်ညှိနှိုင်း၍ မှန်မှန်ကန်ကန် ဆောင်ရွက်ပါလျှင် ကျွန်မကိုယ်တိုင် ပူးပေါင်းဆောင်ရွက်လိုပါသည်။

တင်မျိုးအေး
[၁၄/ကပန(နိုင်)၀၀၂၉၇၁]
၆၇/ဓမ္မဝိဟာရလမ်း၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉-၅၀၂၇၂၄၂

## အများသိစေရန်အသိပေးကြေညာခြင်း

ဧရာဝတီဘဏ်လီမိတက်ထံမှ အငှားဝယ်စနစ်ဖြင့် (Mitsubishi Fuso Truck)အမျိုးအစားမော်တော်ယာဉ်အမှတ်(1M/4082)ကိုဝယ်ယူထားသောဒေါ်လွင်လွင်အောင်(ဘ)ဦးကျော်လွင်(၁၂/ကမရ(နိုင်)၀၀၂၆၈၈)သည် လစဉ်အရစ်ကျငွေများပေးသွင်းရန်ပျက်ကွက်နေသည့်အတွက် ဒေါ်လွင်လွင်အောင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)ယင်းမော်တော်ယာဉ်အားဧရာဝတီဘဏ်၏ ခွင့်ပြုချက်မရရှိပဲ ဒေါ်လွင်လွင်အောင်ထံမှ တစ်နည်းနည်းဖြင့်ရယူထားသူများဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ကာလအတွင်းလာရောက်ဆက်သွယ်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သဲသဲမာ
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/၂၀၁၇)
**LL.B., D.B.L, D.I.L, WIPO**
အမှတ်-၈၃၇၊ မင်းရဲကောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်-၀၉၆၉၂၉၁၉၉၂၁ ၊ ၀၉၇၉၉၆၈၁၂၁၇

**Mybaco Manufacturing Co.,Ltd**

**Pucci Special Cake & Bread**

**မင်္ဂလာနှုတ်ခွန်းဆက်လွှာ**

Pucci

SPECIAL CAKE & BREAD

BAKING FOR GOODNESS

**မင်္ဂလာပါ။**

မိဘပြည်သူများအားလုံး Covid-19ရောဂါကပ်ဆိုးကာလအတွင်း စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံကြပြီးလျှင် ဤရောဂါကပ်ဆိုးကြီးမှ အောင်မြင်စွာ ကျော်ဖြတ်လွန်မြောက်နိုင်ပါစေကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Mybaco Manufacturing Co.,Ltd သည် (**၂၀၀၃**)ခုနှစ်မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရစက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ်(ရက/ကြီး/၃၄၄၆)ဖြင့် မှတ်ပုံတင်သွင်းထားခြင်း၊Pucci ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်(**၂၄၅၅/၂၀၁၆**)နှင့်(**၂၀၀၄/၂၀၁၈**)တို့ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ခြင်း၊ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ်(**စ၅/၁၄၀၈၉/ထလ**)တို့အား ရရှိထားပြီးဖြစ်ပါသည်။ထို့အပြင် ဘာသာမရွေးလူမျိုးမရွေးစားသုံးနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ထောက်ခံချက်(Hala)အမှတ်(**၁၁၃/ဟသက**)တို့ ရယူထားရှိပြီးဖြစ်ပါသည်။

Pucci Special Cakeမုန့်မျိုးစုံနှင့် Jar Jar Bread and Cake စားသောက်ကုန်လုပ်ငန်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို ကောင်းသတင်းဖြင့် မြန်မာပြည်တစ်ဝန်း ကျော်ကြားလျက် မိဘပြည်သူများ ဝယ်ယူစားသောက်နေသော စားသောက်ကုန်ပစ္စည်းဖြစ်ပါသည်။ မိမိတို့သည် အရည်အသွေးပြည့်မီသော ကုန်ကြမ်းများကိုသာ အသုံးပြုထားကြောင်း အပြည့်အဝ အာမခံပါသည်။

ကျွန်ုပ်တို့သည် Mybaco Manufacturing Co.,Ltd မှထုတ်လုပ်သော Pucci အမှတ်တံဆိပ်ထုတ်ကုန်များအပေါ်တွင် မိဘပြည်သူများ၏ ကောင်းမွန်သော ဆန်းစစ်မှုစစ်မှန်သော ဝေဖန်အကြံပေးချက်များနှင့် နွေးထွေးပျူငှာသော ကူညီစောင်မခြင်းများအတွက် ဝမ်းမြောက်စွာဂုဏ်ယူလျက်ရှိပါသည်။

Pucci အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော ကိတ်မုန့်ပေါင်မုန့်များကို ယုံကြည်စိတ်ချစွာဖြင့် အစဉ်တစိုက် အားပေးခဲ့ကြသော၊အသစ်ထွက်ရှိလာမည့် ကုန်ပစ္စည်းအသစ်များကို စောင့်မျှော်အားပေးကြမည့် မိဘပြည်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

ယခုအခါ ဈေးကွက်အတွင်း Pucci အမှတ်တံဆိပ်ကို တုပခြင်း၊ထင်ယောင်ထင်မှားဖြစ်စေခြင်းနှင့် တစ်စိတ်တစ်ပိုင်းကို ကူးယူအသုံးပြုနေသော အမှတ်တံဆိပ်များ ထွက်ပေါ်နေပါသောကြောင့် မိဘပြည်သူများအနေဖြင့် အရည်အသွေးစစ်မှန်သော Pucci အမှတ်တံဆိပ်ကို သတိပြု ရွေးချယ်အားပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျွန်ုပ်တို့သည် Pucci Special Cake & Bread ထုတ်ကုန်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ကျွန်ုပ်တို့၏ တရားဝင် Facebook စာမျက်နှာဖြစ်သော PUCCI CAKE ဖြင့် ဖြန့်ဝေအသိပေးကြေညာထားရှိပါသည်။ကျွန်ုပ်တို့၏ထုတ်ကုန်များနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် သိရှိစုံစမ်းမေးမြန်းလိုသည်များ၊ဝေဖန်အကြံပေးလိုခြင်းများရှိပါက ကျွန်ုပ်တို့၏ တရားဝင် Facebook စာမျက်နှာ၏ Message Boxမှဖြစ်စေ၊ Comment များတွင်ဖြစ်စေတိုက်ရိုက်ဆက်သွယ်ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော်အကြောင်းကြားအပ်ပါသည်။

"ကျွန်ုပ်တို့သည် စားသုံးသူများ၏ တုန့်ပြန်မှုများကို အစဉ်အမြဲတန်ဖိုးထားပါသည်။"

မိဘပြည်သူများအား လေးစားစွာဖြင့်

**Pucci Special Cake & Bread**

**Mybaco Manufacturing Co.,Ltd**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(၇)လမ်း၊ မြေကွက်အမှတ်(၄၃၅)၊ (၄၁'၆"x၆၀')၊ မြေဧရိယာ(၀.၀၅၇)ဧက၊ စတုရန်းပေ(၂၄၉၀)အကျယ်ရှိ ဒေါ်လှလှသန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်နှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထား သောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အရ ဦးမျိုးခိုင်[၁၂/ဗဟန(နိုင်)၀၇၇၂၃၆]မှ အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်လက်ရှိထား စီမံခန့်ခွဲ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မျိုးမမခင်(LL.B)** | **ဒေါ်သော်သော်စန္ဒီဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၂၄)၊ (၂၉-၁၂-၂၀၁၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၉၉၉၀/၂၄-၈-၂၀၁၂)** |
| **အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။** | **အမှတ်(၇၁၂/ခ)ပေါ်ဆန်းမွှေး(၁)လမ်း (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။** |
| **Ph: 09-975643348** | **Ph: 09-43093746, 09-694408354** |

## "ဝ"ကုမ္ပဏီလီမိတက်နှင့် တိုက်ခန်းကြိုပွိုင့် ဝယ်ယူသူများ သိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၃၄၉-က+ခ)မြေပိုင်ရှင် ဒေါ်မြင့်မြင့်မေ[၁၂/ဥကတ(နိုင်)၁၄၂၉၂၈] ကိုယ်စားလှယ်မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြေပိုင်ရှင် ဒေါ်မြင့်မြင့်မေ ပိုင်ဆိုင်သော အထက်အပိုဒ်ပါ မြေကွက်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် (၂ခန်းတွဲ ၈ ၁/၂ )ထပ်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် မြေပိုင်ရှင် ဒေါ်မြင့်မြင့်မေနှင့် "ဝ"ကုမ္ပဏီလီမိတက်တို့သည် နှစ်ဦးသဘောတူ စည်းကမ်းချက်များ သတ်မှတ်လျက် ၇-၃-၂၀၁၈ ရက်တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ၂၃-၇-၂၀၁၉ရက်တွင် မြေပိုင်ရှင်နှင့် "ဝ"ကုမ္ပဏီလီမိတက်တို့သည် နောက်ဆက်တွဲ သဘောတူညီမှု စာချုပ်ကိုလည်း ချုပ်ဆိုခဲ့ကြပါသည်။

အဆိုပါ စာချုပ်များ သဘောတူညီချက်အရ ၆-၆-၂၀၂၀ ရက်တွင် လူနေထိုင်ရန် အသင့်အနေအထားပြီးမြောက်အောင် "ဝ"ကုမ္ပဏီလီမိတက်မှ အဆောက်အအုံကို ဆောက်လုပ်ရမည်ဖြစ်ပါသည်။ သို့သော် ယနေ့အချိန်ထိ "ဝ"ကုမ္ပဏီလီမိတက်သည် လုပ်ငန်းလုပ်ကိုင်ခြင်းပင် လုံးဝ(လုံးဝ)မရှိခဲ့ပါ။ အထက်ပါစာချုပ်(၂)စောင်သည် ၆-၆-၂၀၂၀ ရက်တွင် သတ်မှတ်ရက်ကာလ ကုန်ဆုံးမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဆောက်လုပ်ရေးကိစ္စကို "ဝ"ကုမ္ပဏီလီမိတက်မှ မည်သို့ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ယခုကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ် အကြောင်းပြန်ကြားစေရန် ကြေညာအပ်ပါသည်။ "ဝ"ကုမ္ပဏီလီမိတက်ထံမှ ကြိုပွိုင့်စနစ်အရ တိုက်ခန်းဝယ်ယူသူများ၏ နစ်နာမှုမှန်သမျှသည် မြေရှင်နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ဘဲ "ဝ"ကုမ္ပဏီလီမိတက်ထံသို့သာ တောင်းဆိုကြရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြေပိုင်ရှင်-ဒေါ်မြင့်မြင့်မေ[၁၂/ဥကတ(နိုင်)၁၄၂၉၂၈]**

**ဖုန်း-၀၉-၅၁၃၆၈၂၉**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

**မော်ဘီတိုးဂိတ်အနီး၊ ဦးအောင်သင်းလမ်း၊ ကိုးလုံးကွင်း၊ ခြံမြေ၊ မီးရှိ**

**(40'x60')=၇၅သိန်း၊(20'x60')=၃၅သိန်း**

**ph:09-252278945,09-799716395**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ်(၁၄၀၆)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိမြေကွက်အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စောစန္ဒာမြင့်[၁၄/ဒဒရ(နိုင်)၀၀၂၀၆၄]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်က တန်ဖိုး၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းငွေး**

**[၁၂/ရကန(နိုင်)၀၅၅၃၅၁]**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၁၇၈၀၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၇)ရပ်ကွက်၊ ရွှေနံ့သာလမ်း၊ မြေကွက်အမှတ် (၆၅၀)၊ အလျား (၄၀)ပေxအနံ(၆၀)ပေရှိ ဦးအုန်းရွှေ[၁၂/တမန(နိုင်)၀၄၆၄၅၅]မြေအမည်ပေါက် ဧရိယာ(၀.၀၅၄)ဧကရှိနှစ်(၆၀)စည်ပင်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအုတ်တံတိုင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအုန်းရွှေ အမည်ပေါက် ပိုင်ဆိုင်ပြီး ကျွန်ုပ်မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးရဲနိုင်[၁၂/ဗတထ(နိုင်)၀၁၈၁၄၃]**

**အမှတ်-၉၈၂၊ အောင်သိပ္ပံလမ်း၊ (၄၀)ရပ်ကွက်၊ မ/ဒဂုံ**

**ဖုန်း-၀၉-၇၆၈၁၇၈၉၉၆**

## အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ ဦးမောင်ညို[၉/တကန(နိုင်)၀၀၆၅၃၃]-ဒေါ်လှမြိုင် [၉/တကန(နိုင်)၀၀၆၆၁၅]တို့၏သမီးဖြစ်သူ မယဉ်ယဉ်မိုး [၉/တကန(နိုင်)၁၁၇၉၈၆]ကို ၁-၁၂-၂၀၁၈ ရက်မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သော အမွေပြတ်စွန့်လွှတ်ထားခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း။

**ဦးမောင်ညို-ဒေါ်လှမြိုင်**

## အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၃၀၁)၊ (၄လွှာ)နေ ဦးအမ်ဗဟာဒူး[၁၂/ပဘတ(နိုင်)၀၂၄၇၆၃]နှင့် ဒေါ်ဆူရီတား[၁၃/သပန(နိုင်)၀၀၁၅၈၀]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ၁၈-၅-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး လင်ခန်း၊ မယားခန်း ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁၈-၅-၂၀၂၀ရက် နောက်ပိုင်းမှစ၍ လင်ခန်း၊ မယားခန်းပြတ်စဲပြီးဖြစ်ပါ၍ မည်သူတစ်ဦးတစ်ယောက်၏ ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ဦးအမ်ဗဟာဒူး၏ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ကလေးများနှင့်ပတ်သက်သော အုပ်ထိန်းခွင့်ဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းများ ပြုလုပ်ဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အိဇေယျာဖြိုး** | **ဦးသီဟဇော်** |
| **LL.B** | **LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၄၆၆၃၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၆၂၇)** |

**ဖုန်း-၀၉-၉၆၉၉၈၆၈၀၃**

## <u>ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်</u>

ဧရာဝတီတိုင်းဒေသကြီး ၊ မအူပင်ခရိုင် ၊ ညောင်တုန်းမြို့နယ် ၊ မဲဇလီဒလကျေးရွာအုပ်စု၊ ကွင်း/အကွက်အမည် - ၃၅၀/မဲဇလီအထက် ၊ ဦးပိုင်အမှတ် (၁၂/၁ က) မှ ဧရိယာ (၂. ၀၉) ဧက ၊ ဦးပိုင်အမှတ် (၁၃/၂) မှ ဧရိယာ (၁. ၈၆)ဧက၊ ဦးပိုင်အမှတ် (၁၄/၁) မှ ဧရိယာ (၂. ၇၂)ဧက၊ စုစုပေါင်း လယ်မြေဧရိယာ(၆. ၆၇)ဧကခန့်ရှိ လယ်ယာမြေကွက်များနှင့် ယင်းလယ်ယာမြေကွက်များပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့သည် ညောင်တုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် **ဒေါ်ကျင်လှ (၁၄/ညတန(နိုင်)၀၀၅၈၁၈)** ၏ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ရရှိပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)**

<u>တရားလွှတ်တော်ရှေ့နေ</u>

**အမှတ် (၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃ ၊ ၀၉-၇၉၆၃၀၈၀၂၀

## အထူးကြေကွဲဝမ်းနည်းခြင်း

**ဒေါက်တာငွေးငွေးမြင့်(၆၄)နှစ်**

**မေ့ဆေးပါရဂူ(ဒုဗိုလ်မှူးကြီး-ငြိမ်း)**

**၁၉၇၄-၈၂နှစ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

၁၉၇၄-၈၂နှစ်၊ Batch ဆေးတက္ကသိုလ်(၁)မှ ချစ်လှစွာသော သူငယ်ချင်း ဒေါက်တာငွေးငွေးမြင့် မေ့ဆေးပါရဂူ(ဒုဗိုလ်မှူးကြီး-ငြိမ်း)သည် ၁၇-၅-၂၀၂၀ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

သူငယ်ချင်း ဒေါက်တာငွေးငွေးမြင့် ကောင်းရာသုဂတိဘဝမှာ စံစားနိုင်ပါစေ။

**၁၉၇၄-၈၂ ခုနှစ်၊ Batch မှ အတန်းဖော်သူငယ်ချင်းများ**

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

**၁၉-၅-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)တွင် ဒေါ်ဇင်မာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၈)မှ ဒေါ်ရွှေစင်ဝင်း(Golden Dragon Pyay Family Group of Co.,Ltd)နှင့် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး(မိုးကြီး-အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)တို့သိစေရန်ကြော်ငြာအပေါ် Millcon Thiha Ltd သိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ပတ္တမြား(၆)လမ်း၊ အဆောင် (၃၀)၊ အခန်း (၆/၇)ရှိ Golden Dragon Pyay Family Group of Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

Golden Dragon Pyay Family Group of Co.,Ltdသည် ဆောက်လုပ်ရေးပစ္စည်းများကို ကောင်းသော ဂုဏ်သတင်းဖြင့် ရောင်းဝယ်လုပ်ကိုင်လာသည်မှာ ယနေ့အချိန်ထိ နှစ်ပေါင်း(၃၀)ရှိပြီဖြစ်ပါသည်။ ၎င်းကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းနှင့် Millcon Thiha Ltd တို့ ယခင်က သိကျွမ်းခဲ့ခြင်းမရှိသည့်အတွက် သံချောင်းများဝယ်ယူရန် စတင်ကမ်းလှမ်းခဲ့ခြင်းမရှိခဲ့ပါ။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးနှင့် Millcon Thiha Ltdမှ အရောင်းကိုယ်စားလှယ် ဦးညီညီလင်းတို့သည် Golden Dragon Pyay Family Group of Co.,Ltd သို့ ရောက်လာပြီး ၎င်းတို့ကုမ္ပဏီမှ သံချောင်းများကို (၁)တန်လျှင် ငွေကျပ် ၇၅၅၀၀၀/-နှုန်းဖြင့် ရောင်းချလိုကြောင်းနှင့် ဝယ်ယူမည့် သံချောင်းဖိုးငွေများအပေါ် (၁၀%)နှုန်းကြိုတင်ငွေကို ဝယ်ယူသူမှပေးသွင်းရန် စတင်ကမ်းလှမ်းမှုကို Golden Dragon Pyay Family Group of Co.,Ltdမှ လက်ခံခဲ့သည့်အတွက် Millcon Thiha Ltd မှ သံချောင်း(၆၇၅)တန်ကို ရောင်းချမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ရာ နှစ်ဖက်သဘောတူညီကြ၍ Golden Dragon Pyay Family Group of Co.,Ltd မှ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းက ကြိုတင်ငွေ (၁၀%)နှုန်းကို ၎င်း၏AYA Cheque ဖြင့် ငွေကျပ်သိန်း(၄၀၀)နှင့် ငွေသား -၁၂၈၅၀၀၀၀/၊ စုစုပေါင်း ၅၂၈၅၀၀၀၀/- အပြင် ငွေ -၄၇၅၆၅၀၀၀၀/- ဖော်ပြရေးသားထားသည့် ချက်လက်မှတ်ကို Millcon Thiha Ltd မှ ကိုယ်စားလှယ် ဦးညီညီလင်းသို့ ၃၁-၁-၂၀၂၀ ရက်တွင် ကြိုတင်ပေးအပ်ခဲ့ပါသည်။

ကြိုတင်ငွေများပေးသွင်းခဲ့သောကြောင့် ရောင်းချသူ Millcon Thiha Ltd မှ ၃-၂-၂၀၂၀ ရက်တွင် ကား(၂) စီးဖြင့် သံချောင်း (၆၄.၂၈၄)တန်၊ တန်ဖိုး- ၄၈၅၃၄၄၂၀/- ကို ဝယ်ယူသူ၏ ဂိုဒေါင်သို့ ပေးပို့ခဲ့ပါသည်။ ထို့နောက်ပိုင်း သံချောင်းများကို လုံးဝပေးပို့ခဲ့ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ဒါရိုက်တာဒေါ်ရွှေစင်ဝင်းမှ ဝယ်ယူခဲ့သော သံချောင်း (၆၄.၂၈၄) တန်အတွက်ကိုသာ ဘောင်ချာပြင်ရေးရန် ဦးညီညီလင်းအား ပြောသည့်အခါ ကုမ္ပဏီတွင် ဘောင်ချာဖွင့်ပြီးဖြစ်နေ၍ ပြင်ပေးရန်အတွက် အထက်လူကြီးများကို တင်ပြထားကြောင်း ပြောပြပြီး ယခုအချိန်ထိ ဘောင်ချာအား ပြင်ပေးခဲ့ခြင်းမရှိပါ။ Millcon Thiha Ltdမှ သံချောင်းများ ဆက်လက်ပေးပို့ရောင်းချခြင်းမရှိတော့၍ ငွေပေးရန်မလိုသောကြောင့် ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းမှ ၎င်းပေးအပ်ထားသော ချက်လက်မှတ်အား ပြန်လည်ပေးအပ်ရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ယခုအချိန်အထိ ပေးအပ်ခြင်းမရှိပါ။ Millcon Thiha Ltdထံမှ Golden Dragon Pyay Family Group of Co.,Ltd က ဝယ်ယူခဲ့သော သံချောင်းဖိုးငွေများ ပေးချေပြီးဖြစ်သည့်အတွက် သံချောင်းဖိုးငွေ-၂၇၂၃၁၈၅၀၀ ကို Golden Dragon Pyay Family Group of Co.,Ltd မှ ပေးရန်မရှိပါကြောင်း ရှင်းလင်းအပ်ပါသည်။

Millcon Thiha Ltd သည် Golden Dragon Pyay Family Group of Co.,Ltd သို့ သံချောင်း(၆၁၀.၇၁၆) တန်ကို ရောင်းချမပေးတော့ဘဲ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသို့ ရောင်းချခဲ့ကြောင်း သိရပါသည်။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှလည်း ၁၄-၅-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာတွင် "Millcon Thiha Ltd သိစေရန် အကြောင်းကြားခြင်း" ခေါင်းစဉ်ဖြင့်ကြော်ငြာရာတွင် ၎င်းနှင့် Millcon Thiha Ltd တို့ ၂၉-၁-၂၀၂၀ ရက်မှ ၄-၂- ၂၀၂၀ ရက်အတွင်း ညှိနှိုင်းဝယ်ယူပေးပို့ခဲ့သော သံချောင်းတန်ဖိုးငွေများမှ တချို့တစ်ဝက်ကို ပေးသွင်းထားပြီးဖြစ်၍ ငွေ-၂၇၂၃၁၈၅၀၀/- ကျန်ရှိနေကြောင်းနှင့် ၎င်းသံချောင်းဖိုးငွေများမှာ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးနှင့်သာ သက်ဆိုင်မှုရှိပြီး အခြားကုမ္ပဏီ အဖွဲ့အစည်း လူပုဂ္ဂိုလ်များနှင့်သက်ဆိုင်ပတ်သက်မှုမရှိပါကြောင်း ကြော်ငြာခဲ့ပါရှိပါသည်။ မမိုးကြီး (ခ) ဒေါ်မိုးသန္တာဦးမှာ Golden Dragon Pyay Family Group of Co.,Ltd နှင့် ပတ်သက်မှုမရှိသည့်အပြင် ၎င်းအားကုမ္ပဏီမှ မည်သည့် လုပ်ငန်းတာဝန်ကိုမျှ ပေးအပ်ထားခြင်းမရှိပါ။ ထို့ကြောင့် မမိုးကြီးနှင့် Millcon Thiha Ltd တို့၏ သံချောင်းအရောင်းအဝယ်ကိစ္စများမှာ Golden Dragon Pyay Family Group of Co.,Ltd နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း သိစေအပ်ပါသည်။

Golden Dragon Pyay Family Group of Co.,Ltd ၏ ခွင့်ပြုချက်မရရှိဘဲ မျက်ကွယ်တွင် ကုမ္ပဏီအမည်နှင့် လိပ်စာ၊ တယ်လီဖုန်းနံပါတ်တို့ကို အသုံးပြု၍ Millcon Thiha Ltd နှင့် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးတို့ အရောင်းအဝယ် ပြုလုပ်ခဲ့ကြောင်းကို သိရှိရပြီး အထောက်အထားများ Golden Dragon Pyay Family Group of Co.,Ltdမှ ရရှိထားပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ရိုးဖြောင့်သောသဘောဖြင့် အသုံးပြုသည်ဟု ယူဆ၍မရပါ။ Millcon Thiha Ltd သည် သံချောင်း(၆၁၀.၇၁၆)တန်အား ဝယ်ယူသူကုမ္ပဏီသို့ ပေးပို့ခဲ့ခြင်းလုံးဝမရှိပါ။ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်း ညွှန်ပြသည့်နေရာများသို့ သံချောင်းများပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း ရှင်းလင်းအပ်ပါသည်။

သို့ဖြစ်ပါ၍ Millcon Thiha Ltd သည် သံချောင်းဖိုးငွေ ၂၇၂၃၁၈၅၀၀/- ကို မမိုးကြီး (ခ) ဒေါ်မိုးသန္တာဦးထံမှ တောင်းဆိုရန်သာဖြစ်ပြီး ၎င်းသံချောင်းဖိုးငွေများအား ပေးရန် တာဝန်မရှိသူ Golden Dragon Pyay Family Group of Co.,Ltd အား သတင်းစာကြော်ငြာတွင် ပေးရန်ပျက်ကွက်ကြောင်းနှင့် ချက်လက်မှတ်မှာ ငွေထုတ်ရရှိခြင်းမရှိကြောင်း ဖော်ပြခြင်းမှာ Golden Dragon Pyay Family Group of Co.,Ltd ၏ ဂုဏ်သိက္ခာကိုကျဆင်းစေပြီး အရောင်းအဝယ်လုပ်ငန်း အကျိုးစီးပွားများ နစ်နာစေမည်ဖြစ်သည့်အတွက် သတင်းစာကြော်ငြာအား Millcon Thiha Ltd မှ ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။ ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက Golden Dragon Pyay Family Group of Co.,Ltd အနေဖြင့် ဂုဏ်သိက္ခာကျဆင်းပြီး နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်လာပါက ဥပဒေနှင့်အညီ လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၄၃၁)**

**ဒေါ်အိရွှေစင် (LL.B,DBL,DIL) (စဉ်-၃၈၉၄၃)**
**ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL) (စဉ်-၄၈၈၂၁)**
**အထက်တန်းရှေ့နေများ**

**ရုံးခန်း အမှတ်- (၄၉၃)၊ ဝေဘာဂီလမ်းမ၊ (၅) ရပ်ကွက်၊ မြောက်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၁၆၄၃၉၅၊ ၀၉-၇၉၉၅၁၉၈၂၆**

---

**တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏**

---

## ကွယ်လွန်သူ မိခင် ဒေါ်ကျင်မွေးအား ရည်စူး၍ ကုသိုလ်ဒါနပြုလုပ် အမျှပေးဝေခြင်း

ငယ်စဉ်မှစ၍ လူလားမြောက်တဲ့အထိ မိဘနှစ်ပါးရဲ့တာဝန်ကို တစ်ဦးတည်း ရုန်းကန်၍ သားနှင့်သမီးကို ပညာတတ်ကြီးဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သော ကျေးဇူးဆပ်လို့မကုန်နိုင်တဲ့ အနန္တကျေးဇူးရှင် မေမေအား ရည်စူး၍ အောက်ပါတို့ကို လှူဒါန်းပါ၏။

၁။ သီတဂူဆရာတော်ကြီးထံ ရေပဒေသာပင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါချုပ်ဆရာတော်ထံ ယောဂီဆောင်အခန်း၊ ကိုးဘွဲ့ရဆရာတော်ထံ သိမ်အခန်း၊ စစ်ကိုင်းတောင်ရိုးဝါးချက်သံဃာ့ဆေးရုံနှင့် ဓနုဖြူမြို့ ခင်မကန်ကျောင်းတိုက်တို့အတွက် ကျပ်သိန်း(၁၀၀)စီ၊

၂။ ပင်မ မဟာစည်သာသနာ့ရိပ်သာ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ စိရိပ်ငြိမ် အင်းလျားရွာသစ်ကျောင်းတိုက်၊ အောင်မြေသာစည်ကျောင်းတိုက်၊ ဒဂုံမြို့နယ် ဇီးကွက်နှစ်ကောင်ကျောင်းတိုက်၊ စမ်းချောင်း မြန်အောင် သီလရှင်စာသင်တိုက်၊ စဥ့်အိုးတန်း ကွမ်းရင်မယ်တော်ကျောင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ကန်တော်လေး ခရစ်ယာန်ဘိုးဘွားရိပ်သာ၊ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းနှင့် လှိုင်မြို့နယ် ပရဟိတကျားကျောင်းများကို ကျပ်သိန်း(၅၀)စီ၊

၃။ ပုလဲမြို့သစ် ဂရုဏာပရဟိတရိပ်သာအတွက် ဆွမ်းခံထွက်ရန် မော်တော်ယာဉ်(၁)စီး။

ဤလှူဒါန်းမှုအစုစုတို့ကို အမျှ အမျှ အမျှ ပေးဝေပါတယ်။ မေမေရောက်ရာဘုံဘဝမှ သာဓုခေါ်ဆို၍ နိဗ္ဗာန်သို့တိုင်အောင် မျက်မှောက်ပြုခံစားနိုင်ပါစေ။

**ချစ်သမီး-မာမာအေး(ခ)မရှုကျင်**
**B.Com(AA),R.A(Pd),Dip(Japanese)**

---

## ကျေးဇူးတင်လွှာ

၁၅-၅-၂၀၂၀ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဒေါ်စန်းစန်းခို(ခ)Jinny Khoနာမကျန်းဖြစ်စဉ်တစ်လျှောက် ကုသပေးခဲ့ကြသော သမားတော်ကြီးများ၊ ဆရာဝန်၊ဆရာမများနှင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုး၊ မိတ်ဆွေများအားလည်းကောင်း၊ ဈာပနအခမ်းအနားတစ်လျှောက် ပြည့်စုံအောင် စီစဉ်ဆုတောင်းဆောင်ရွက်ပေးခဲ့ကြသော ကာသိုလစ်ဘုန်းတော်ကြီးများ၊ မယ်သီလများ၊ အသင်းသူအသင်းသားများနှင့် ငွေကြာယံပရိယတ္တိစာသင်တိုက်မှ နာယကဆရာတော်နှင့် သံဃာတော်များအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ စာများပို့၍ ကျန်ရစ်သူမိသားစုအား မေတ္တာဖြင့် ဝိုင်းဝန်းနှစ်သိမ့်ခွန်အားပေး ကူညီခဲ့ကြသည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကျန်ရစ်သူမိသားစုမှ နွမ်းလျသြိုးငယ်စွာ အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၀၆၃၉ ဗိုလ်ကြီးဝင်းခင်(ငြိမ်း)**

**ဗသက(၃၂)**

**အသက်(၈၂)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးဝင်းခင်(ငြိမ်း)သည် ၁၉-၅-၂၀၂၀ ရက်တွင် တဆရ-၂(ခုတင်-၅၀၀)ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်း(၃၂)ဆင်း သူငယ်ချင်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီဦးမိုဟမ္မဒ်ဟာရွန်(ခ)ဟာဂျီဦးညွန့်ရွှေ**

**ဂစ်တာပဒေသာ(မျိုးအိမ်တွင်းမှု)စတိုး**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**

**ရှမ်းပြည်နယ်တောင်ပိုင်းအဖွဲ့ခွဲ**

**တောင်ကြီးမြို့**

**အသက်(၈၁)နှစ်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၇/၃)နေ ဟာဂျီမ ဒေါ်ခင်မြင့်အေး၏ ခင်ပွန်းဖြစ်သူ ဟာဂျီဦးမိုဟမ္မဒ်ဟာရွန်(ခ) ဟာဂျီဦးညွန့်ရွှေ (ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တောင်ပိုင်း မ.အ.ဖအဖွဲ့ခွဲ) သည် ၂၀-၅-၂၀၂၀ ရက်တွင် အလ္လာဟ်ရှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်(မ-အ-ဖ)ဌာနချုပ်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝင်းခိုင်**

**အသက်(၆၇)နှစ်**

**မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)**

**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်-၉၈၁ နေ သူငယ်ချင်းဖြစ်သူ ဦးကျော်ဝင်းခိုင်သည် ၁၈-၅-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဖေယျ(၆၃) ဥပဒေအရာရှိ သူငယ်ချင်းများမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာဘုံဘဝ ရောက်ရှိပါစေ။

**ဖေယျ(၆၃)ဥပဒေအရာရှိသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲကြောင်း

**ဦးကျော်ဝင်းခိုင်(စစ်တွေ)**

**မောင်မောင်ခိုင်(စစ်တွေ)**

**မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ**

**အသက်(၆၇)နှစ်**

သူငယ်ချင်း ဦးကျော်ဝင်းခိုင်(မောင်မောင်ခိုင်-စစ်တွေ)သည် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(၁၉၇၂-၇၇)ရန်ကုန်တက္ကသိုလ်ဥပဒေ**
**ကျောင်းသူ/ကျောင်းသားများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းဘုန်းထူး(ခတ်ပုံနှင့်ဗီဒီယို)**

**အသက်(၆၅)နှစ်**

လိုအပ်သည့်အချိန်တွင် စေတနာအပြည့်ဖြင့် ကူညီပေးသော ညီအစ်ကိုသဖွယ် ချစ်ခင်ရပါသော ဦးစိုင်းဘုန်းထူး ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝင်းခိုင်(၆၇)နှစ်**

**မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)**

မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း(အသင်းဝင်) ဦးကျော်ဝင်းခိုင်(မြို့နယ်ဥပဒေအရာရှိ၊ ငြိမ်း)သည် ၁၈-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(ရန်ကုန်)၏ ၁၉၆၇ မှ ၁၉၇၃ ခုနှစ်ထိ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ် အာစရိယပူဇော်ပွဲမှတ်တမ်းများကို မေတ္တာဖြင့် ရိုက်ကူးမှတ်တမ်းတင်ပေးပါသော အမှုဆောင် ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုင်းဘုန်းထူး(ခတ်ပုံစိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ရက် ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ဂုဏ်ထူးဆောင်အသင်းသား၊ အသင်းဝင်အမှတ်(၁၁၃၈) ဦးစိုင်းဘုန်းထူး Hon; MPS(ဓာတ်ပုံ-စိုင်းဘုန်းထူး) အသက်(၆၅)နှစ်သည် ၁၉-၅-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ**

**မြန်မာနိုင်ငံဓာတ်ပုံအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းဘုန်းထူး(ခတ်ပုံနှင့်ဗီဒီယို)**

**အသက်(၆၅)နှစ်**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသူ/ကျောင်းသားဟောင်းများ အသင်းဝင် အမှုဆောင်၊ ကျောင်းပွဲများတွင် မေတ္တာဖြင့် အစဉ်အမြဲ နှစ်ပေါင်းများစွာ ကူညီဓာတ်ပုံဗီဒီယိုရိုက်ကူးပေးခဲ့သူ ဒေါ်ဖြူဖြူညွန့်၏ ချစ်ခင်ပွန်း ဦးစိုင်းဘုန်းထူးသည် ၁၉-၅-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသူ/ကျောင်းသားဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

**Notice for Contracts Awarded by ICB**

Project Name: Ayeyarwady Integrated River Basin Management (AIRBM)
Country: The Republic of the Union of Myanmar
Project Number: IDA 5559-MM

Bid/Contract Reference No: ***G2.10***
Scope of Contract : ***Automatic Water Level Recording Equipment***
Duration of Contract: ***180 Days***
Evaluation Currency: ***USD***

**Awarded Bidder(s)**
Name: ***Siap + Micros S.P.A***
Address: *Via del Lavoro No 1, 31020 San Fior (TV), Italy*
Bid price at bid opening: *USD 519,777*
Evaluated Bid Price (in evaluation currency): *USD 519,777*
Contract Price: ***USD 519,777*** *(including local taxes)*

**Evaluated Bidder(s)**
*Name* : ***Siap + Micros S.P.A***
Address: *Via del Lavoro No 1, 31020 San Fior (TV), Italy*
Bid price at bid opening: USD 519,777
Evaluated Bid Price (in evaluation currency): USD 519,777
*Name* : ***BARONS Industrial Technology Co., Ltd***
Address: *No. 5, Min Nandar Street, East Dagon, Industrial Zone, Yangon, Myanmar*
Bid price at bid opening: USD 1,236,094.75
Evaluated Bid Price (in evaluation currency): USD 1,236,094.75
*Name* : ***ADASA SISTEMAS S.A.U***
Address: *c/Ignasi Iglesias 217-219, 08820 El Prat de Liobregat, Barcelona , Spain*
Bid price at bid opening: USD 1,045,967.11
Evaluated Bid Price (in evaluation currency): USD 1,045,967.11
*Name* : ***WAGTECH***
Address: *10 St Ann Street, Salisbury, Wiltshire SP1 2DN, United Kingdom*
Bid price at bid opening: USD 875,488
Evaluated Bid Price (in evaluation currency): USD 883,888
*Name* : ***SEBA Hydrometrie GmbH & Co., KG***
Address: *Gewerbestrasse 61a, 87600 Kaufbeuren, Germany*
Bid price at bid opening: USD 1,324,928.13
Evaluated Bid Price (in evaluation currency): USD 1,292,578.13
*Name* : ***FIVE MASCOTS Co., Ltd***
Address: *797,#10-01, 02/03, MAC Tower II, Bogyoke Road, Lanmadaw Township, Yangon, Myanmar*
Bid price at bid opening: USD 991,998.90
Evaluated Bid Price (in evaluation currency): USD 982,619.26

**Rejected Bidder(s)**
Name: ***DELTA SCIENCE Co., Ltd***
Address: *Building No.4, Room No.42, 2nd Floor, Myo Pyay Housing , Pyay Road, 8 miles, Mayangone Township, Yangon, Myanmar.*
Bid price at bid opening: USD 1,452,503
*Reason(s) for rejection: The technical proposal was non-compliant with the technical requirements*

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၃၅၇/အေ)၊ ဧရိယာ(၀.၀၄၅)ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ချိုချိုဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၂၁၉၇/၂၀၂၀)နေ့စွဲ ၂၇-၄-၂၀၂၀တင်ပြ၍ ဒေါ်စုမွန်ညီမ်း[၁၂/ကမတ(နိုင်)၀၅၀၅၆၄] အမည်သို့ ပြောင်းလွဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

ဥတု
ရာသီ
တောကို
မှီ၏

## အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာ ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၉)လမ်း၊ ကွဲဆည်ကန်၊အမှတ်-(ဆ-၃၄/၃၅) နေ ဦးအောင်လှိုင်ထွန်း (၆/မအရ(နိုင်) ၀၁၆၅၃၄) သည် အောက်ဖော်ပြပါ အမှတ်အသားကို မိမိ၏မူပိုင်အဖြစ် သုံးစွဲရန်အတွက် (၁၉.၁၀.၂၀၁၂) ရက်နေ့တွင် (၂၈၇၁/၂၀၁၂) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ်- ၂၈၇၁/၂၀၁၂**

ဦးအောင်လှိုင်ထွန်းသည် အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့် သောက်ရေသန့် နှင့် အချိုရည်အမျိုးမျိုး၊ သဘာဝသစ်သီးဖျော်ရည်၊ သစ်သီးအနှစ်ရည်နှင့် သစ်သီးယိုအမျိုးမျိုး၊ အခြား စားသောက်ကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်သွားမည်ဖြစ်ပြီး ၎င်းတို့အား ထည့်သွင်းရန်၊ ထုပ်ပိုးရန် အသုံးပြုသော ပလတ်စတစ်ဘူးအမျိုးမျိုး ဖန်ပုလင်းနှင့် ဖန်ဘူးအမျိုးမျိုး၊ စက္ကူအမျိုးမျိုး၊ အဝတ်အမျိုးမျိုး တို့ပေါ်တွင် အဆိုပါ "aha" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ အချိန်နှင့်တစ်ပြေးညီ နိုင်ငံတော်အစိုးရမှ ခွင့်ပြုထားသော လုပ်ငန်းများကို နေပြည်တော်နှင့်တကွ ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့အစရှိသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချ၍ လုပ်ငန်းလုပ်ကိုင်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားမှာ ဦးအောင်လှိုင်ထွန်း၏ တစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီး (၁၉.၁၀.၂၀၁၂) ရက်နေ့မှစ၍ လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ မိမိမှတစ်ပါး၊ ယင်းတံဆိပ်အမည်အမှတ်အသားကိုမှီငြမ်း၍ အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်း အရပ်ရပ်မှဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ပုံတူကူးယူခြင်း၊ ဆင်တူယိုးမှား သံတူကြောင်းကွဲပြုလုပ်သုံးစွဲခြင်း၊ သွယ်ဝိုက်၍ အတုအပ ဆင်တူယိုးမှား ပြုလုပ်ထားခြင်းကိုတွေ့ရှိရပါက မိမိအကျိုးစီးပွားထိခိုက်မှုတို့အတွက် လျော်ကြေးငွေများ တောင်းဆိုနိုင်ရန်နှင့် ယင်းအတုအပဆင်တူယိုးမှားပြုလုပ်ထားသည့် တံဆိပ်များကို ပယ်ဖျက်နိုင်ရေး အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားဥပဒေဘောင်အတွင်းမှ အရေးဆို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဒေါ်ခင်ပြည့် (LL.B, D.B.L) | ဦးတင်မောင်စိန် (LL.B) | ဒေါ်ဝင်းဆင့်ဆင့်သူ(LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၀၄၈) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၂၆) | အထက်တန်းရှေ့နေ (စဉ်-၅၁၆၁၄) |

Libran Legal Group
အမှတ်-၅၀ ၊ ၃၉ လမ်း (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉၄၅၅၆၇၆၁၂၂
Info@librangroup.com , www.librangroup.com

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းငွေကြည်(ခ)ဒေါ်နန်းငင်းဆိုင်
## အသက်(၆၈)နှစ်

ဆင်ခြောက်ကောင်ဆေးတိုက်ပိုင်ရှင် ဒေါ်နန်းငွေကြည် (ခ) ဒေါ်နန်းငင်းဆိုင် အသက်(၆၈)နှစ်သည် ၁၀-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျိုက်သုတ်စေတီဂေါပကအဖွဲ့**
**မော်လမြိုင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ခတ်ပုံ ဦးစိုင်းဘုန်းထူး
## အသက် (၆၅) နှစ်

ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ခတ်ပုံဆရာချင်း ရိုင်းပင်းကူညီလေ့ရှိသော ခတ်ပုံပညာရှင်ဦးစိုင်းဘုန်းထူးသည် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့)က ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြက္ခဒိန်ခတ်ပုံပညာရှင်
ဦးအောင်ထွန်းနိုင် (ပြည်မြန်မာ)

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈-ရပ်ကွက်၊ အောင်ဒီပါလမ်း၊ အမှတ်(၂၄၇)ဟု ခေါ်တွင်သော အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍
## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၂၄၇၊ ဧရိယာ(၀.၀၆၂)ဧက၊ မြေအမျိုးအစား-နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အိအိစိုး [၁၂/မဂတ(နိုင်)၀၀၁၀၄၆]၊ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဇီဇဝါရဲမြင့် [၁၂/ပဇတ(နိုင်)၀၀၂၇၀၃]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးကျော်မင်းနိုင်** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်-၄၈၈၈၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄)၊ ကျောက်စိမ်း(၅)လမ်း၊ မြေကွက်အမှတ်(၁၈၆)ဟု ခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၂.၅)၊ မြေဧရိယာ (၀.၀၅၇)ဧက စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ယဉ်နု(TGA-၀၀၉၃၀၃)ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးသန့်ဇင်[၉/ပမန(နိုင်)၁၂၆၃၂၇]ကိုင်ဆောင်သူသည် စာချုပ်စာတမ်းနှင့် တကွ ယခုအခါ ဦးသန့်ဇင်မှ ပြန်ရောင်းချလိုကြောင်း ပြောလာသဖြင့် ကျွန်ုပ် ဦးဝေမိုချန်[၁/မကန(နိုင်)၁၀၀၄၆၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဝေမိုချန်**
**ဖုန်း-၀၉ ၈၈၅၅၅၈၈၉၉**

## ကြော်ငြာရှင်များသို့.......

ယခုကာလအတွင်း ကြေးမုံသတင်းစာ (နေပြည်တော်)တွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် ကြေးမုံသတင်းစာတိုက်(နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍ သော်လည်းကောင်း၊ **gmail** (သို့) **Viber** ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**gmail** (သို့) **Viber** ဖြင့် ကြော်ငြာထည့်သွင်းလိုပါက **mrrrdmn111 @gmail.com** (သို့) **Viber** ဖုန်းနံပါတ် **၀၉-၇၉၇၁၉၅၉၇၅** သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် **၀၉-၇၉၇၁၉၅၉၇၅** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြေးမုံသတင်းစာတိုက်(နေပြည်တော်)**

## ဝမ်းနည်းကြေကွဲခြင်း
### ရွှေမန်းတရားရိပ်သာနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့(နာယကကြီး)
## ဦးစိုင်းဘုန်းထူး (ခတ်ပုံ-စိုင်းဘုန်းထူး)
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း(အလယ်ဘလောက်)၊ အမှတ်(၁၀၀)နေ ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုင်းဘုန်းထူး (ခတ်ပုံ-စိုင်းဘုန်းထူး) သည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေမန်းဆရာတော်နှင့်**
**ရွှေမန်းတရားရိပ်သာအကျိုးတော်ဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## စိုင်းဘုန်းထူး(ခ)ဘုန်းထူးချမ်း (ခတ်ပုံ-စိုင်းဘုန်းထူး)
## အသက်(၆၅)နှစ်

တောင်ကြီးမြို့နေ သူငယ်ချင်း ကိုဝင်းလွင်-မမီမီချမ်း တို့၏မောင်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း (အလယ်)၊ အမှတ်(၁၀၀)နေ စိုင်းဘုန်းထူး(ခ)ဘုန်းထူးချမ်း (ခတ်ပုံ-စိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၁-၁၉၇၄ တောင်ကြီးကောလိပ်**
**ကျောင်းသူ/သားများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃၈၁)ဟုခေါ်တွင်သော( ၄ )ထပ် Hall တိုက်အဆောက်အဦးမှ မြေညီထပ်၊ အကျယ်အဝန်း(၂၄.၆ ပေ × ၁၀၀ ပေ)ခန့်ရှိ မျက်မြင်အနေအထားအကျယ်အဝန်းအတိုင်း လူနေတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်(၂၀-၅-၂၀၂၀)နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိုအပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍( ၁၄ )ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်-၆၆၊ နတ်ရှင်နောင်လမ်း၊ ၁-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၃၀၈၈၅၄၉

## မော်တော်ယာဉ်အမှတ်-7G/8705, Honda Fit GE6 Chassis No-GE6-1231152 အနက်ရောင်မော်တော်ယာဉ်အား အာမခံထား၍ အပေါင်ချေးငွေရယူထားသူ ဦးဖြိုးထက်အောင်(ဘ) ဦးသိအောင် (၁၂/သဃက(နိုင်)၁၆၇၆၇၀)နှင့် မော်တော်ယာဉ်လက်ဝယ်ထားရှိသူတို့သိရှိစေရန်ကြေညာခြင်း

Best Merchant Finance Co., Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Best Merchant Finance Co., Ltd ထံမှ ဦးဖြိုးထက်အောင်သည် 7G/8705,Chassis No -GE6-1231152, Honda Fit GE6 အနက်ရောင်မော်တော်ယာဉ်အား အာမခံထား၍အပေါင်စာချုပ်(P-0329) ဖြင့် (၉.၁၁.၂၀၁၈)ရက်နေ့တွင် အပေါင်ချေးငွေရယူခဲ့ပါသည် ဦးဖြိုးထက်အောင်သည် အထက်ဖော်ပြပါအပေါင်ချေးငွေအတွက် ငွေများလစဉ်ပေးသွင်းရန် ပျက်ကွက်နေပါသည်။ ငွေများလာရောက်ပေးသွင်းရန်အတွက် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း တစ်စုံတစ်ရာငွေပေးသွင်းခြင်း၊ ဖြေရှင်း ဆောင်ရွက်ခြင်းမျိုးလည်းမရှိပါ။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါ မော်တော်ယာဉ်အားအပေါင်စာချုပ်ပါစည်းကမ်းများအရBest Merchant Finance Co., Ltdမှထုခွဲရောင်းချမည်ဖြစ်ပါသောကြောင့် ဦးဖြိုးထက်အောင်နှင့် မော်တော်ယာဉ်လက်ဝယ်ရှိသူတို့မှ ဤသတင်းစာကြေညာပါရှိသည့်နေ့မှ(၇)ရက်အတွင်း Best Merchant Finance Co.,Ltd သို့လာရောက်ဆက်သွယ်ဖြေရှင်းပေးရန်နှင့် သတ်မှတ်ရက်အတွင်းအပ်နှံဖြေရှင်းခြင်းမရှိပါက Best Merchant Finance Co.,Ltd သည် အဆိုပါမော်တော်ယာဉ်အမှတ်-7G/8705 အပေါင်စနစ်ဖြင့်ချေးငွေ ရယူထားသူဦးဖြိုးထက်အောင်နှင့်တကွ အဆိုပါမော်တော်ယာဉ်အားလက်ဝယ်ထားရှိ သူမည်သူ့ကိုမဆိုတည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဖြိုးထက်အောင်နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မြမြထွန်း
BA(Law),LL.B
တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၉၁၀)
ဖုန်း-၀၉၅၀၁၂၆၅၂

| | |
|---|---|
| ဦးလင်းမောင်မောင်သိန်း | ဒေါ်ပိုးအိဖြူ |
| LL.B,E.D.B.M(UK),D.M.A(UK) | LL.B,D.B.L,D.I.L |
| D.I.P.L,D.I.L,C.F.S,D.M,Dip in Eng | တရားလွှတ်တော်ရှေ့နေ |
| အထက်တန်းရှေ့နေ(စဉ်-၅၁၈၇၄/၁၉) | (စဉ်-၁၆၅၇၈/၂၀) |
| ဖုန်း-၀၉၉၆၉၈၆၄၁၈၄ | ဖုန်း-၀၉၆၉၈၅၄၈၄၄၆ |

အမှတ်(၃၅)၊အနောက်ရွှေဂုံတိုင်(၃)လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဝဏ္ဏကျော်ထင် ဦးတင်လှိုင်

B.A, B.L, B.C.S

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အဖွဲ့ဝင်(ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

**အသက်(၉၈)နှစ်**

ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် (ငြိမ်း)ဝဏ္ဏကျော်ထင် ဦးတင်လှိုင် အသက်(၉၈)နှစ်သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစု**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသန့်ဇော်

အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊(ငြိမ်း)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၅၀)နေ ဦးသန့်ဇော် အသက် (၇၆) နှစ်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာကောင်းရာသုဂတိလားပါစေ။

**ဦးထင်ဝင်းအောင်-ဒေါ်လှရည် မိသားစု**
**ညွှန်ကြားရေးမှူး (အုပ်ချုပ်မှု) (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်ဒါနာလက်ချမ်း နာမကျန်းဖြစ်စဉ် အစမှ အဆုံး ကူညီပေးခဲ့ကြပါသော Dr.Thawda Myint (iCARE Clinic), Dr. RICHARD QUEK (Mount Elizabeth Novena Specialist Centre), Prof. U Soe Aung, Dr. Aung Ye Kyaw နှင့် Victoria Hospital မှ MCOC Team၊ ညီအရင်းသဖွယ် ချစ်ခင်အားကိုးရပါသော ကိုကျော်ကျော် Admin Manager (Uniteam Marine Services), Dr.Ohnpan Pwint ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ဦး (ဘိုကလေး)

**အသက်(၆၅)နှစ်**

EMBA 16th Batch မှ မသိမ့်သိမ့်ဦး၏ ဖခင်ဖြစ်သူ ဦးခင်မောင်ဦးသည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Group 5 မှ သူငယ်ချင်းများ**
**EMBA 16th Batch YUE (ပတ္တမြား)**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ဦး (ဘိုကလေး)

**အသက် (၆၅) နှစ်**

EMBA 16 th Batch မှ မသိမ့်သိမ့်ဦး၏ဖခင်ဖြစ်သူ ဦးခင်မောင်ဦးသည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**EMBA 16 th Batch မှသူငယ်ချင်းများ**
**YUE (ပတ္တမြား)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယကာကြီး

## ဦးကြီးခိုင် (ခ) ဦးကြည်ထွန်း (ရွှေဇာလီ)

သရက်မြို့

**အသက် (၆၁) နှစ်**

သရက်မြို့၊ ကျေးဇူးတော်ရှင်မဟာဇာလီတောင်ဆရာတော် ဘုရားကြီးနှင့် ဇာလီကိုယ်တော်ကြီးဘုရား၏သားတပည့်ကြီး၊ သရက်မြို့နေ (ဦးစိုးလှိုင်-ဒေါ်ခင်လတ်)တို့၏သား၊ (ဦးကြင်စိန်-ဒေါ်သီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ်(၃၈-A)နေ ဒေါ်သစ်သစ်ထွေး (ဦးစီးအရာရှိ-ငြိမ်း၊ အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၏ခင်ပွန်း၊ ကိုကျော်ခိုင်ထွန်း၊ ကိုလွင်မောင်ထွန်း (SEONGHO Shipping)တို့၏ဖခင်သည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်ခင်ခင် (@)(Kathleen San Paw)

**အသက်(၈၉)နှစ်**

အထက်တန်းပြဆရာမ (Methodist English High School)

အထက(၁)မှော်ဘီ၊ အထက(၂)တပ်ကျောင်းမှော်ဘီ၊ အထက(၃)ပြည်

အထက(၁)သဃ်ာန်းကျွန်း၊ အထက(၃)အလုံ

ရန်ကုန်မြို့၊ အမှတ်(၆၁/A)၊ မင်းရဲကျော်စွာလမ်း၊ အလုံ DKK Condo နေ (မီးရထားမင်းကြီး ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏ သမီး၊ ဦးထွန်းအောင်-ဒေါ်ခင်ခင်တို့၏သမီးချွေးမ၊ ဦးကံအေး [ညွှန်ကြားရေးမှူး(ငြိမ်း)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌ (SKA Co.,Ltd.)]၏ ချစ်လှစွာသောဇနီး၊ ဦးမိုးကျော်အေး၊ ဦးမြင့်ခိုင်(အေးရိပ်မွန်ဆောက်လုပ်ရေး)-ဒေါ်လှမိုးအေး L.Geismar ၊ ဦးဇော်မင်းအေး-ဒေါ်ဟန်မီကိုတို့၏ ကျေးဇူးရှင်မွေးမိခင်ကြီး၊ မောင်ဖြိုးမြင့်အေး (ခေတ္တ-ဩစတြေးလျ)၊ မမေခိုင်မိုးထက်(ခေတ္တ-ဩစတြေးလျ)၊ မအေးဝတီမီကို (ILBC)၊ မောင်ညီဇေမင်းအေးတို့၏ ချစ်လှစွာသောဘောင်ဘောင်သည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းမြေ သာသနာ့ ဒါယကာကြီး

## ဦးတင်ရွှေ

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၇၈)၊ မင်္ဂလာသီရိလမ်းနေ (ဦးမောင်ရှင်-ဒေါ်သီ)တို့၏ သား၊ (ဦးဇရက်-ဒေါ်ရွှေနု)တို့၏ သားသမက်၊ (ဒေါ်တင်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းမြင့်၊ ဒေါ်သန်းရှင်-(ဦးလေးမောင်)၊ ဒေါ်မြသွင်၊ ဦးလှအုန်း၊ ဦးဝင်းတင်၊ (ဦးစန်းမြင့်)-ဒေါ်သိန်းသိန်းဝင်း၊ (ဦးကြည်ဆွေ)-ဒေါ်ခင်သန်းဝင်း၊ (ဒေါ်ဘေဘီ)တို့၏ အစ်ကိုကြီး၊ ဦးအဂ္ဂညာဏ၊ ဦးဆန်းမြင့်ဦး-ဒေါ်သန်းသန်းဌေး၊ ဦးသက်ဦး-ဒေါ်စန္ဒာခိုင်၊ ဦးအောင်အောင်-[ဒေါ်မာလာမြင့်(ခ)မချို]၊ ဦးကျော်ကျော်-ဒေါ်အေးသီတာ၊ ဒေါ်မြသီတာ တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၇၈)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဝင်းခင် (ငြိမ်း) (၈၂) နှစ်

OTS(32) ၊ ကြည်း-၁၀၆၃၉

တောင်တွင်းကြီးမြို့

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖဆပလ- ရပ်ကွက်၊ တိုက်အသစ်(၁)၊ အခန်း(၆)၊ သာသနဟိတကာရီဓမ္မာရုံလမ်းနေ ဒေါ်ခင်ချိုသိန်း၏ခင်ပွန်း၊ ဦးသက်နိုင်-ဒေါ်သီတာဝင်းခင်(ခနေဇလရွှေဆိုင်)၊ ဦးအောင်မျိုးခိုင်(ဒု-စက်ရုံမှူး၊ ငြိမ်း)-ဒေါ်မာလာဝင်းခင်(ကထိက၊ ကွန်ပျူတာတက္ကသိုလ်-မအူပင်)၊ CE ဦးထွန်းမြ(GEWIN)-ဒေါ်ဥမ္မာဝင်းခင်၊ဗိုလ်ကြီးဟိန်းထက်ဝင်းခင်(ဘူးသီးတောင်စစ်ဆေးရုံ)-ဒေါ်အေးငြိမ်းမွန်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်သန်း (ခ) ဒေါ်နွေး (လင်း-စတိုး)

မုံရွာ

**အသက် (၇၅) နှစ်**

မုံရွာမြို့၊ တရုတ်တန်းလမ်းနေ (ဦးကျန်-ဒေါ်အလင်)တို့၏သမီးထွေး၊ ဦးသိမ်းမောင်-ဒေါ်ကြန်ရွှေတို့၏သမီးချွေးမ၊ ဦးတင်အောင်(ဒု-ညွှန်ချုပ်၊ ငြိမ်း၊ အိမ်တွင်းစက်မှုသမဝါယမဦးစီးဌာန)၏ဇနီး၊ ဦးမြင့်ဝင်း-ဒေါ်ရွှေ၊ [ဒေါ်ကျင်ဌေး (ခ) ဒေါ်မိုး ]၏ညီမ၊ ဒေါက်တာဝင်းမင်းဟန်-မအေးမိုမိုထွန်းတို့၏အဒေါ်၊ ကိုလင်းဇော်ဇော်ထွေး-မသဇင်လင်းတို့၏မွေးသမိခင်၊ မောင်ဇေယျာလင်းဖြိုး၊ မောင်ညာဏ်လင်းထက်တို့၏အဘွား ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ်(၅၅)နေ ဒေါ်ကြင်သန်း (ခ) ဒေါ်နွေးသည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ကြီး

M.Sc-IC

လက်ထောက်သုတေသနမှူး (ငြိမ်း)၊ မြန်မာ့သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ပြည်သာယာ(၄)လမ်း၊ အမှတ်(၁၁၂၁)နေ (ဦးခင်မောင်ကြီး-ဒေါ်ခင်ကြည်ကြည်)တို့၏သမီး၊ ဦးမျိုးခိုင်-ဒေါ်အေးအေးမော်(ဦးစီးအရာရှိ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ နေပြည်တော်)တို့၏ညီမ၊ ဒေါ်ခင်ခင်လေး(လက်ထောက်မန်နေဂျာ-ငြိမ်း)၏အစ်မ၊ မနှင်းအိဝေ(အလက-၇)၏အဒေါ် ဒေါ်ခင်ခင်ကြီးသည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၄၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၀(အင်္ဂါနေ့) နံနက် ၆ နာရီတွင် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## ဒေါ်နီလာစိုး

MSLE ဝန်ထမ်းဟောင်း

**အသက်(၅၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၁၇)၊ အခန်း(၂၀၄)၊ (၂)လမ်း(A)နေ [ဗိုလ်ကြီးလှကြည် (ငြိမ်း)]-ဒေါ်စိုးစိုးမြင့် တို့၏ သမီးငယ်၊ ဦးတင်မောင်ကြည်၊ ဦးညီညီလွင်(ဆေးဝါးစက်ရုံ-အင်းစိန်)၊ ဒေါ်ခင်သန္တာစိုး(မြဝတီဘဏ်လီမိတက်)တို့၏ ညီမ ဒေါ်နီလာစိုးသည် ၂၀-၅-၂၀၂၀ ရက်နေ့ ည ၇:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

# အနိစ္စ

တောင်ကြီးအသင်း(ရန်ကုန်)

## ဦးစိုင်းဘုန်းထူး

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း၊ အမှတ်(၁၀၀)နေ ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသော ခင်ပွန်း ဦးစိုင်းဘုန်းထူးသည် ၁၉-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပြီး ၂၀-၅-၂၀၂၀ ရက်နေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## သစ်တော နဲ့ သစ်ပင် ချစ်ခင် တဲ့ လူမျိုး သစ်ပင် ကို နှစ်စဉ် စိုက် ရွှေတိုက် ကို စိုး

## ဒုတိယဗိုလ်မှူးကြီးဝင်းလွင် (ငြိမ်း)

ကြည်း-၆၄၂၅၊ ဗိုလ်သင်တန်းအပတ်စဉ် (၈)

ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အကျဉ်းဦးစီးဌာန

**အသက် (၉၆) နှစ်**

ပြည်မြို့နေ (ဦးမန်းဆင်-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့နေ ဦးထွန်းကြည်-(ဒေါ်ခင်ဝင်း)၊ ရဲမှူးခင်မောင်ဝင်း (ငြိမ်း)-ဒေါ်စောမေခင်၊ တရားလွှတ်တော်ရှေ့နေ ဦးမြင့်နိုင်-ဒေါ်ဖြူဖြူဝင်း(မြို့နယ်ဥပဒေအရာရှိ-ငြိမ်း)၊ ဒေါ်လွင်မာအေး၊ (ဦးဇင်မောင်ဝင်း)-ဒေါ်သီတာစန်း၊ ဒုရဲမှူးသဇင်အေး(ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)၊ ဒေါ်တင်တင်အေး၊ ဒုရဲအုပ်သက်စိုးဝင်း(သရက်ချောင်းမြို့နယ်ရဲတပ်ဖွဲ့)-နော်လားစေး၊ [မခင်သီတာအေး(အကျဉ်းဦးစီးဌာန)]တို့၏ဖခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ်(၅၇၁)၊ နိဗ္ဗိန္ဒလမ်းနေ (ဒေါ်တင်အေး)၏ခင်ပွန်းသည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လှိုင်

**အသက်(၇၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးတင်ညွန့်-ဒေါ်ကြင်ကြင်)တို့၏ သမီး၊ (ဦးပိုးမျှင်-ဒေါ်ကျေးဥ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စံပယ်(၂)လမ်း၊ အမှတ်(၅)နေ (ဦးမြ)၏ ဇနီး၊ (ဦးကျော်မင်းသူ)-ဒေါ်မူမူမြင့်၊ ဦးကျော်ဝေလွင်-ဒေါ်နန်းဝါဝါလင်း၊ ဦးကျော်နိုင်ဦး-ဒေါ်တင်နွယ်အိ၊ ဦးကျော်သန်းအောင်-ဒေါ်တင်နွယ်အေး၊ ဒေါ်ခင်နွယ်ထွေး(မြန်မာတိုင်းမ်)တို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉:၅၃ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဒါနာလက်ချမ်း

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း(B-3)၊ အခန်း(၁/၁)နေ [ဦးသန်းဖေ (ခ) ဦးဂျီအက်(စ်) ]၏ချစ်လှစွာသောဇနီး၊ ဦးနန္ဒကုမာရ၏အစ်မ၊ (ဒေါ်ဥမ္မာသန်း)၊ Capt.ကျော်သန်း(Uniteam Marine Services)-ဒေါ်စံပယ်မြင့်၊ ဒေါ်သီတာသန်း-ဦးမောင်ရှမ်း၊ (ဦးကျော်မင်းသန်း)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်ဒါနာလက်ချမ်းသည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက်၂:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (ကားဝယ်/ရောင်း)

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့၊ ဘိုကလေးဈေး၊ စည်/ပင်အိမ်ရာနေ (ဦးမောင်လှ-ဒေါ်ထားကြည်)တို့၏တတိယသား၊ သန်လျင်မြို့၊ ကျိုက်အင်းကျေးရွာနေ (ဦးသန်းမောင်)-ဒေါ်ကျင်ဥတို့၏သားသမက်၊ အခန်း(၂၂၄)၊ သုံးလွှာ၊ စံပြ(၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဒေါ်သန်းလှ၏ခင်ပွန်း၊ မောင်အောင်ကျော်စွာဝင်း(ချာတံ)-မစိုးမြတ်ထွေး၊ မောင်အောင်ကျော်မိုး၊ မောင်သန်းလင်းကို-မဝင်းမို့မို့တို့၏မွေးသဖခင်၊ မခြူးသဉ္ဇာနွယ်၏အဘိုးသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဦး(ဘိုကလေး)

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၂၂၂)နေ (ဦးတင်ဦး)-ဒေါ်ခင် တို့၏ သား၊ (ဦးစိန်ရွှေ)-ဒေါ်သိန်းကြည်တို့၏ သားသမက်၊ ဒေါ်ဘေဘီကြူ၏ ခင်ပွန်း၊ ကိုစိုးမင်းထွန်း(SMT Photography)-မသိမ့်သိမ့်ဦး (Myanmar Padauk Company)၊ ဒေါက်တာပိုင်စိုးသူ (မြောက်ဦးဆေးရုံ)-ဒေါက်တာရွှေဖြူအောင်(ဆေး-၁)တို့၏ ဖခင်၊ မောင်မြတ်သုတ၏ အဘိုးသည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းဝင်းမော်

ဒု-ဦးစီးမှူး၊ က-ည-န(ငြိမ်း)

**အသက်(၅၇)နှစ်**

မန္တလေးမြို့၊ ယခင်အောင်တော်မူရပ်နေ (ဦးတင်မောင်-ဒေါ်ယဉ်ယဉ်ကြည်)တို့၏ သမီးထွေး၊ [ဦးမောင်မောင် (ကညန-ငြိမ်း)]၏ ဇနီး၊ ဦးစိန်မြင့်-ဒေါ်မြမြဆွေ (ကညန-ငြိမ်း)၊ [ဒေါ်ဝင်းမာ(စစစ-ငြိမ်း)]၊ [ဒေါ်ဝင်းမေ(ရွှေး/ကော်-ငြိမ်း)]၊ Dr.တိုးလှိုင်၊ ဒေါ်ချိုချိုဝင်း(တိုင်းထွေ/အုပ်-ငြိမ်း)၊ ဒေါ်စိုးစိုးဝင်း (ပညာရေးကောလိပ်၊ မန္တလေး)တို့၏ ညီမ၊ ဗိုလ်ကြီးရဲကျော်ဦး(ခေတ္တ-ရုရှား)၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉:၃၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့)တွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားခဲ့သော မန္တလေးဈေးချိုတော် ပြန်လည်ဖွင့်လှစ်မည်



မန္တလေး မေ ၂၁

ကိုဗစ်-၁၉ ကြောင့် ယာယီပိတ်ထားခဲ့သော မန္တလေးမြို့ရှိ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးကို မေ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ပြောကြား**

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ညွှန်ကြားချက်တွေနဲ့အညီ စစ်ဆေးမှုတွေပြီးစီးသွားလို့ မနက်ဖြန် ပြန်ဖွင့်ပေးတော့မှာပါ။ ရောဂါထိန်းချုပ်နိုင်မှု အနေအထားလည်း ရှိလာတဲ့အတွက် ရောဂါကူးစက်မှု ကာကွယ်ရေး အစီအမံတွေနဲ့ပြန်ဖွင့်ပေးတာပါ"ဟု အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးမင်းထွန်းက ပြောသည်။

**စစ်ဆေးမှုများ ဆောင်ရွက်**

မန္တလေးမြို့ရှိ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်တွေနဲ့အညီ နှစ်ပတ်ခန့်ကြိုတင်ပြင်ဆင်ကာ စစ်ဆေးမှုများဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

"ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်တာပါ။ မနက်ဖြန်ကစလို့ ပုံမှန်အတိုင်းပဲ မနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ပုံမှန်အတိုင်းဖွင့်လှစ်ပေးသွားမှာပါ။ ဥပုသ်ရက်တွေလည်းပုံမှန်အတိုင်းပဲ ပိတ်ပါတယ်" ဟု ဦးမျိုးမင်းထွန်းက ပြောသည်။

အဆင့်မြင့်ဈေးချိုတော်နှင့်တိုက်တန်းကြီးကို ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၂၉ ရက်မှ စတင်ကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမိန့်ညွှန်ကြားချက်ဖြင့် ယာယီပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

## ICJ ၏ ကြားဖြတ် စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ

### မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ထပ်မံထုတ်လွှင့်မည်

နေပြည်တော် မေ ၂၁

ICJ တွင် ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ပူးတွဲကိုယ်စားလှယ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သောအဖွဲ့နှင့် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သူ ဦးကိုကို (စက်မှုတက္ကသိုလ်) တို့ ဇန်နဝါရီ ၂၇ ရက်က ပါဝင်ရိုက်ကူးခဲ့သည့် ICJ ၏ ကြားဖြတ် စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲကို မေ ၂၂ ရက် ည ၇ နာရီတွင် မြန်မာ့အသံ(ရေဒီယို)နှင့် မြန်မာ့ရုပ်မြင်သံကြား(MRTV)တို့မှ ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်းအမ်ဖန် အခြေအနေ

နေပြည်တော် မေ ၂၁

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘိုဂူရမြို့အနီးမှ ဖြတ်ကျော်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ယနေ့ညနေပိုင်းတွင် တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် မေ ၂၁

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီ ရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၅ ဦးအား ပဋ္ဌမအသုတ်အဖြစ် မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံတွင် အခက်အခဲဖြစ်နေသည့် မြန်မာနိုင်ငံသား ကိုးဦးကိုလည်း မြန်မာနိုင်ငံရောက် ဗီယက်နမ်နိုင်ငံသားများအား

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ■



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။




## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ

ကျောက်ဆည်မြို့နယ်၌ သိပ္ပံနည်းကျစိုက်ပျိုးသဖြင့် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ — စာမျက်နှာ » ၉

တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်ကို မေ ၂၂ ရက်တွင် စတင်မည် — စာမျက်နှာ » ၁၁

ယခုနှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရန်မဖြစ်နိုင်သေးကြောင်း ဂျပန်ကျန်းမာရေးပညာရှင်ပြောကြား — စာမျက်နှာ » ၁၃

ဘိုင်ယန်မြူးနစ် ဂိုးသမား နျူအာ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို — စာမျက်နှာ » ၂၃

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

ခင်ရတနာ၊ ဓာတ်ပုံ – ဇူလိုင်မိုး

ပြည်သူတို့ ယုံကြည်စွာ ရွေးကောက်တင်မြှောက်မှုဖြင့် တာဝန်ကျေပွန်လျက်ရှိသည့် ပြည်သူ့အစိုးရသည် စတုတ္ထ(၁)နှစ်တာကို ဖြတ်ကျော်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီ ဦးတည်လျှောက်လှမ်းကြချိန် အသွင်ကူးပြောင်းစမို့ အခက်အခဲများ၊ စိန်ခေါ်မှုများကို ညီညွတ်ခြင်းတရား၊ စုပေါင်းအင်အားဖြင့် ဖြတ်ကျော်နေကြချိန်လည်း ဖြစ်ပါသည်။ နိုင်ငံတော်အကျိုးအတွက် နိုင်ငံ၏ရှေ့တန်းမျက်နှာစာမှ နိုင်ငံတကာသို့ ထိုးဖောက်ကာ မြန်မာနိုင်ငံပုံရိပ်မြင့်မားရေးအတွက် ဦးတည်ကြိုးပမ်းနေသည့် ဝန်ကြီးဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာနပင် ဖြစ်ပါသည်။


အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

ထို့အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနသည်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ လက်တွဲကာ ရှေ့တန်းမျက်နှာစာမှ သံတမန်နည်းအရ ရင်ဆိုင်ဖြေရှင်းနေရသည့် ဝန်ကြီးဌာနတစ်ခု ဖြစ်ရာ စတုတ္ထ(၁)နှစ်တာ၏ ပုံရိပ်များကို ပြည်သူများသိရှိနားလည် ခံစားနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား တွေ့ဆုံမေးမြန်းထားသည်ကို ပြန်လည်တင်ပြလိုက်ရပါသည်–

**မေး။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ဘယ်လိုမူဝါဒတွေနဲ့ ချမှတ်ဆောင်ရွက်နေလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံခြားရေးမူဝါဒဆိုတာ ပြည်တွင်းပြည်ပရဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ မိမိနိုင်ငံနဲ့ ပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဖို့ မျှော်မှန်းချက်ထားပြီး ချမှတ်ဖော်ဆောင်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်တွင်းမှာ ချမှတ်ထားတဲ့ မူဝါဒနဲ့ ရည်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်အောင် နိုင်ငံတကာနဲ့ ဆက်ဆံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပံ့ပိုးပေးရတဲ့တာဝန် ဖြစ်ပါတယ်။ မိမိတို့ဌာနအနေနဲ့ "အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ နိုင်ငံတော်အစိုးရဲ့ မျှော်မှန်းချက်တွေကို ပြည့်မြောက်အောင် နိုင်ငံတကာဆက်ဆံရေးဘက်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ၊ အထူးသဖြင့် ဒေသဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပါဝင်တက်ရောက်ကာ ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။

မိမိတို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း "လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒ"ကို ဆက်လက်ကျင့်သုံးလျက်ရှိပါတယ်။ သို့သော် မိမိတို့ အစိုးရလက်ထက်မှာ ပြည်တွင်းမူဝါဒနဲ့ ရည်မှန်းချက်တွေ ပြောင်းလဲလာတဲ့အတွက် နိုင်ငံခြားရေးမူဝါဒကျင့်သုံးရာမှာ ချဉ်းကပ်ပုံပြောင်းလဲခဲ့ပါတယ်။ သံတမန်တွေအနေနဲ့ မိမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက်သာမက ဒေသရဲ့ အကျိုးစီးပွားကိုလည်း ပံ့ပိုးပေးရေး၊ မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးသာမက ကမ္ဘာ့နိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကူညီပံ့ပိုးပေးရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိစ္စကို အလေးထားရေးနဲ့ မိမိတို့နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ ပြည်တွင်းအမြင်ကို အလေးပေးရုံသာမက ပြည်ပရဲ့အမြင်ကိုပါ ထည့်သွင်းစဉ်းစားရေးဆိုတဲ့ ပုံစံမျိုးကို ချဉ်းကပ်ဆောင်ရွက်လျက်ရှိပါတယ်။

## ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်ကြိုးပမ်း

လွတ်လပ်ရေးရပြီးစကာလမှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့အင်အားကြီး နိုင်ငံအားလုံးနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့သလို မိမိတို့အစိုးရလက်ထက်မှာလည်း ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရာမှာ ဟန်ချက်ညီညီဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေးကို ပိုမိုကျစ်လျစ်ခိုင်မာစေသလို ရပ်နီးရပ်ဝေးမှ ကမ္ဘာ့နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးဟာ အဝေးကနိုင်ငံတွေနဲ့ ဆက်ဆံရေးထက် ပိုမိုသိမ်မွေ့ပါတယ်။ ကမ္ဘာတည်သရွေ့ အတူယှဉ်တွဲနေထိုင်ကြရမှာဖြစ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နဲ့အညီ အိမ်နီးချင်းကောင်းဆက်ဆံရေးခိုင်မာအောင် အလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ (၄)နှစ်အတွင်းမှာ ရလဒ်အားဖြင့်လည်း အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားကဲ့သို့သော ဒေသတွင်းနိုင်ငံကြီးတွေနဲ့ ဆက်ဆံရေး သိသိသာသာ တိုးတက်လာခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ၂၂–၆–၂၀၁၉ ရက်နေ့က ထိုင်းနိုင်ငံ၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထို့အပြင် မြန်မာနိုင်ငံဟာ အာဆီယံ၊ ဘင်းမ်စတက် စတဲ့ဒေသတွင်းအဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိုလည်း အလေးထားဆောင်ရွက်နေပါတယ်။ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ အချို့ကိစ္စများမှာ စိန်ခေါ်မှုတွေရှိနေသော်လည်း မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကမဏ္ဍိုင်တစ်ခုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ဦးစားပေးလိုအပ်ချက်များနဲ့အညီ ၂၀၃၀ အာဂျင်ဒါနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေ အောင်မြင်ရရှိရေးအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နှစ်နိုင်ငံချစ်ကြည်ရေး ရေရှည်ခိုင်မြဲဖို့ဆိုရင် ပြည်သူချင်းဆက်ဆံရေး ကောင်းမွန်ဖို့အရေးကြီးပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဗဟိုပြု သံတမန်ရေးချဉ်းကပ်မှုနဲ့အညီ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရာမှာ အစိုးရအချင်းချင်းဆက်ဆံရေးအပြင် ပြည်သူများအချင်းချင်းဆက်ဆံရေး၊ အပြန်အလှန် ယုံကြည်မှုရရှိရေးတို့ကိုပါ ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။

ပြည်သူ့ဗဟိုပြု မူဝါဒနဲ့အညီ ပြည်ပရောက်မြန်မာနိုင်ငံသားတွေသာမက မြန်မာနိုင်ငံသားဟောင်းတွေရဲ့ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေတဲ့အပြင် ပြည်ပရောက် နိုင်ငံသားတွေရဲ့ အင်အားကိုရယူပြီး နိုင်ငံတော်ရဲ့ အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လာခဲ့ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့အစိုးရ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ ဦးစားပေးလုပ်ငန်းများကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံတကာဆက်ဆံရေး မြှင့်တင်ရာမှာ အဓိကအတားအဆီးကတော့ ရခိုင်ပြည်နယ်မှ အလုံးအရင်းနဲ့ နေရပ်စွန့်ခွာမှု

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

ဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားကာ နိုင်ငံ့ပုံရိပ်ထိခိုက်နေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒါကြောင့် စတုတ္ထနှစ်မှာ သံတမန်တွေအတွက် အဓိက ဦးစားပေးလုပ်ငန်းက နိုင်ငံတော်ရဲ့ပုံရိပ် ပြန်လည်မြှင့်တင်ရေးဟာ ပထမ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအတွက် နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းများထံမှ အကူအညီတွေရရှိရေးနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကြိုးပမ်းဖြေရှင်းတဲ့နေရာမှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ နားလည်မှုနဲ့ အပြုသဘောဆောင်တဲ့ ကူညီပံ့ပိုးမှုတွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ အားပေးထောက်ခံမှုတွေ၊ ကူညီပံ့ပိုးမှုတွေ ဆက်လက်ရရှိအောင် ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ပြည်သူများရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးအတွက်လည်း မိမိတို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနဲ့ နိုင်ငံတကာက ငွေကြေးနှင့် နည်းပညာ အကူအညီများ ရရှိရေးအတွက် ဦးစားပေးဆောင်ရွက်ကြဖို့ လမ်းညွှန်မှာကြားထားခဲ့ပါတယ်။

ဒီရည်မှန်းချက်တွေဟာ နိုင်ငံတော်ရဲ့ပုံရိပ်မြင့်တက်လာတာနဲ့အမျှ အလိုအလျောက် ရရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်အောင် ဖြေရှင်းရန်ကိစ္စကို နိုင်ငံတော်ရဲ့ ပုံရိပ်မြှင့်တင်ရေးအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် ထားရှိနေရခြင်း ဖြစ်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများကို မြှင့်တင်ဖို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်တွေ စီစဉ်ဆောင်ရွက်ပေးခဲ့တဲ့ကိစ္စတွေ သိပါရစေ။**

**ဖြေ။** ။ မိမိတို့ နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်ရာမှာ နှစ်နိုင်ငံချင်းဆက်ဆံရေး၊ ဒေသတွင်းဆက်ဆံရေးနဲ့ နိုင်ငံတကာဆက်ဆံရေး နည်းလမ်းတွေနဲ့ ဖော်ဆောင်လျက်ရှိပါတယ်။ မိမိတို့ဌာနရဲ့ တာဝန်ဟာ နိုင်ငံတော်အကြီးအကဲတွေရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ အောင်မြင်ရေးအတွက် စီစဉ်ဆောင်ရွက်ရတာတွေ၊ ဆွေးနွေးမယ့်အချက်တွေ ပြုစုရတာတွေ၊ ပူးတွဲကြေညာချက်တွေ ညှိနှိုင်းပြင်ဆင်ပေးတာတွေ ဆောင်ရွက်ပေးခဲ့ရပါတယ်။ အစိုးရရဲ့ စတုတ္ထ (၁)နှစ်အတွင်း နိုင်ငံတော်သမ္မတကြီးဟာ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် သမ္မတကြီးအနေနဲ့ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို တက်ရောက်ဖို့ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့တဲ့အပြင် အိန္ဒိယနိုင်ငံသမ္မတရဲ့ ဖိတ်ကြားချက်အရ တရားဝင် ချစ်ကြည်ရေးခရီးအဖြစ်လည်း ဒုတိယအကြိမ် သွားရောက်ခဲ့ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည်လည်း အလုပ်သဘောခရီးစဉ်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ရပ်ဝန်းနှင့်ပိုးလမ်းမ ဖိုရမ်၊ ထိုင်းနိုင်ငံမှာ (၃၄)ကြိမ်မြောက်နဲ့ (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံ ခရီးစဉ်အတွင်း ဂျပန်ဧကရာဇ် နာရူဟီတိုရဲ့ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကိုရီးယားခရီးစဉ်မှာ အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနဲ့ ကိုရီးယား-မဲခေါင် ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်ခဲ့ပါတယ်။ ခရီးစဉ်အသီးသီးမှာ သက်ဆိုင်ရာ နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဥရောပအလယ်ပိုင်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အတွေ့အကြုံကောင်းတွေရှိတဲ့ နိုင်ငံတွေဖြစ်တဲ့ ချက်သမ္မတနိုင်ငံနဲ့ ဟန်ဂေရီနိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံအကြီးအကဲများနဲ့တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများ ဆွေးနွေးခြင်း၊ တက္ကသိုလ်များ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အတွေ့အကြုံများ ဟောပြောပို့ချခြင်း၊ မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဖိုရမ်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ဒီနှစ်မှာ ခရီးစဉ်အချို့ကို ရွှေ့ဆိုင်းဖျက်သိမ်းတာတွေ လုပ်ခဲ့ရပါတယ်။

ဒုတိယသမ္မတ ဦးမြင့်ဆွေရဲ့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် တရုတ်နိုင်ငံခရီးစဉ်ကို အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့ပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေနဲ့ အင်ဒိုနီးရှား အစိုးရသစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ရေးနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့မှာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်နိုင်ရေးအတွက်ကိုလည်း စီစဉ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံသို့ လာရောက်ကြတဲ့ ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အဆင့်မြင့်ပုဂ္ဂိုလ်များရဲ့ ချစ်ကြည်ရေးခရီးစဉ်များကိုလည်း သိပါရစေ။**

ဖြေ။ ။ စတုတ္ထ(၁)နှစ်တာကာလအတွင်းမှာ ကိုရီးယားသမ္မတနိုင်ငံ သမ္မတနဲ့ဇနီး၊ နီပေါနိုင်ငံသမ္မတ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ တရုတ်နိုင်ငံသမ္မတတို့က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်များ အသီးသီးလာရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဆားဘီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ရဲ့ တရားဝင်ခရီးစဉ်များကိုလည်း စီစဉ်ပေးနိုင်ခဲ့ပါတယ်။

ထိုင်း၊ နော်ဝေ၊ ပိုလန်၊ အမေရိကန်၊ မလေးရှား၊ သီရိလင်္ကာ၊ နီပေါ၊ ဖိလစ်ပိုင်၊ တီမောလက်စ်တေ၊ ဗင်နီဇွဲလား၊ ဂျပန်နဲ့ တရုတ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများလည်း တရားဝင်ခရီးစဉ်များ လာရောက်ခဲ့ကြပြီး တစ်နှစ်တာအတွင်း ပြည်ပမိတ်ဖက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့် အလုပ်သဘောခရီးစဉ်ပေါင်း ၃၀ ခန့်ကို အောင်မြင်စွာစီစဉ်ပေးနိုင်ခဲ့ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို အိန္ဒိယသမ္မတနိုင်ငံသမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်နှင့် ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**မေး။ ။ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များက နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပေးနိုင်ပြီး မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနဲ့ ဖွံ့ဖြိုးရေး အထောက်အပံ့များကို ဆောင်ကြဉ်းပေးနိုင်တယ်လို့ သိထားပါတယ်။ အဲ့ဒီအကျိုးရလဒ်တွေထဲက အနည်းငယ်ကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ။ ခရီးစဉ်တိုင်းက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး နိုင်ငံတော်နဲ့ ပြည်သူအတွက် အကျိုးကျေးဇူးကောင်းတွေကို ဖြစ်ပေါ်စေပါတယ်။ အဲ့ဒီထဲကမှ ရလဒ်အချို့ကို နမူနာအဖြစ် ဖော်ထုတ်ပြောကြားလိုပါတယ်။

နိုင်ငံတော်သမ္မတရဲ့ အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူညီချက် ၁၀ ခု လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီလိုလက်မှတ်ရေးထိုးရာမှာ အကျိုးဖြစ်ထွန်းမှုမြန်ဆန်မယ့် စီမံချက်များကို အကောင်အထည်ဖော်ရန် အိန္ဒိယနိုင်ငံမှ အကူအညီပေးရေးနဲ့ ကျန်းမာရေးသုတေသန၊ ဆက်သွယ်ရေး၊ ရေနံထွက်ပစ္စည်းများ၊ လူကုန်ကူးမှုကာကွယ်ရေး စတဲ့ကဏ္ဍတွေ ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်ပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အောက်မှ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ပံ့ပိုးဆောင်ရွက်ပေးဖို့နဲ့ မြန်မာနိုင်ငံမှ ပဲတန်ချိန် လေးသိန်းအထိ တင်ပို့ခွင့်ရရှိရေးကိစ္စများလည်း ပါရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်ဟာ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုတိုးတက်လာစေပြီး သမိုင်းမှာအရေးပါတဲ့ မှတ်တိုင်တစ်ရပ် ဖြစ်ပါတယ်။

### နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် သုံးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အဲ့ဒါတွေကတော့ စီးပွားရေးနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၉-၂၀၃၀)နဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် (၅)နှစ်ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲရေးတို့ဖြစ်လို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအရှိန်ကို မြှင့်တင်ပေးနိုင်မယ့် တွန်းအားများ ဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံသမ္မတရဲ့ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ချေးငွေများဆိုင်ရာ မူဘောင်သဘောတူစာချုပ်နဲ့ ကုန်သွယ်ရေးနဲ့ စက်မှု၊ သိပ္ပံနဲ့နည်းပညာ၊ စီးပွားရေးလုပ်ငန်းသစ်များနဲ့ တီထွင်ဆန်းသစ်မှုစတဲ့ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွက် လှူဒါန်းတဲ့ ကျောင်းကားအစီး ၆၀ အား လွှဲပြောင်းပေးအပ်ခဲ့တဲ့အပြင် မြန်မာ-ကိုရီးယားစက်မှုဇုန် တည်ထောင်မှုဖွင့်လှစ်ပွဲ အခမ်းအနားနဲ့ မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်တို့ကို ကျင်းပနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ အလုပ်သမားများအား တိုးမြှင့်ခေါ်ယူရေး မေတ္တာရပ်ခံခဲ့တဲ့အပေါ် ကိုရီးယားနိုင်ငံမှ သဘောတူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ မြန်မာအလုပ်သမားဦးရေ ၇၀၀၀ ခန့်အထိ တိုးမြှင့်ခေါ်ယူသွားရန်ရှိပါတယ်။

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ရဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးတွင်လည်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၄)နဲ့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံသွားလာမှု ပိုမိုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ၁၄ ရက်ကနေ ၃၀ ရက်အထိ တိုးမြှင့်ဖို့ သံတမန်စာကိုလည်း လဲလှယ်နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်တဲ့ နှစ်(၇၀) ပြည့်မြောက်တဲ့ ယခုနှစ်မှာ တရုတ်နိုင်ငံသမ္မတရဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့တဲ့ ချစ်ကြည်ရေးခရီးဟာ ၁၉ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ်လာရောက်တဲ့ တရုတ်နိုင်ငံသမ္မတအဆင့် ခရီးစဉ်ဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးမှာ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဆင့်မှ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး သာတူညီမျှရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ်အခြေခံတဲ့ မြန်မာ- တရုတ် အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်ရေးအဆင့်သို့ မြှင့်တင်သွားဖို့ သဘောတူညီမှုကို ရရှိခဲ့ပါတယ်။

ခရီးစဉ်အတွင်း သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနဲ့ စာလွှာစုစုပေါင်း ၃၃ ခုတို့ကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံအကြား ကဏ္ဍစုံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုကျယ်ပြန့်စေခဲ့တဲ့ ချစ်ကြည်ရေးခရီး ဖြစ်ပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံအား ဖွံ့ဖြိုးရေးအကူအညီ ထောက်ပံ့ငွေ တရုတ်ယွမ်ငွေ လေးဘီလီယံပေးအပ်ဖို့ကြေညာသွားခဲ့ပါတယ်။

**မေး။ ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၊ နိုင်ငံခြားရေးဆွေးနွေးမှုယန္တရားများ၊ ဖိုရမ်များမှတစ်ဆင့် နှစ်နိုင်ငံချင်းဆက်ဆံရေးတိုးတက်အောင် ဆွေးနွေးဆောင်ရွက်နေမှုများကို သိပါရစေ။**

**ဖြေ။** ။ ကမ္ဘာ့နိုင်ငံတွေနဲ့ နှစ်နိုင်ငံချင်းဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးပွဲ ယန္တရားများကို ပိုမိုတိုးချဲ့တည်ထောင်နိုင်ခဲ့ပါတယ်။ ယခင်က အဆိုပါ နှစ်နိုင်ငံနိုင်ငံခြားရေး ဆွေးနွေးပွဲတွေကို များသောအားဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့သာ ရှိခဲ့သော်လည်း မိမိတို့ အစိုးရလက်ထက်မှာ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ နော်ဝေ၊ ပိုလန်၊ နယူးဇီလန်၊ လစ်သူယေးနီးယားစတဲ့ အနောက်နိုင်ငံတွေနဲ့ပါ တိုးချဲ့တည်ထောင်နိုင်ခဲ့ပါတယ်။

စတုတ္ထ(၁)နှစ်တာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေးအပြင် ကာလအတန်ကြာ ရပ်တန့်နေခဲ့တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတွေနဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးတွေကို ပြန်လည်ကျင်းပပေးနိုင်ခဲ့ပါတယ်။

အလားတူ အိန္ဒိယ၊ နော်ဝေ၊ ဩစတြေးလျ၊ တောင်အာဖရိက၊ လစ်သူယေးနီးယား နိုင်ငံတွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကိုလည်း ကျင်းပနိုင်ခဲ့တဲ့အပြင် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၏ ဝန်ကြီးအဆင့်အစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွေကိုလည်း ပါဝင်တက်ရောက်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးမှုယန္တရားတွေကို တိုးချဲ့တည်ထောင်နိုင်ခဲ့တာကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးနိုင်တဲ့အပြင် မိမိတို့နိုင်ငံရဲ့ အသွင်ကူးပြောင်းဆဲကာလမှာ ကြုံတွေ့နေရတဲ့ သိမ်မွေ့နက်နဲပြီး ရှုပ်ထွေးတဲ့ စိန်ခေါ်မှုတွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေး တိုးတက်အောင် မိတ်ဖက်သစ်နိုင်ငံများနဲ့ သံတမန်ဆက်ဆံရေး တိုးချဲ့ခဲ့တာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတကာမျက်နှာစာမှာ ကမ္ဘာ့နိုင်ငံအများအပြားနဲ့ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ဖို့နဲ့ အပြန်အလှန်ပံ့ပိုးမှုများ ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် မိတ်ဖက်သစ်နိုင်ငံများနဲ့ သံတမန်အဆက်အသွယ်ကို တိုးချဲ့ထူထောင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ(၁)နှစ် တာကာလအတွင်း အာဖရိကနိုင်ငံတွေနဲ့ ချစ်ကြည်ရေးတိုးမြှင့်ဖို့ ဆောင်ရွက်ခဲ့ရာမှာ ဘီနင်သမ္မတနိုင်ငံနဲ့ တိုဂိုသမ္မတနိုင်ငံတို့နဲ့ သံတမန်အဆက်အသွယ် တိုးချဲ့ထူထောင်နိုင်ခဲ့ပါတယ်။ မိမိတို့အစိုးရရဲ့ (၄)နှစ်တာကာလအတွင်း မိတ်ဖက်သစ်နိုင်ငံ ကိုးနိုင်ငံနဲ့ သံတမန်ဆက်သွယ်မှုများ တိုးချဲ့ထူထောင်နိုင်ခဲ့တဲ့အတွက် ယခုအခါ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် နိုင်ငံပေါင်း ၁၂၃ နိုင်ငံနဲ့ သံတမန်ဆက်သွယ်ထားရှိပြီး ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့နဲ့ ကျူးဘားသမ္မတနိုင်ငံ ဟာဗားနားမြို့တို့မှာ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တာကြောင့် လက်ရှိတွင် မြန်မာသံရုံး ၃၇ ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သုံးရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံး စုစုပေါင်း ၄၆ ရုံး ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

**မေး။ ။ အာဆီယံနဲ့ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေတာနဲ့ပတ်သက်ပြီး သိပါရစေ။**

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

**ဖြေ။ ။** မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးမြှင့်တင်နိုင်ဖို့အတွက် အာဆီယံ၊ ဘင်းမ်စတက်နဲ့ မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များစတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှာလည်း အလေးထားပြီး ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ စတုတ္ထ(၁)နှစ်တာကာလအတွင်း အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ ဆွေးနွေးဖက်ဆက်ဆံရေးနိုင်ငံများနဲ့ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့ပါတယ်။

အာဆီယံ ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်တက်ရောက်ခဲ့ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အာဆီယံစီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့တဲ့အပြင် ဒေသတွင်းရှိ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများကို ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အာဆီယံ-ကနေဒါ ဆွေးနွေးဖက် ဆက်ဆံရေးညှိနှိုင်းရေးမှူး နိုင်ငံအဖြစ်လည်း တာဝန်ယူလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းဖန်တီးရေးမှာ အာဆီယံကလည်း စီမံချက် (၇)ခုဖြင့် ကူညီပံ့ပိုးလျက်ရှိပါတယ်။

အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနဲ့ မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် သွားရောက်ခဲ့တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကဏ္ဍစုံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်ရေးအတွက်လည်း အကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်မှာလည်း ပါဝင်လျက်ရှိပြီး ယခုနှစ်မှာ မြန်မာနိုင်ငံအတွက် စီမံကိန်း (၂၂)ခု အကောင်အထည်ဖော်ဖို့အတွက် ဒေါ်လာ (၆ ဒသမ ၈) သန်းခန့် လက်ခံရရှိခဲ့ပါတယ်။

**မေး။ ။ ပြည်ပရောက် မြန်မာနိုင်ငံသားများအကျိုး ကာကွယ်ရေးလုပ်ငန်းတွေနဲ့ ကောင်စစ်ရေးရာလုပ်ငန်းများနဲ့ပတ်သက်ပြီး သိပါရစေ။**

**ဖြေ။ ။** မိမိတို့အစိုးရအနေနဲ့ ပြည်သူရွေးချယ်တင်မြှောက်တဲ့ အစိုးရဖြစ်လာတဲ့အလျောက် ပြည်သူတွေရဲ့ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေး၊ ဝန်ဆောင်မှု ပိုမိုကောင်းမွန်စွာပေးရေးကို အလေးထားတဲ့ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ဆက်ဆံရေးနည်းလမ်းကို ကျင့်သုံးလျက်ရှိပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားများသာမက နိုင်ငံသားဟောင်းတွေရဲ့ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးကြဖို့နဲ့ အဂတိလိုက်စားမှုကင်းရှင်းစွာနဲ့ ဆောင်ရွက်ကြဖို့ မြန်မာသံရုံးတွေကို ညွှန်ကြားထားခဲ့ပါတယ်။ ကဏ္ဍပေါင်းစုံမှာ ဖြေလျှော့ဆောင်ရွက်မှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တာကြောင့် ပြည်ပမှာ အကြောင်းအမျိုးမျိုးနဲ့ ဒုက္ခရောက်လျက်ရှိတဲ့ မြန်မာနိုင်ငံသားများရဲ့ အခက်အခဲပြဿနာများကို လူအင်အား၊ ငွေကြေးအရင်းအမြစ်အင်အား နည်းပါးတဲ့ကြားက ပိုမိုထိရောက်စွာ ကူညီပေးနိုင်ခဲ့ပါတယ်။ အလုပ်လုပ်ကိုင်နေစဉ် အကြောင်းအမျိုးမျိုးကြောင့် သေဆုံး/ထိခိုက်ဒဏ်ရာရရှိသူ မြန်မာအလုပ်သမားများရဲ့ လျော်ကြေးငွေများရရှိအောင်လည်း မြန်မာသံရုံးတွေအနေနဲ့ ကူညီဖြေရှင်း ဆောင်ရွက်ပေးခဲ့ရတာတွေ ရှိပါတယ်။

နယ်စပ်ဒေသမှာ တည်ငြိမ်အေးချမ်းမှုတွေ တိုးတက်လာတဲ့အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ရှိ ယာယီဒုက္ခသည်စခန်းများမှ ဆန္ဒအလျောက် ပြန်လာလိုသူ မြန်မာနိုင်ငံသားတွေကို ပြန်လည်စိစစ်လက်ခံရေးနဲ့ပတ်သက်ပြီး နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းကော်မတီကို ၂၀၁၆ ခုနှစ်ကတည်းက ဖွဲ့စည်းကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ယနေ့အထိ နေရပ်ပြန်လိုသူ ၁၀၄၁ ဦးအား ပြန်လည်စိစစ်လက်ခံနိုင်ခဲ့ပြီး ၎င်းတို့အတွက် လိုအပ်တဲ့ အကူအညီများပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

**နိုင်ငံတော်ဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းရှာဖွေ**

မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများအနေနဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ကောင်စစ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိပါတယ်။ ပြည်ဝင်ဗီဇာ၊ ဝင်ငွေခွန်၊ နိုင်ငံကူးလက်မှတ်ဆောင်ရွက်ခနဲ့ အခြားဆောင်ရွက်ပေးမှုတို့မှ မိမိတို့အစိုးရ စတုတ္ထ (၁)နှစ်အတွင်း ကျပ်သန်းပေါင်း ၃၄၃၂၉ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၆ သန်း) ခန့် ရရှိခဲ့ပါတယ်။

ဒါ့ပြင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဗီဇာစည်းမျဉ်း ဖြေလျှော့မှုတွေကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဂျပန်၊ ကိုရီးယား၊ မကာအို၊ ဟောင်ကောင်တို့က ကမ္ဘာလှည့်ခရီးသည်တွေကို ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အပြင် အီတလီ၊ စပိန်၊ သြစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ရုရှား၊ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံ၊ သြစတြီးယား၊ လူဇင်ဘတ်နဲ့ နယူးဇီလန်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာများကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ဒီလို ဖြေလျှော့မှုတွေကြောင့် ကိုဗစ်-၁၉ ပြဿနာမပေါ်ချိန်အထိ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည်ဦးရေ ထူးထူးကဲကဲ တိုးတက်လာခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင်ဆောင်ရွက်ကြဖို့ ပြည်ပရှိမိမိတို့နိုင်ငံသားတွေကိုဖိတ်ခေါ်ထားတာတွေကို သိပါရစေ။**

**ဖြေ။ ။** မိမိတို့နိုင်ငံရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ ပြည်သူများရဲ့အင်အားနဲ့ ပါဝင်ပံ့ပိုးမှုဟာ လွန်စွာအရေးကြီးတဲ့အလျောက် မိမိတို့နိုင်ငံတော်ရဲ့ အကျိုးပြုလုပ်ငန်းတွေမှာ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ နိုင်ငံသားဟောင်းများအနေနဲ့ မိမိတို့ တတ်သိကျွမ်းကျင်တဲ့ ပညာ၊ အတွေ့အကြုံတွေနဲ့ တတ်အားသမျှ ပါဝင်ကူညီပံ့ပိုး အကျိုးပြုကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ပြည်ပခရီးစဉ်များအတွင်း ဖိတ်ခေါ်ခဲ့ပါတယ်။ နိုင်ငံတော်အတွက် ပါဝင်ကူညီပံ့ပိုး အကျိုးပြုလိုပါက သက်ဆိုင်ရာမြန်မာသံရုံး/မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး/ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သို့ဖြစ်စေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဖြစ်စေ ဆက်သွယ်စာရင်းပေးထားကြဖို့ ဖိတ်ခေါ်ထားပါတယ်။ မိမိတို့ဌာနအနေနဲ့ ဒီကိစ္စကို တိုက်ရိုက်ဆောင်ရွက်ပေးဖို့ ဌာနတစ်ခုကို သီးသန့်တာဝန်ပေးထားပြီး ကူညီပံ့ပိုးလိုတဲ့ နယ်ပယ်နဲ့ ကဏ္ဍရပ်များအပေါ်မူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် အရေးကိစ္စအတွက် စိန်ခေါ်မှုတွေကို နိုင်ငံတကာမျက်နှာစာမှာ တုံ့ပြန်ဆောင်ရွက်နေတဲ့ အခြေအနေတွေကို သိပါရစေ။**

**ဖြေ။ ။** ရခိုင်ပြည်နယ်မှာရှိတဲ့ မတူညီတဲ့ လူမှုအသိုက်အဝန်းများအကြား ပဋိပက္ခများဟာ ၂၀၁၂ ခုနှစ်က တစ်ကျော့ပြန် စတင်ဖြစ်ပွားခဲ့ပါတယ်။ လက်ရှိအစိုးရ တာဝန်ယူတဲ့အချိန်ကစပြီး ရခိုင်ပြည်နယ်အရေးကို ရေရှည်တည်တံ့တဲ့ ဖြေရှင်းမှုရရှိရေးအတွက် နိုင်ငံခြားရေးမူဝါဒမှာ ဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

အစိုးရတာဝန်ယူပြီး နောက်တစ်လမှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သလို နိုင်ငံတကာကလေးစားတဲ့ ဒေါက်တာကိုဖီအာနန်ဦးဆောင်တဲ့ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ တာဝန်ပေးခဲ့ပါတယ်။ ဒီလိုအပြုသဘော တိုးတက်မှုတွေကြောင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာကအပြုသဘော တုံ့ပြန်ခဲ့ကြပါတယ်။ ဒါ့ကြောင့် လွန်ခဲ့တဲ့ (၂၅) နှစ်ဆက်တိုက် အီးယူက နှစ်စဉ်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ တင်သွင်းမှုမပြုဘဲ ရပ်ဆိုင်းလိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဝါရှင်တန်သို့ သွားရောက်တဲ့ခရီးစဉ်အပြီးမှာ အမေရိကန်ကလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ပိတ်ပင်မှုတွေ အားလုံးကို လုံးဝဖယ်ရှားပေးခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံသံတမန်ရေးရာမှာ ထူးခြားတဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုတိုးတက်မှုတွေရလာချိန်မှာ ရခိုင်ကိစ္စကို နိုင်ငံတကာက ပြန်လည်အာရုံစိုက်လာအောင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှာ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှာတစ်ကြိမ် ARSA အကြမ်းဖက်အဖွဲ့က နယ်ခြားစောင့်ရဲစခန်းအများအပြားကို စတင်တိုက်ခိုက်ခဲ့ရာမှ နေရပ်စွန့်ခွာတိမ်းရှောင်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် ဝေဖန်မှုတွေ ပြန်လည်မြင့်မားလာခဲ့ရခြင်း ဖြစ်ပါတယ်။

**ဖိအားလျော့ပါးစေရေးအတွက် သံတမန်နည်းဖြင့်ဆောင်ရွက်**

ဒီဖိအားတွေ လျော့ပါးစေဖို့ သံတမန်နည်းအရ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာမျက်နှာစာအဆင့်မှာ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းတွေနဲ့ ဆောင်ရွက်နေပါတယ်။ အထူးကိုယ်စားလှယ်စေလွှတ်တာတွေလည်း ပြုလုပ်ခဲ့ပါတယ်။

ဒါ့ပြင် နှစ်နိုင်ငံဆွေးနွေးပွဲများမှတစ်ဆင့်လည်း ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားမှုများ ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ-အီးယူ လူ့အခွင့်အရေး ဆွေးနွေးပွဲကို (၅)ကြိမ်၊ မြန်မာ-ဂျပန် လူ့အခွင့်အရေး ဆွေးနွေးပွဲကို (၇)ကြိမ်နဲ့ မြန်မာ-အမေရိကန် လူ့အခွင့်အရေးဆွေးနွေးပွဲကို (၂)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဥရောပသမဂ္ဂနဲ့လည်း ကုန်သွယ်မှုအခွင့်အရေး GSP ရုပ်သိမ်းမှု မပြုရေးအတွက် ဆွေးနွေးပွဲများကို (၄)ကြိမ် ကျင်းပခဲ့ပြီး ရခိုင်ကိစ္စအပါအဝင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကဲ့သို့သော ဒေသအဆင့် အစည်းအဝေးများတွင်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း၊ သံတမန်များအနေနဲ့ နိုင်ငံတကာဖိအားများကို ရှေ့တန်းကနေ ရပ်တည်ဖြေရှင်းပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို သိရှိနားလည်စေဖို့ အထွေထွေညီလာခံ တတိယကော်မတီ၊ လုံခြုံရေးကောင်စီ၊ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများသို့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပြီး ရှင်းလင်းပြောကြားခြင်း၊ မြန်မာနိုင်ငံအပေါ် နားလည်မှုရှိပြီး အပြုသဘော ထိတွေ့ဆက်ဆံလိုတဲ့ မိတ်ဆွေနိုင်ငံများကိုသာမက အမြင်မကြည်လင်တဲ့နိုင်ငံများကိုပါ ချဉ်းကပ်မှုများကိုလည်း ဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ စိန်ခေါ်မှုများရှိသော်လည်း ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ရုံးကို နေပြည်တော်မှာ ဖွင့်လှစ်ခွင့်ပေးထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ပြင် မိမိတို့ နိုင်ငံရဲ့ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ဘာသာရပ်ဆိုင်ရာ အထူးကိုယ်စားလှယ်အချို့နဲ့လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်ဆိုင်ရာ အထူးကိုယ်စားလှယ်နဲ့ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့ရဲ့ မြန်မာနိုင်ငံခရီးစဉ်များကို လက်ခံစီစဉ်ပေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ရင်ဆိုင်နေရတဲ့ သိမ်မွေ့ရှုပ်ထွေးတဲ့ အခြေအနေတွေကို ကျယ်ပြန့်စွာသိရှိနိုင်စေဖို့အတွက် နိုင်ငံတကာမျက်နှာစာမှာ ကြိုးပမ်းဆောင်ရွက်နေသလို အသိုက်အဝန်းများအကြား တင်းမာမှုတွေလျော့ပါးစေဖို့၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိပါက ပြည်တွင်းဥပဒေနဲ့အညီ အရေးယူဖို့၊ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေး အောင်မြင်ဖို့နဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ် ပေါ်ထွက်ဖို့အတွက်လည်း သက်ဆိုင်ရာဌာနများနဲ့ ပြည်တွင်းမှာလည်း ညှိနှိုင်းကြိုးပမ်းဆောင်ရွက်နေပါတယ်။

မိမိတို့အနေနဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အတတ်နိုင်ဆုံး အကောင်အထည်ဖော်လျက်ရှိသလို နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ လက်မှတ်ရေးထိုးထားတဲ့ နှစ်နိုင်ငံ သဘောတူညီချက် (၃)ခုနဲ့အညီ နှစ်နိုင်ငံချင်း ဖြေရှင်းရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါပေမယ့် တစ်ဖက်နိုင်ငံကတော့ နှစ်နိုင်ငံချင်း သဘောတူညီချက်အတိုင်း ဖြေရှင်းရေးထက် နိုင်ငံတကာက ဖိအားပေးတဲ့နည်းနဲ့ဖြေရှင်းဖို့ ကြိုးစားနေတဲ့အတွက် ပြဿနာဖြေရှင်းရေးမှာ ရှေ့မတိုးနိုင်တာကို တွေ့ရပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ဖို့အတွက်လည်း UNDP၊ UNHCR နဲ့ အာဆီယံနဲ့ မိတ်ဖက်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဘက်ပေါင်းစုံဖြင့်ကြိုးပမ်း၍ဖော်ထုတ်ပြသ**

ထို့ပြင် ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာမှာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများမှာ ဒေသတွင်းအဖွဲ့ရဲ့အင်အားကို ရယူအသုံးပြုဖို့ အာဆီယံနဲ့ AHA Centre အား ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ပြည်တွင်းရှိ နေရပ်စွန့်ခွာသူတွေရဲ့ ယာယီစခန်းတွေကို စနစ်တကျပိတ်သိမ်းဖို့ မဟာဗျူဟာကိုလည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ်ပေါ်ထွက်ဖို့ ဆောင်ရွက်ရာမှာ အသိုက်အဝန်းများအကြား သဟဇာတဖြစ်ဖို့က ပဓာနကျတဲ့ အလျောက် မောင်တောဒေသမှာ အသိုက်အဝန်းများအကြား ညီညွတ်စေရေး စီမံချက်တစ်ရပ် အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိပါကလည်း တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေဖို့အတွက် အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှ သံအမတ်ကြီး Manalo ဦးဆောင်တဲ့ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICoE)ကို တည်ထောင်ပေးခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်မှာ ယင်းကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ အပြီးသတ်အစီရင်ခံစာကို ပေးအပ်ခဲ့ပြီး ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနဲ့ တရားစွဲဆိုမှုများ ပြုလုပ်သွားဖို့ ကော်မရှင်ရဲ့ အစီရင်ခံစာအပြည့်အစုံကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ အထူးကဏ္ဍ [ ဃ ] သို့ »»»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

မိမိတို့ရဲ့ ဒီလိုဘက်ပေါင်းစုံမှ အားထုတ်ကြိုးပမ်းနေမှုကြောင့် မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်နိုင်ဖို့ နယူးယောက်မြို့ ကုလသမဂ္ဂအထွေထွေညီလာခံ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ ကြိုးပမ်းနေမှုများကို ယနေ့ထိ ဟန့်တားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား လူမျိုးသုဉ်းမှုတားဆီးရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်ဖြင့် ဖိအားပေးလာခဲ့ခြင်း ဖြစ်ပါတယ်။

ယင်းကိစ္စနဲ့ပတ်သက်ပြီး သည်ဟိဂ်မြို့ရှိ ICJ ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကြားနာပွဲပြုလုပ်ခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဦးဆောင်တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စ ပကတိ အခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ICJ က ချမှတ်ထားတဲ့ ယာယီအစီအမံများနဲ့ ပတ်သက်လို့ အစီရင်ခံစာ တင်သွင်းရေးကိစ္စ၊ တရားစီရင်မှုရင်ဆိုင်ရေးကိစ္စတို့မှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို လိုအပ်တဲ့ ကူညီပံ့ပိုးမှုများ ပေးလျက်ရှိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ စာချုပ်များနဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို သိပါရစေ။**

**ဖြေ။ ။** မိမိတို့အစိုးရအနေနဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ပတ်သက်လို့ နိုင်ငံတကာနဲ့ တက်ကြွစွာ လက်တွဲဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာစာချုပ်စာတမ်းတွေမှာ တိုးမြှင့်ပါဝင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုမှာ ကလေးသူငယ်များရဲ့ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (OPAC-CRC) သို့ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှာ အတည်ပြုပါဝင်ခဲ့ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရန် ကျန်ရှိသော စာချုပ်များအနက် အရပ်ဘက်နဲ့ နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်(International Covenant on Civil and Political Rights – ICCPR)သို့ လက်မှတ်ရေးထိုး ပါဝင်နိုင်ရေး အတွက်လည်း စာချုပ်အား လေ့လာခြင်း၊ အသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ မြန်မာသံရုံး/အဖွဲ့ရုံးတွေက မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့နိုင်ငံများသို့ သံတမန်နည်းအရ စည်းရုံးချဉ်းကပ်မှုတွေ ပြုလုပ်နိုင်ခဲ့တာကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်စေရေး အတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၃ ခုနှစ်သက်တမ်းအတွက် အာရှပစိဖိတ်အုပ်စုအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင်ရွေးကောက်ပွဲသို့ မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာလည်း မဲပေးပိုင်ခွင့်ရှိတဲ့ အဖွဲ့ဝင်(၁၈၀)နိုင်ငံအနက် (၁၄၂) နိုင်ငံရဲ့ ထောက်ခံမှုဖြင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။

**မေး။ ။ နယ်နိမိတ်ကိစ္စတွေမှာ ဆောင်ရွက်ပေးနိုင်ခဲ့တာတွေကို သိပါရစေ။**

**ဖြေ။ ။** နောင်လာမယ့် မျိုးဆက်သစ်များအား ကောင်းမွန်တဲ့ အမွေအနှစ်တွေ ချန်ထားရစ်နိုင်ဖို့အတွက် ယခင်အစိုးရ အဆက်ဆက်က ပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့တဲ့ နယ်နိမိတ် တိုင်းတာသတ်မှတ်ရေး ကိစ္စများကို ယခုကဲ့သို့ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေး အကောင်းဆုံးအချိန်မှာ ဦးစားပေးဆောင်ရွက်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှုပေးထားခဲ့ပါတယ်။ နှစ်နိုင်ငံအကြား နယ်နိမိတ်ပီပြင်ရှင်းလင်းအောင် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုဖြစ်ရပ်တွေကို ကာကွယ်တားဆီးသွားနိုင်မှာ ဖြစ်ပါတယ်။




၁၄-၆-၂၀၁၉ ရက်နေ့က ပဉ္စမအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲ ကျင်းပစဉ်။

မိမိတို့အစိုးရလက်ထက်မှာ မြန်မာနဲ့ ထိုင်းနိုင်ငံအကြား မဲဆိုင်-မဲဟောက်ချောင်း ပုံသေနယ်နိမိတ်တစ်လျှောက်မှာ လူနေထူထပ်လာမှုကြောင့် ကျူးကျော်ပြဿနာများ ထပ်မံဖြစ်ပေါ်ခြင်းမရှိစေရန်နဲ့ နယ်နိမိတ်သွယ်တန်းမှု ရှင်းလင်းထင်ရှားစေရန်အတွက် ၂၀၁၇-၂၀၁၈ ကွင်းဆင်းရာသီနဲ့ ၂၀၁၈-၂၀၁၉ ကွင်းဆင်းရာသီတို့တွင် နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ထပ်တိုးမှတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းတွေကို နှစ်ဖက်နည်းပညာကျွမ်းကျင်သူများပူးတွဲ၍ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်း နယ်နိမိတ်တိုင်းတာရေး သဘောတူညီချက် တစ်ရပ် ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး အတွက် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အဆင့် အစည်းအဝေးကို ကျင်းပခဲ့ပြီး နှစ်ဖက် အမြင်ကွာဟမှုများကို လျှော့ချနိုင်ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နှင့် ၁၄၆ အကြားမှာ နှစ်နိုင်ငံပူးတွဲ၍ ထပ်တိုးမှတ်တိုင် ၃၈ တိုင်ကိုလည်းကောင်း၊ မှတ်တိုင် ၈၀ နှင့် ၈၂ အကြားတွင် ထပ်တိုးမှတ်တိုင် ၃၆ တိုင်ကိုလည်းကောင်း စိုက်ထူပြီးစီးခဲ့ပါတယ်။ မပြီးပြတ်သေးသော ကဘော်ချိုင့်ဝှမ်းနယ်နိမိတ်တိုင် ၉ တိုင် ကိစ္စရပ်များနှင့် ပတ်သက်၍လည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မြေတိုင်းညွှန်ကြားရေးမှူးများ အစည်းအဝေးကို အိန္ဒိယနိုင်ငံ မိုရေးမြို့၌ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေး သဘောတူညီချက်အရ နှစ်နိုင်ငံ နယ်နိမိတ် မှတ်တိုင်များကိုလည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်ကစတင်ပြီး နှစ်ဖက်ပူးတွဲ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ် နယ်နိမိတ်ကတော့ တိုင်းတာသတ်မှတ်ပြီးဖြစ်ပေမယ့် နယ်နိမိတ် မှတ်တိုင်တွေ ပူးတွဲစစ်ဆေးမှု မပြုလုပ်နိုင်ခဲ့တာ (၂၃)နှစ်ကျော်သွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့အစိုးရလက်ထက်မှာ မြန်မာ-တရုတ် တတိယအကြိမ် နှစ်နိုင်ငံပူးတွဲကွင်းဆင်း စစ်ဆေးမှုတွေ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို နှစ်နိုင်ငံ တစ်လှည့်စီ အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိပါတယ်။ တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ် ပူးတွဲစစ်ဆေးရေးအတွက် နယ်နိမိတ်တစ်လျှောက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်သွားကြဖို့ သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များကို ပြည့်မြောက်အောင်အကောင်အထည်ဖော်ပေးနိုင်တဲ့ သံတမန်ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးနေမှုတွေကိုလည်း သိပါရစေ။**

**ဖြေ။ ။** ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်များကို ရရှိရေးအတွက် သံခင်းတမန်ခင်းအရ ကြိုးပမ်းဆောင်ရွက်ကြရာမှာ အရည်အသွေး ထက်မြက်တဲ့ သံတမန်ကောင်းတွေ လိုအပ်ပါတယ်။ ဒါကြောင့် သံတမန်ဝန်ထမ်းများ အင်အားတိုးချဲ့ခန့်အပ်ခြင်း၊ သံတမန်များရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့ ပြည်တွင်း၊ ပြည်ပ သင်တန်းများ စီစဉ်ပေးခြင်း၊ မြန်မာသံရုံးများအနေနဲ့ လုပ်ငန်းတာဝန်များ အောင်မြင်စေဖို့ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ကို အလေးပေးဆောင်ရွက်ပေးခဲ့ပါတယ်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၁၃၀) ဦးတို့ကို ပြည်ပသင်တန်းများသို့ ပညာသင်များ စေလွှတ်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ဌာနတွင်းသင်တန်းများအဖြစ် သံတမန်တာဝန် ထမ်းဆောင်ကြမယ့် ဝန်ထမ်းများအား လုပ်ငန်းပိုင်းဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ဗဟုသုတများ ကြွယ်ဝစေရေးနဲ့ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု ပိုမိုမြင့်မားစေရေးအတွက် အင်္ဂလိပ်စာနှင့် နိုင်ငံခြားရေးရာ ကျွမ်းကျင်မှုသင်တန်းတွေ စကားပြန်/ဘာသာပြန် သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဝန်ကြီးဌာနနဲ့ အခြားဌာနများမှ အစိုးရဝန်ထမ်းများ၊ ပြင်ပလုပ်ငန်းရှင်များ၊ ဘွဲ့ရလူငယ်များအတွက် အစိုးရသက်တမ်း စတုတ္ထ(၁)နှစ်တာကာလ အတွင်း အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းကို (၂)ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား စုစုပေါင်း (၄၀၀)ဦးကို သင်ကြားပေးနိုင်ခဲ့တဲ့အပြင် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းကိုလည်း (၂)ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်။ သံတမန်ဝန်ထမ်းများရဲ့ ဇနီးသည်တွေအတွက်ကိုလည်း ပြည်ပမြန်မာသံရုံးတွေမှာ လက်တွေ့အသုံးဝင်စေမယ့် ဝတ်စားဆင်ယင်မှု၊ မြန်မာ့အစားအစာ အချက်အပြုတ်၊ ကျွေးမွေးဧည့်ခံရေးလုပ်ငန်း တွေကိုပါ သင်ကြားပေးခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပုံရိပ်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာမှာ ပြည်ပမှာရှိတဲ့ သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ သံတမန်များ အနေနဲ့ မြန်မာနိုင်ငံရဲ့ ဖြစ်ရပ်မှန်အခြေအနေများကို ရှင်းလင်းပြောကြားရုံသာမက မြန်မာနိုင်ငံရဲ့ အပြုသဘော တိုးတက်မှုတွေဖြစ်တဲ့ သဘာဝသယံဇာတ ကြွယ်ဝမှု၊ ရိုးရာယဉ်ကျေးမှု၊ အနုပညာ၊ နိုင်ငံရဲ့သာယာလှပမှုနဲ့ ပြည်သူတို့ရဲ့ ပျူငှာဖော်ရွေမှုတွေကိုပါ တာဝန်ထမ်းဆောင်ရာဒေသက ပြည်သူများသိရှိအောင် သိမ်မွေ့စွမ်းအား(Soft Power)ကို အသုံးချပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်စေခြင်းဟာလည်း မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကို ပိုမိုသိရှိနားလည်လာစေရေးအတွက် အခြေအနေကောင်းတစ်ရပ် ဖြစ်ပါတယ်။

**မေး။ ။ မြန်မာသံတမန်ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမှု အစီအမံများ သိပါရစေ။**

**ဖြေ။ ။** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ မြန်မာသံတမန်များ လုပ်ငန်းတာဝန်များကို အာရုံစိုက်ဆောင်ရွက်နိုင်ရေးအတွက် သံရုံးဝန်ထမ်းများနဲ့ မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာသင်စရိတ်ထောက်ပံ့ရေးကိစ္စရပ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ပြည်ပရှိ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံး (၄၆)ရုံးအနက် စုစုပေါင်း (၂၄)ရုံးမှ ဝန်ထမ်းများနဲ့ မိသားစုဝင်များအတွက် ကျန်းမာရေး အာမခံထားခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

သံတမန် သားသမီးများအနေနဲ့ ပြည်ပရောက်ခိုက် သင်ယူလေ့လာတဲ့ ပညာရပ်များဖြင့် အမိနိုင်ငံကို ပြန်လည်အကျိုးပြုနိုင်ကြတဲ့ အနာဂတ်မျိုးဆက်သစ်များ ဖြစ်လာစေရန် အတွက် အသက် (၅)နှစ်မှ (၁၈)နှစ် အထိ သံတမန်ဝန်ထမ်း သားသမီး စုစုပေါင်း (၅၇) ဦးအတွက် ကျောင်းလခရဲ့ (၃)ပုံ (၂)ပုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါတွေဟာ သံတမန်တွေ လုပ်ငန်းချောမွေ့စေရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးရာမှာ ထူးခြားတဲ့ တိုးတက်မှုတစ်ခု ဖြစ်ပါတယ်။

ဒ့ါအပြင် မြန်မာသံရုံး၊ အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးများ သံတမန် ဂုဏ်သိက္ခာ အဆင့်နဲ့အညီ တင့်တယ်မှုရှိစေရေးအတွက် သက်တမ်းကြာမြင့်နေတဲ့ သံရုံးအဆောက်အအုံများကို ပြန်လည်မွမ်းမံထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းတွေ ဦးစားပေးဆောင်ရွက်နေပါတယ်။ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့မှာရှိတဲ့ နိုင်ငံပိုင်မြေကွက်ပေါ်မှာ သံရုံးအဆောက်အအုံနှင့် သံရုံးအကြီးအကဲနေအိမ်နဲ့ ဝန်ထမ်းအိမ်ရာအသစ်တို့ကို ဆောက်လုပ်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နယူးဒေလီမြို့ မြန်မာသံရုံး မြန်မာဂေဟာ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးဝင်းရှိ အဆောက်အအုံဟောင်းနဲ့ ဂျာမနီနိုင်ငံ ဘာလင်မြို့ မြန်မာသံရုံးအဆောက်အအုံတို့ကို အကြီးစားပြုပြင်မွမ်းမံ တည်ဆောက်မှုတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။

**မေး။ ။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားလိုတဲ့ အချက်များရှိပါက သိရှိပါရစေ။**

**ဖြေ။ ။** ရှေ့ပိုင်းမှာ တင်ပြခဲ့တဲ့အတိုင်း မိမိတို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံရဲ့ ရည်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်စေရေး အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဘက်ကနေ ပံ့ပိုးဆောင်ရွက်ပေးနေရတာ ဖြစ်ပါတယ်။ သံတမန်လုပ်ငန်း တိုးတက်အောင်မြင်မှုကို လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း နိုင်ငံတကာဆက်ဆံရေး တိုးတက်မှုကြောင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကဖြစ်စေ ရရှိတဲ့ကူညီပံ့ပိုးမှုတွေ၊ အကျိုးအမြတ်တွေကို တခြားသက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းတွေမှာ အကျိုးခံစားရတာ ဖြစ်ပါတယ်။ ယနေ့အထိ မိမိတို့အစိုးရရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ကူးပြောင်းရေးနဲ့ ပြည်သူတွေအားလုံး လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာရဲ့ ထောက်ခံအားပေးမှု၊ ကူညီပံ့ပိုးမှုတွေကို ဆက်လက်ရရှိနေဆဲ ဖြစ်ပါတယ်။

နိုင်ငံတကာရှေ့တန်း မျက်နှာစာတွေမှာ သံတမန်နည်းအရ ရင်ဆိုင်ဖြေရှင်းမှုတွေ အောင်မြင်မှုရရှိဖို့အတွက် ပြည်တွင်းမှာ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုရှိရေးဟာလည်း အဓိကကျပါတယ်။ ပြည်တွင်းမှာ ဖြစ်ပေါ်တိုးတက်မှုတွေမရှိဘဲ သံတမန်တွေအနေနဲ့ ထိထိရောက်ရောက် ရှင်းလင်းတုံ့ပြန်ဖြေရှင်းနိုင်ဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ ယခု နိုင်ငံတကာနဲ့ ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းမှုမှာ အဟန့်အတားဖြစ်နေတဲ့ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် တုံ့ပြန်ရာမှာ မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ ရှုပ်ထွေးသိမ်မွေ့တဲ့ အခြေအနေအမှန်တွေကို နိုင်ငံတကာက သိရှိလာအောင် နိုင်ငံတကာ မျက်နှာစာမှာ ကြိုးပမ်းဆောင်ရွက်နေသလို မတူကွဲပြားတဲ့ အသိုက်အဝန်းများအကြား တင်းမာမှုတွေ လျှော့ပါးစေဖို့၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိပါက ပြည်တွင်းဥပဒေနဲ့အညီအရေးယူဖို့၊ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အောင်မြင်ဖို့နဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ်ပေါ်ထွက်ဖို့အတွက် ပြည်တွင်းမှာလည်း ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

အသွင်ကူးပြောင်းစ နိုင်ငံတိုင်းသည် အခက်အခဲများနှင့် ကြုံတွေ့ရစမြဲဖြစ်တာမို့ မည်သည့်ပြဿနာကိုမဆို ပြည်သူများအားလုံးရဲ့ ညီညွတ်မှုစွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းမယ်ဆိုရင် ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ သံတမန်နည်းလမ်းဖြင့် ဖြေရှင်းမှု၏ အောင်မြင်ရေးသည်လည်း သံတမန်တွေအပေါ်မှာသာမက မြေပြင်အခြေအနေ တိုးတက်လာစေဖို့အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုရဲ့ ပါဝင်ကူညီ ပံ့ပိုးမှုသည်လည်း အရေးကြီးပါတယ်ဆိုတဲ့အကြောင်းကို နိဂုံးချုပ်အနေနဲ့ ပြောကြားလိုပါတယ်။ ။